# THE STRUGGLE

08
DECEMBER
2023

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး (လီနင်)



## အောက်တိုဘာ တော်လှန်ရေးလမ်းကို ဆက်လျှောက်ကြ

# THE STRUGGLE CONTENTS

DECEMBER 2023 08

တော်လှန်ရေးသီအိုရီမရှိဘဲ၊ တော်လှန်ရေးလှုပ်ရှားမှုမရှိနိုင်ဘူး (လီနင်)


03 We Are Bolsheviks

အယ်ဒီတာ့အာဘော်

08 On Israel-Palestine: Marxist Perspectives


20 Burma : barbarism, crime, war and the urgent need for socialism

27 ၁၀၂၇ စစ်ဆင်ရေး၊ စစ်ကောင်စီ ခါးပိုက်ဆောင်ဒုစရိုက်ဂိုဏ်းများ၊ မျက်နှာနှစ်ဖက်နဲ့ တရုတ် အစိုးရ

33 ရုရှား မော့(က်စ်)ဝါဒမွေးဖွားလာခြင်း

43 ကွန်မြူနစ်တစ္ဆေ

48 ကွန်မြူနစ်တွေက အကုန်ဘုံပိုင် လုပ်ပစ်ကြမှာလား



# We Are Bolsheviks

## EDITORIAL

စက်တင်ဘာ ၇ ရက်နေ့မှာ နောက်ဆုံးထွက်ခဲ့တဲ့ The Struggle မဂ္ဂဇင်းကို အောက်တိုဘာ တော်လှန်ရေး နှစ်ပတ်လည် နိုဝင်ဘာ ၇ ရက်နေ့မှာ issue အသစ်ထွက်ဖို့ ရည်မှန်းခဲ့ပေမယ့် အကြောင်းကြောင်းကြောင့် မထွက်နိုင်ခဲ့ပါဘူး။ ဒီနှစ်လကျော်အတွင်း ဖြစ်ရပ်တွေကလဲ အလျင်အမြန် ပြောင်းလဲလျက်ရှိတယ်။

### The epoch of imperialist decay

ဒီကနေ့ခေတ်ကို imperialist epoch လို့ ခေါ်ပါတယ်။ နယ်ချဲ့စနစ်ဆိုတာ အရင်းရှင်စနစ်ရဲ့ အမြင့်ဆုံးအဆင့်။ အရင်းရှင်စနစ်ဟာ နုပျိုစဉ်က ကုန်လုပ်စွမ်းအားစုတွေကို တဟုန်ထိုး တိုးတက်ဖွံ့ဖြိုးစေခဲ့ပေမယ့် နှစ်ဆယ်ရာစု ရောက်လာတဲ့အခါ လက်ဝါးကြီးအုပ်အဆင့် (monopoly capitalism) ကို ရောက်လာခဲ့တယ်။ အရင်းရှင်စနစ်ရဲ့ တိုးတက်မှု အခန်းကဏ္ဍ ကုန်ဆုံးသွားပြီး ကုန်လုပ်စွမ်းအားစု တိုးတက်ဖွံ့ဖြိုးမှုကို တားဆီးပိတ်ပင်လာတယ်။ ဒီလို အမြင့်ဆုံးအဆင့်၊ နောက်ဆုံးအဆင့်ကို တက်လှမ်းခဲ့ပြီဖြစ်တဲ့ ဇရာအို အရင်းရှင်စနစ်ဟာ ယိုယွင်းစပြုလာတယ်။

အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်ရဲ့ ယိုယွင်းပျက်စီးမှုကို နှစ်ဆယ်ရာစုအတွင်း ကမ္ဘာစစ်ကြီးနှစ်ခုက သက်သေထူလျက်ရှိတယ်။ မျက်မှောက်ခေတ် ကမ္ဘာ့အရင်းရှင်စနစ်၊ နယ်ချဲ့စနစ်ရဲ့ 'senile decay' ကို ယူကရိန်း စစ်ပွဲ၊ အစ္စရေးနိုင်ငံတော်က ပါလက်စတိုင်း ပြည်သူတွေအပေါ် ကျူးလွန်နေတဲ့ လူမျိုးတုန်း သတ်ဖြတ်ပွဲကြီးတွေက ထင်ဟပ်ဖော်ပြနေတယ်။

ဇိုင်ယင်နစ်(စ်) အစ္စရေး နိုင်ငံတော်ရဲ့ ဂျီနိုဆိုက် သားသတ်ပွဲကြီးကို အမေရိကန်၊ ဗြိတိန်၊ ပြင်သစ် အစရှိသော အရင်းရှင်နယ်ချဲ့ အစိုးရတွေက တခဲနက် အားပေးထောက်ခံနေကြတယ်။ ဇိုင်ယင်နစ်(စ်) နိုင်ငံတော်ကို ဒေါ်လာ ဘီလျံနဲ့ချီ စစ်လက်နက်တွေ ပံ့ပိုးထားတဲ့ သူတို့လက်မှာ ပါလက်စတိုင်း ပြည်သူတွေရဲ့ သွေးစွန်းနေပြီ။ ဒါတင်မကသေး၊ ပါလက်စတိုင်း ပြည်သူတွေဘက်က ရပ်တည်သော လူထုဆန္ဒပြပွဲကြီးတွေကို တားဆီးပိတ်ပင်နေတာလဲ ယူကရိန်းကို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် စစ်ရေးအကူအညီ ပေးနေရပါတယ်ဆိုတဲ့ အနောက်အရင်းရှင် ကမ္ဘာက အစိုးရတွေပါပဲ။ သူတို့ပါးစပ်က ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး စကားပြောဖို့ လုံးဝမထိုက်တန်။

### စစ်၊ တော်လှန်ရေးနဲ့ တန်ပြန်တော်လှန်ရေး

ကမ္ဘာ့အရင်းရှင်စနစ် အကျပ်အတည်းနဲ့ စစ်ဟာ ခွဲလို့ မရသလို စစ်နဲ့ တော်လှန်ရေးဟာလဲ ဒွန်တွဲလျက်ရှိတယ်။

ပထမ ကမ္ဘာ့စစ်နဲ့အတူ ရုရှား အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေးကြီး ပေါက်ဖွားလာခဲ့တယ်။ အောက်တိုဘာ တော်လှန်ရေးနဲ့ မရှေးမနှောင်းမှာပဲ ၁၉၁၈ နှစ်မကုန်ခင် ဂျာမန် တော်လှန်ရေး ဖြစ်ခဲ့တယ်။ ဒီတော်လှန်ရေးကြီးတွေကြောင့် ပထမကမ္ဘာစစ် အဆုံးသတ်ခဲ့ရခြင်း ဖြစ်တယ်။

စဉ်းစားကြည့်ပါ။ ရုရှား အောက်တိုဘာ တော်လှန်ရေး မဖြစ်ခဲ့ရင်၊ ဂျာမန် တော်လှန်ရေး မရှိခဲ့ရင် ပထမကမ္ဘာစစ်ဟာ ဘယ်အထိ တာရှည်နေဦးမလဲ။

စစ်နဲ့တော်လှန်ရေးဟာ ဒွန်တွဲနေသလို တော်လှန်ရေးနဲ့ တန်ပြန်တော်လှန်ရေးဟာလဲ ပူးကပ်လျက်ရှိတယ်။ ရုရှား အောက်တိုဘာ တော်လှန်ရေးဟာ သွေးမြေမကျခဲ့ရဘဲ ဆုံးရှုံးမှုအနည်းဆုံးနဲ့ အောင်ပွဲရခဲ့တယ်။ ဒီအချက်ကို အတော်တော်များများက လစ်လျူရှုထားကြတယ်။ ဘော်ရှီဗစ်တွေ ခေါင်းဆောင်တဲ့ တော်လှန်ရေးလို့ ကြားလိုက်ရင် အကြမ်းဖက် တော်လှန်ရေးကြီးလို့ ထင်နေကြတာများတယ်။ တကယ်တော့ အောက်တိုဘာ တော်လှန်ရေးဟာ နှိုင်းရအားဖြင့် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အောင်ပွဲခံနိုင်ခဲ့တဲ့ တော်လှန်ရေး ဖြစ်ပါတယ်။

တော်လှန်ရေးအောင်ပြီးလို့ တန်ပြန်တော်လှန်ရေးကာလ၊ ပြည်တွင်းစစ်ကာလရောက်မှ သွေးချောင်းစီးခဲ့ရခြင်း ဖြစ်တယ်။ တော်လှန်ရေးကနေ ဖြုတ်ချခံလိုက်ရတဲ့ သွေးစုပ်သူ လူတန်းစားဟောင်းဟာ အခွင့်ထူးခံ အခြေအနေ၊ ဓနဥစ္စာနဲ့ အာဏာကို လွယ်လွယ်နဲ့ အဆုံးရှုံးမခံနိုင်ဘူး။ အလားတူပဲ၊ ကမ္ဘာ့သမိုင်းမှာ ပထမဆုံး အောင်ပွဲခံနိုင်လိုက်တဲ့ ဆိုရှယ်လစ် တော်လှန်ရေးကို အရင်းရှင် နယ်ချဲ့ပါဝါတွေကလဲ လက်ပိုက်ကြည့်မနေနိုင်ပါဘူး။ ဒါ့ကြောင့် သူတို့ကိုယ်တိုင် ဆိုဗီယက် အလုပ်သမား နိုင်ငံတော်ကို စစ်တပ်နဲ့ ဝင်ကျူးကျော်တိုက်ခိုက်ကြတယ်။ ရုရှား အုပ်စိုးသူ လူတန်းစားအဟောင်းကို ငွေကြေး၊ လက်နက် ထောက်ပံ့ပေးရင်း တန်ပြန်တော်လှန်ရေးကို အားတက်သရော ကူညီပေးခဲ့ကြတယ်။ ဒါ့ကြောင့် တော်လှန်ရေးမှာ သွေးမြေမကျခဲ့ရတဲ့ ဆိုဗီယက်မြေဟာ တန်ပြန်တော်လှန်ရေးကြောင့် သွေးချောင်းစီးခဲ့ရတယ်။

သင်ခန်းစာ ယူတတ်မယ်ဆိုရင် 'အရင်းရှင်နယ်ချဲ့ပါဝါတွေသည် တော်လှန်ရေးကို ကူညီလေ့မရှိ၊ တန်ပြန်တော်လှန်ရေးကိုသာ အားတက်သရော ကူညီလေ့ရှိသည်'။

## Foresight over astonishment

အမေရိကန်က ယူကရိန်းကို ကူညီတာမြင်ပြီး တချို့က အားကျတယ်။ အမေရိကန်ဟာ ကမ္ဘာပေါ်က အင်အားအကြီးဆုံး အရင်းရှင်နယ်ချဲ့ပါဝါမှန်း နားမလည်ကြဘူး။ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက် ယူကရိန်းကို ကူညီနေသလို ထင်ခဲ့ကြတယ်။ ယူကရိန်းစစ်ပွဲက တကယ်တော့ ရုရှားနဲ့


Image -Evelyn Hockstein/Reuters

နေတိုး စစ်အုပ်စုကြားက proxy war လို့ ကျနော်တို့ ရေးခဲ့တယ်။ အနောက်နိုင်ငံတွေမှာ 'ယူကရိန်း fatigue' ရနေပြီလို့ သတိပေးခဲ့ဖူးတယ်။

Time မဂ္ဂဇင်း မျက်နှာဖုံးမှာ ဇယ်လင်စကီးရဲ့ ပြောစကားကို အခုလို ဖော်ပြထားတယ်။

"Nobody believes in our victory like I do. Nobody"

ကွန်မြူနစ်တွေရဲ့ သုံးသပ်ချက် မဟုတ်ပါဘူး။ အမေရိကရောက် ယူကရိန်း သမ္မတရဲ့ ညည်းတွားသံ ဖြစ်ပါတယ်။ ယူကရိန်း စစ်ပွဲကို ဆက်ထောက်ပံ့ပေးဖို့ အများပြည်သူက မကြည်ဖြူတော့ဘူး။ ဒီသဘောထားကို မြင်တွေ့လာရတာ လအတော်ချီနေပြီ၊ ဇယ်လင်စကီးရဲ့ အခုနောက်ဆုံး အမေရိကန် ခရီးစဉ်က အမေရိကန် အခွန်ထမ်း ပြည်သူတွေရဲ့ စစ်ထောက်ခံမှု ပြန်တက်လာအောင် မလုပ်နိုင်ခဲ့ဘူးလို့ တိုင်း(မ်)မဂ္ဂဇင်းရဲ့ အဲဒီမျက်နှာဖုံး အထူးဆောင်းပါးမှာ ရေးထားပါတယ်။

ကျနော်တို့ မာ့(က်စ်)ဝါဒီတွေ အစောကြီးကတည်းက သုံးသပ်ဝေဖန်ခဲ့သလိုပါပဲ။ ဒါဟာ [Marxist] သီအိုရီရဲ့ အားသာချက် နမူနာတခုလို့ ပြောရလိမ့်မယ်။

တော်လှန်ရေးဟာ တချီတည်းနဲ့ နေ့ချင်းညချင်း ပြီးဆုံးသွားတဲ့အရာ မဟုတ်ဘူး၊ process တခုပဲ။ ဒါ့ကြောင့် အောင်ပွဲရတာ ရှိသလို အရေးနိမ့်မှု ရှိတယ်၊ ဒီရေအတက်ကာလ ရှိသလို အနိမ့်ကာလ ရှိတယ်။ ရှေ့ကို ခုန်ကူးသွားနိုင်သလို နောက်ကို ပြန်ခေါက်ကျတာလဲ ရှိတယ်။ ဒီလို ရှုပ်ထွေးခက်ခဲတဲ့ ဖြစ်စဉ်တခုအတွင်း ဒီရေမြင့်ကာလကို အမိအရ ဖမ်းဆုပ်နိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ ဒီရေမြင့်ကာလဆိုတာ အချိန်အကြာကြီး မတည်ရှိနိုင်သလို အဖိနှိပ်ခံ လူထုကလဲ အချိန်ပြည့် တောက်လောင်အုံကြွမနေနိုင်ဘူး။ ဒါ့ကြောင့် အဲသလို အခိုက်အတန့်အတွင်း 'trials and errors' မှဆိုးစိုင်သင်နည်းနဲ့ သင်နေဖို့ အချိန်မရနိုင်ဘူး။ ဒါ့ကြောင့် မာ့(က်စ်)ဝါဒ သီအိုရီ လက်နက်ကို ကြိုတင်တပ်ဆင်ထားဖို့ အလွန်အရေးကြီးတယ်။




Image : TIME

အောက်တိုဘာ တော်လှန်ရေး အချိန်တိုတိုအတွင်း အထိအခိုက်နည်းနည်းနဲ့ အောင်ပွဲရခဲ့တာ မာ့(က်စ်)ဝါဒ သီအိုရီအုတ်မြစ်ပေါ် တည်ဆောက်ထားသော ကေဒါအဖွဲ့အစည်း ရှိနေခဲ့လို့ပဲ။ အောက်တိုဘာ တော်လှန်ရေးကို ပြောင်းပြန် စဉ်းစားကြည့်ပါ။ လီနင်၊ ထရော့စကီး ခေါင်းဆောင်တဲ့ ဘော်ရှီဗစ်ပါတီအစား ဇယ်လင်စကီးလို၊ အန်ယူဂျီလို ခေါင်းဆောင်မှုမျိုးနဲ့ အောင်ပွဲရနိုင်ခဲ့မလား။ အောင်ပွဲရဖို့ ဝေးစွ၊ အောက်တိုဘာ တော်လှန်ရေးဆိုတာကို ဖြစ်မလာနိုင်ဘူး။

## အလုပ်သမား လူတန်းစားကိုယ်တိုင် အာဏာအရယူနိုင်မှ တော်လှန်ရေး

မြောက်ပိုင်းညီနောင်သုံးဖွဲ့နဲ့ မဟာမိတ်တပ်တွေရဲ့ ၁၀၂၇ စစ်ဆင်ရေး စတင်လိုက်တဲ့အခါ အေအေက(စ်) ပရိသတ်တွေ




ရဲ့ လက်ခုပ်သံတွေ မိုးသို့ညံသွားခဲ့တယ်။ ကိုယ်အားပေးတဲ့ ဘက်က တိုက်စစ်ဖွင့်လာရင် ဝမ်းသာကြတဲ့ ပရိသတ်တွေလို သူတို့လဲ ပျော်ကြပေမပေါ့။

ကျနော်တို့ကတော့ ပွဲကြည့်ပရိသတ်တွေ မဟုတ်ဘူး၊ မာ့(က်စ်)ဝါဒီ၊ ဘော်ရှီဗစ်တွေ။ ကျနော်တို့ အလုပ်က Spinoza စကားနဲ့ပြောရရင် 'ရယ်ပွဲဖွဲ့ဖို့မဟုတ်သလို ပူဆွေးဖို့လဲ မဟုတ်။ ဖြစ်စဉ်တွေကို နားလည်ဖို့ပဲ'။

တရုတ်ဟာ အရင်းရှင်နယ်ချဲ့ပါဝါဆိုတာ အမြင်ရှင်းဖို့ အရေးကြီးတယ်။ အမေရိကန်ကို အရင်းရှင်နယ်ချဲ့လို့ ပြောသူတွေပင် ဒီအချက်ကို ဝေဝါးနေကြတာတွေ့ရတယ်။ အမေရိကန်ပြီးရင် ဒုတိယ ပါဝါအကြီးဆုံးဟာ တရုတ်ပဲ။ မင်းအောင်လှိုင် အာဏာသိမ်း စစ်အစိုးရကို အဓိက ပံ့ပိုးနေတာ ရုရှား အရင်းရှင်နယ်ချဲ့ဆိုရင် ဗမာပြည် စစ်အစိုးရအပေါ် ဩဇာသက်ရောက်နိုင်ဆုံး နယ်ချဲ့ပါဝါဟာ တရုတ်ပဲ။ အမေရိကန်ခေါင်းဆောင်တဲ့ အနောက်အုပ်စုက တရုတ်လို ဩဇာ မသက်ရောက်နိုင်ဘူး။

အခု မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ အာဏာသိမ်း စစ်အစိုးရဟာ တရုတ်အစိုးရ အမျက်ရှစေတဲ့အရာတွေ အကြိမ်ကြိမ် လုပ်လာတယ်။ ဒါ့ကြောင့်လဲ တရုတ်အစိုးရ ကြည်ဖြူအောင် မင်းအောင်လှိုင်တို့ အသည်းအသန် လုံးပမ်းနေရပြီ။ ဒီနောက်ခံကားချပ်ကို မြင်မှ တရုတ် အစိုးရရဲ့ 'the carrot and the stick approach' ကို သဘောပေါက်လိမ့်မယ်။ ဒါ့အပြင် စစ်အာဏာသိမ်း အစိုးရအတွင်း အက်ကွဲကြောင်းတွေလဲ ထွက်ပေါ်လာတာ တွေ့ရတယ်။

ဒီအခြေအနေမှာ မြောက်ပိုင်းညီနောင်သုံးဖွဲ့ရဲ့ စစ်ဆင်ရေး ထွက်ပေါ်လာတယ်။ အားရလောက်စရာ အောင်ပွဲတွေ မြင်တွေ့ခဲ့ရတယ်။ မင်းအောင်လှိုင် ခေါင်းဆောင်သော အာဏာသိမ်းစစ်တပ်ရဲ့ morale ကျဆင်းမှု၊ တိုက်ရည်ခိုက်ရည် ညံ့ဖျင်းမှုကိုလဲ အထင်းသား မြင်တွေ့ခဲ့ရတယ်။ ဒါကလဲ မထူးဆန်းဘူး။ သူတို့မှာ ခုခံတိုက်ခိုက်စရာ ဘာတခုမှမရှိ။ သေမထူး နေမထူး၊ လူလိုမနေရတဲ့ ဘဝတွေ။ ဒီတော့ အကြောင်းမဲ့ အသေမခံတာ သဘာဝကျပါတယ်။ စစ်အာဏာရှင်စနစ်တခုလုံး ခေါင်းအစ ခြေအဆုံး ဘယ့်လောက်တောင် ယိုယွင်းပျက်စီးနေသလဲ ဆိုတာကို ဒီတိုက်ပွဲတွေက ဖွင့်ပြလိုက်တာပဲ။

ဒါပေမယ့် တခုတော့ သတိပေးချင်တယ်။ စစ်ဆင်ရေးတချို့ အောင်ပွဲရတာနဲ့ တော်လှန်ရေးကြီး အောင်တော့မှာပဲလို့ စိတ်ကူးမယဉ်စေချင်ဘူး။ တာလီဘန်တွေ တမြို့ပြီးတမြို့ သိမ်းရင်း တပြည်လုံး အောင်ပွဲခံနိုင်ခဲ့တဲ့ နမူနာကိုကြည့်ပြီး ဗမာပြည်မှာလဲ စစ်ဆင်ရေးတွေ တခုပြီးတခု အောင်နိုင်သွားရင် တပြည်လုံး အောင်ပွဲရမှာပဲလို့ စိတ်ကူးဖဲရိုက်နေသူတွေ ရှိတယ်။ အဲလောက် မလွယ်ဘူးဆိုတာ စဉ်းစားတတ်သူတိုင်း သိပါတယ်။ မလွယ်ပေမယ့် ကျားကုတ်ကျားခဲ ကြိုးစားရင် ငါတို့လဲ အောင်မှာပဲလို့ ပြောချင်ပြောနိုင်ပါတယ်။

ကျနော်တို့ မမေ့သင့်တဲ့အချက်၊ အခြေခံကျကျ မေးရမယ့်

အချက်က လက်နက်ကိုင် အစုအဖွဲ့တွေက မြို့တွေသိမ်းပေး ၊ မြို့နေလူထုက စစ်ပြေးဖြစ်၊ ကျည်လွတ်ရာအရပ်က လူတွေက ငါတို့နိုင်ပြီလို့အော်၊ အဲဒါ တော်လှန်ရေးလား။ တော်လှန်ရေးရဲ့ 'essential element' က အဖိနှိပ်ခံ လူထုကိုယ်တိုင် အင်တိုက်အားတိုက် ပါဝင်မှုရှိခြင်းပဲ။ လက်နက်ကိုင်ခြင်း၊ မကိုင်ခြင်းက 'secondary question' ပဲ။ လူတစုတဖွဲ့က လက်နက်ကိုင် တိုက်ပွဲဝင်ပေမယ့် ကျန်အဖိနှိပ်ခံ လူထုကြီးက ပွဲကြည့်ပရိသတ် ဖြစ်နေရင်၊ စစ်ပြေးဒုက္ခသည် ဖြစ်နေရင် အဲဒါ တော်လှန်ရေးလို့ ပြောမရတော့ဘူး။ ကိုယ်မုန်းတဲ့ ရန်သူ့စစ်တပ် ထိခိုက်သေဆုံးလို့ ဘေးကနေ ဝမ်းသာလက်ခုပ်တီးနေရတာပဲ ရှိမယ်။

၁၈၆၄ အောက်တိုဘာမှာ ပထမ အင်တာနေရှင်နယ်အတွက် မာ့(က်စ်)ရေးခဲ့သလိုပဲ -

'That the emancipation of the working classes must be conquered by the working classes themselves'

အဲဒါ ဘော်ရှီဗစ်တွေရဲ့ မူပဲ၊ ဘော်ရှီဗစ်တွေ လျှောက်ခဲ့တဲ့ တော်လှန်ရေးလမ်းပဲ။ အောက်တိုဘာ တော်လှန်ရေးမှာ လီနင်၊ ထရော့စကီး ခေါင်းဆောင်တဲ့ ဘော်ရှီဗစ်ပါတီသာ မရှိခဲ့ရင် အောက်တိုဘာ တော်လှန်ရေး အောင်ပွဲမရနိုင်ဘူးလို့ အထက်မှာ ဆိုခဲ့တယ်။ subjective factor ရဲ့ အရေးပါမှုကိုအဲသလို ပြောခဲ့တယ်။ ဒီလိုပြောလို့ ဘော်ရှီဗစ်ပါတီက တော်လှန်ရေးကို ဖန်တီးခဲ့တယ်လို့ မဆိုလိုဘူး။ အလုပ်သမားထု လွတ်မြောက်ရေးကို ဘော်ရှီဗစ်ပါတီက တိုက်ယူပေးခဲ့တယ်လို့ မဆိုလိုဘူး။

အလုပ်သမားထုကိုယ်တိုင် သူတို့ရဲ့ သမိုင်းမစ်ရှင်ကို သိမြင်လာအောင်၊ အလုပ်သမားထုရဲ့ အင်အားတွေ စုစည်းကျစ်လစ်လာအောင် ခေါင်းဆောင်တော်လှန်ရေးပါတီက လုပ်ဆောင်ပေးခြင်း ဖြစ်တယ်။ ခေါင်းဆောင်ပါတီက လက်နက်ကိုင်တိုက်ပေး၊ ကျန်အလုပ်သမားထုကြီးက ပွဲကြည့်ပရိသတ်လုပ်၊ အဲသလို မဟုတ်ဘူး။ အလုပ်သမားထုကိုယ်တိုင် တော်လှန်ရေးထဲ တခဲနက်ပါဝင်ခဲ့တယ်၊ အလုပ်သမားထုကိုယ်တိုင် ကိုယ်စားလှယ်တွေ (deputies) ရွေးချယ်စေလွှတ်ပြီး အလုပ်သမားကောင်စီတွေ (soviets) ဖွဲ့စည်းခဲ့တယ်။ အဲဒီဆိုဗီယက်တွေဟာ အလုပ်သမားထုရဲ့organs of struggle ဖြစ်ခဲ့တယ်။ လီနင်ခေါင်းဆောင်တဲ့ ဘော်ရှီဗစ် ပါတီက ဒီဆိုဗီယက်တွေထဲမှာ အလုပ်သမားထုအများစုရဲ့ ထောက်ခံမှုရလာအောင် လက်တွေ့စည်းရုံးနိုင်ခဲ့တယ်။ ဒီအခြေခံပေါ်ကနေ အောက်တိုဘာ အုံကြွမှုဖြစ်ပေါ်လာတာပဲ။ ဒါ့ကြောင့် insurrection ရဲ့ အလုပ်အများစုဟာ စစ်ရေးအလုပ်မဟုတ်ဘူး၊ နိုင်ငံရေးအလုပ်လို့ ဆိုခြင်းဖြစ်တယ်။ အဲဒီလို ပြင်ဆင်နိုင်ခဲ့လို့ ရုရှား အလုပ်သမားထုကိုယ်တိုင် အာဏာအရယူနိုင်ခဲ့ခြင်း ဖြစ်တယ်။ ဘော်ရှီဗစ်ပါတီက သူတို့အစား ဝင်တိုက်ပေးခဲ့တာ မဟုတ်ဘူး။

ဘော်ရှီဗစ်တွေ ဖောက်ခဲ့တဲ့လမ်းကို ငါတို့ ဆက်လျှောက်ရဦးမယ်။ ဒါ့ကြောင့် ဘော်ရှီဗစ် ကေဒါ တည်ဆောက်ရေးဟာ ကွန်မြူနစ်တွေရဲ့ ပထမ ဦးစားပေးအလုပ်ပဲ။

အယ်ဒီတာ့အာဘော်

The Struggle




Image : Socialist Appeal

## (၁)
## ဂါဇာကို မကျူးကျော်နဲ့

အောက်တိုဘာ ၇ရက်နေ့မှာ ဟမား(စ်)က အစ္စရေးကို တိုက်ခိုက်လိုက်တယ်။ အစ္စရေး ထောက်လှမ်းရေးနဲ့ စစ်တပ်ကို အငိုက်မိ အံ့အားသင့်သွားစေတဲ့ ရှော့(ခ်)ဖြစ်ပါတယ်။ ဒါပေမယ့် ကျနော်တို့မှာ့(က်စ်)ဝါဒီတွေအနေနဲ့ မအံ့ဩသင့်ဘူး။ နတန်ယာဟု အစိုးရက အစ္စရေး သမိုင်းတလျှောက်လက်ယာအကျဆုံး ဖောက်ပြန်ရေးအစိုးရဖြစ်သလို ပါလက်စတိုင်းတွေကို အရက်စက်ဆုံး အကြမ်းဖက် နှိပ်ကွပ်နေခဲ့တယ်။ အခုဒီတိုက်ခိုက်မှုဟာ အဲဒီဖိနှိပ်မှုတွေရဲ့ တိုက်ရိုက်အကျိုးဆက်ပဲ။

ဂါဇာကမ်းမြောင်ကနေ ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်တွေဟာ အစ္စရေးရဲ့ 'Iron Dome' ဒုံးခွင်းစနစ်ကိုတောင် ချိုးဖောက်ပစ်နိုင်ခဲ့တယ်။ ဒါ့အပြင် ဟမား(စ်) တိုက်ခိုက်ရေးသမားတွေက ကမ္ဘာပေါ်က အစောင့်အကြပ် အထူထပ်ဆုံး ခြံစည်းရိုးကို ချိုးဖျက်ပြီး နယ်ခြားမြို့တွေနဲ့ စစ်အခြေစိုက်စခန်းတွေကိုပါ ဝင်တိုက်ခဲ့ကြတယ်။ အစ္စရေးဘက်မှာ အထိခိုက်အကျဆုံး ရာထောင်ချီရှိသွားတယ်။ ဟမား(စ်) တိုက်ခိုက်ရေးသမားတွေက အစ္စရေး စစ်အခြေစိုက်စခန်းတခုကို ဝင်စီးပြီး အစ္စရေး တင့်ကားတွေ၊ တခြားစစ်လက်နက်တွေကို ဖျက်စီးပစ်နိုင်ခဲ့တယ်။ စစ်သုံးယာဉ်တွေကို သိမ်းယူနိုင်ခဲ့သလို အစ္စရေး စစ်ဗိုလ်ချုပ် Nimrod Aloni ကိုတောင် ဖမ်းနိုင်ခဲ့တယ်လို့ ကြားရတယ်။ ဒါမျိုး တခါမှ မကြုံဖူးသေး။

အစ္စရေး အစိုးရတော့ နှာခေါင်းကျည်ပွေ့တွေ့သွားပါပြီ။ ကမ်းကုန်အောင် ရက်ရက်စက်စက် တုံ့ပြန်ပါလိမ့်မယ်။ နတန်ယာဟုက စစ်ဖြစ်ပြီလို့ ကြေငြာထားတယ်။ အခုကို အစ္စရေးအစိုးရက လက်စားချေ ဗုံးကြဲနေပါပြီ။ ပါလက်စတိုင်း ပြည်သူတွေ ရာထောင်ချီ ထိခိုက်သေဆုံးသွားခဲ့ပြီ။ ဒါ့အပြင် အစ္စရေးအစိုးရက ဂါဇာ ကမ်းမြောင်ကို လျှပ်စစ်ဖြတ်တောက်ထားတယ်။ အဲဒီဒေသမှာ နေထိုင်တဲ့ ၂.၁သန်းသော

အစ္စရေး ပြည်သူတွေ ငရဲကျမယ့်ကိန်း။ နဂိုကတည်းမှ ယဲ့ယဲ့ သာကျန်တဲ့ ကျန်းမာရေးစနစ်နဲ့ အခြေခံအဆောက်အအုံ တွေ ပြိုလဲဖို့သာ ရှိလိမ့်မယ်။

## (၂)
## အနောက်အရင်းရှင်နယ်ချဲ့ အစိုးရတွေရဲ့ ကြောင်သူတော်ဆန်မှု

အနောက် အရင်းရှင်နယ်ချဲ့ အစိုးရ ခေါင်းဆောင်တွေဟာ “အစ္စရေးရဲ့ မိမိကိုယ်ကိုယ် ခုခံကာကွယ်ပိုင်ခွင့်” ဆိုပြီး ပြော နေကြလေရဲ့။ ဘိုင်ဒင်၊ မာခရွန်းနဲ့ ဗြိတိန်က ပြုပြင်ရေးဝါဒီ စတားမားတို့ ကြောင်သူတော်တသိုက် သံပြိုင်ဟစ်နေကြ တယ်။ အစ္စရေး အစိုးရက အကြမ်းဖက် သတ်ဖြတ်မှုတွေ ဆယ်စုနှစ်ပေါင်းများစွာ လုပ်နေချိန် ရေငုံနှုတ်ပိတ်နေခဲ့ကြ ပြီး၊ အခု အစ္စရေးကို တိုက်ခိုက်မှ ပြစ်တင်ရှုတ်ချသတဲ့။

သူတို့ မသိကျိုးကျွံပြုထားတဲ့ အချက်ကို ပြောပါမယ်၊ နတန် ယာဟု အစိုးရရဲ့ ကြည့်ရှုစောင်မမှုနဲ့ အရှေ့ဂျေရုစလင်၊ West Bank က လက်ယာစွန်း ဂျူး အခြေချသူတွေဟာ ဒေသခံ ပါလက်စတိုင်း ပြည်သူတွေကို ထင်သလို အကြမ်းဖက်လာခဲ့တယ်။ သူတို့ဒီလို ရမ်းကားချင်တိုင်း ရမ်းကားရဲအောင် အစိုးရက ပြစ်ဒဏ်ကင်းလွတ်ခွင့်ပေးထား တယ်။ အစ္စရေး အစိုးရ လက်နက်ကိုင် အဖွဲ့တွေက မသိမသာရော၊ သိသိသာသာပါ သူတို့ဘက်က ရပ်တည်ကာ ကွယ်ပေးထားတယ်။

ဂျူးလက်ယာစွန်းတွေ ဝင်ရောက်သိမ်းပိုက်မှုကို ပါလက်စ တိုင်း လူငယ်တွေက ခုခံဆန့်ကျင်တဲ့အခါ အစ္စရေး စစ်တပ် (IDF) က အင်အားအလွန်အကျွံသုံးပြီး အကြမ်းဖက်နှိပ်ကွပ် ခဲ့တယ်။ အစ္စရေး လက်နက်ကိုင်တွေဘက်က တိုက်ခိုက်မှု တွေ၊ လုပ်ကြံသတ်ဖြတ်မှုတွေ တသီတတန်းကြီး ကျူးလွန် လာခဲ့တယ်။ အစ္စရေး အစိုးရ စစ်တပ်က Jenin ဒုက္ခသည် စခန်းကို ဝင်ရောက်ပစ်ခတ်သတ်ဖြတ်ခဲ့တယ်။

လက်နက်တကားကားနဲ့ ဂျူးအခြေချနေထိုင်သူတွေဟာ ပါ လက်စတိုင်း ပြည်သူတွေကို အမြဲခြောက်လှန့်ထားခဲ့တယ်။ ထောင်ပေါင်းများစွာသော ပါလက်စတိုင်း လူငယ်တွေ၊ ဒီ အထဲမှာ အတော်များများက အသက်မပြည့်သေးသူတွေကို ဖမ်းစီးပြီး ရုံးတင်စစ်ဆေးခြင်းတောင် မလုပ်ဘဲ ထောင်ချ ပစ်ခဲ့တယ်။ ပါလက်စတိုင်း ပြည်သူတွေအပေါ် ရမ်းကား ချင်တိုင်း ရမ်းကား အကြမ်းဖက်နေတဲ့ အခြေချဝင် ရောက်လာသူတွေကိုတော့ ဘယ့်လောက်များ အရေးယူဖူး ပါသလဲ။

၂၀၂၃ နှစ်ဆန်းကစလို့ အစ္စရေး အုပ်စိုးသူ လူတန်းစား အကျပ်ရိုက်နေတယ်။ နေတာညာဟု အစိုးရကို ဆန့်ကျင် တဲ့ ဆန္ဒပြပွဲကြီးတွေ တချိန်းချိန်း ပေါ်ပေါက်ခဲ့တယ်။ ဇိုင် ယင်နစ်(စ်) အုပ်စိုးသူ လူတန်းစားအတွင်းမှာ အက်ကြောင်း တွေ နက်နက်ရှိုင်းရှိုင်း ရှိနေပြီ။ နေတာညာဟုက ဂျူး လူမျိုးရေး အစွန်းရောက်ဝါဒီတွေ (Itamar Ben-Gvir and Bezalel Smotrich) ကို အခွင့်ထူးတွေ ဖန်တီးပေးပြီး အစ္စရေး နိုင်ငံတော်အတွင်း ရာထူးအာဏာရလာအောင် ဆောင်ကျဉ်း ပေးခဲ့တယ်။ သူတို့လုပ်ငန်းစဉ်က “new Nakba” တခုကို သွေးထိုးလှုံ့ဆော်ဖို့ပဲ၊ (သဘောက ပါလက်စတိုင်း ပြည်သူ အမြောက်အမြားကို လူမျိုးတုန်း သတ်ဖြတ်ပြီး ၁၉၄၈ မှာ အစ္စရေး နိုင်ငံတော် ထူထောင်ခဲ့သလို လိုက်လုပ်ချင်တာ)။ ဂါဇာ၊ အရှေ့ဂျေရုစလင်၊ West Bank နဲ့ the Golan Heights ကို အကုန်သိမ်းပြီး ပါလက်စတိုင်းတွေ အကုန်မောင်း ထုတ်ပစ်ဖို့တဲ့ ကြံရွယ်ထားတဲ့ လုပ်ငန်းစဉ်။

အခုလို ပဋိပက္ခ ပြင်းထန်လာခြင်းအတွက် နေတာညာဟုနဲ့ ဇိုင်ယင်နစ်(စ်) နိုင်ငံတော် ထောက်ခံသူတွေကိုပဲ အပြစ်တင် ရမယ်။ ပြည်သူတရပ်လုံး အခြေခံ ဒီမိုကရေစီ အခွင့်အရေး တွေ ငြင်းပယ်၊ နှိပ်ကွပ်၊ သူတို့နယ်မြေနဲ့ အိမ်ရာတွေကို သိမ်းပိုက်၊ ပစ်သတ်ချင်သလို ပစ်သတ်၊ ဖမ်းချင်သလိုဖမ်း နှိပ်စက်၊ မွဲတေတော်ပြတ်အောင် လုပ်ထားပြီးမှ တန်ပြန် သက်ရောက်မှု မလာပါစေနဲ့လို့ မမျှော်လင့်စကောင်း။

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာပဲ Al-Aqsa ဗလီကို ဂျူးလူမျိုးရေး အစွန်းရောက် လူအုပ်ကြီးက ဝင်ရောက်စီးနင်းခဲ့တယ်။ ဗလီနေရာမှာ ဂျူးဘုရားကျောင်းနဲ့ အစားထိုးဖို့တဲ့။ တမင်တကာ ရန်စတဲ့ လုပ်ရပ်ပဲ။ Al-Aqsa ဗလီက အစ္စလမ်ဘာသာဝင်တွေကြားမှာ တတိယမြောက် အထွတ်အမြတ်ထားရာ အရပ်။ ဂျူးလူမျိုးရေးဝါဒီတွေက အခုလို လုပ်လိုက်တာဟာ ပြောင်ကျကျ စော်ကားတဲ့သဘောပဲ။ ဂျူးလူမျိုးရေး အစွန်းရောက်တွေကို အစ္စရေး ရဲတွေက လိုက်ပါစောင့်ရှောက်ပေးခဲ့တယ်။ ဟမား(စ်)တွေ အခုလို မတိုက်ခင် ရက်ပိုင်းအလိုမှာ ဂျူးလူမျိုးရေးဝါဒီတွေ ကျူးလွန်ခဲ့တဲ့ ဒီလုပ်ရပ်ကို နိုင်ငံတကာမီဒီယာကြီးတွေက တမင်တကာ ဖုံးဖိပေးထားခဲ့တယ်။ ဒါမှလဲ ဟမား(စ်)တွေက ရန်စတိုက်ခိုက်လို့ အစ္စရေးက ခုခံကာကွယ်ရတာပါလို့ အသံကောင်းဟစ်နိုင်မယ်။ “အကြမ်းဖက်မှုကို ရူးသွပ်စွဲလမ်းတဲ့ ပါလက်စတိုင်းတွေ” ဆိုပြီး အပြစ်ပုံချလို့ ရမယ်။

နိုင်ငံတကာ မီဒီယာကြီးတွေ ဘယ်လိုတင်ဆက်နေကြသလဲ ကြည့်လိုက်ပါ။ ဘီဘီစီဆိုရင် နောက်ခံအခြေအနေ၊ ပါလက်စတိုင်း ပြည်သူတွေ တလျှောက်လုံး ရန်စတိုက်ခိုက်ခံလာရတဲ့ အကြောင်းအချက်တွေ တခုမှ ထည့်မပြောဘဲ ဟမား(စ်)တွေရဲ့ ဒုံးလွှတ်တိုက်ခိုက်မှုလို့ ကြေငြာခဲ့တယ်။ ပါလက်စတိုင်း ပြည်သူတွေ အကြမ်းဖက် တိုက်ခိုက်ခံရတဲ့ အခြေအနေကို လျှော့လျှော့ပေါ့ပေါ့နဲ့သာ ဖော်ပြတတ်တယ် ။ ဒီဖြစ်ရပ်တွေ မတိုင်ခင် ၂၀၂၃ တနှစ်တည်းမှာတင် ပါလက်စတိုင်း ပြည်သူ ၂၀၀ ကျော် အသတ်ခံထားရပြီဆိုတဲ့ အချက်ကိုလဲ အသာဖုံးထားကြတယ်။ သို့သော် ဟမား(စ်)ရဲ့ တိုက်ခိုက်မှုကိုတော့ The Economist မဂ္ဂဇင်းက “Hamas’s bloodthirsty assault on Israel” လို့ ရေးသားဖော်ပြပါတယ် ။

“ပါလက်စတိုင်းတွေရဲ့ အကြမ်းဖက်ဝါဒ”လို့ ပြောနေကြသူတွေ မဝေးသေးတဲ့ အတိတ်ကို မှတ်မိဦးမယ် ထင်ပါတယ်။ ၂၀၁၈ တုန်းက ပါလက်စတိုင်း ပြည်သူတွေဟာ Great March of Return လို့ လူသိများတဲ့ ငြိမ်းငြိမ်းချမ်းချမ်း လူထုလှုပ်ရှားမှုကြီးကို စတင်ခဲ့ကြတယ်။ အစ္စရေး အစိုးရက ဘယ်လို တုံ့ပြန်ခဲ့ပါသလဲ။ ကျည်အစစ်တွေသုံး ပစ်ခတ်လို့ လက်နက်မဲ့ ဆန္ဒပြသူတွေ ရာချီသေဆုံးခဲ့ရတယ်။ ဒီထဲမှာ ၄၆ ဦးက အသက်မပြည့်သေးတဲ့ လူငယ်လေးတွေ။

ဒီကနေ့အချိန်မှ “အကြမ်းဖက်ဝါဒ”လို့ အော်နေကြသူတွေဟာ ၂၀၀၈-၉ မှာ အစ္စရေး စစ်တပ် ဆင်နွှဲခဲ့တဲ့ “Operation Cast Lead” အတွင်း ပါလက်စတိုင်း ပြည်သူ ၁၃၉၁ ဦး အသတ်ခံရတုန်းက နှုတ်ဆိတ်နေခဲ့တယ်။ အဲဒီလို အသတ်ခံရသူတွေထဲမှာ ၃၁၈ ယောက်က ကလေးတွေ။ အိမ်ခြေ ၃၅၀၀ ကျော် ဖျက်စီးခံခဲ့ရတယ်။ သောင်းနဲ့ချီတဲ့ ပါလက်စတိုင်း ပြည်သူတွေ အိုးမဲ့အိမ်မဲ့ ဘဝပျက်ခဲ့ရတယ်။ ၂၀၁၄ မှာ အစ္စရေး အစိုးရက “Operation Protective Edge” ဆိုပြီး လူသတ်ပွဲကြီး ဆင်နွှဲပြီး ပါလက်စတိုင်း ၂၂၀၃ ဦးကို သတ်ဖြတ်ခဲ့တယ်။ ဒီတုန်းကလဲ သူတို့အသံမထွက်ခဲ့ဘူး။ ဒီအထဲမှာ ၅၂၈ ယောက်က ကလေးတွေ။ အိမ်ခြေ ၁၈၀၀၀ ကျော် ဖျက်စီးခံခဲ့ရတယ်။ ပါလက်စတိုင်း ပြည်သူ တသိန်းကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရတယ်။ ဒါတွေက မဝေးသေးတဲ့ အတိတ်က နမူနာတချို့ပဲ ရှိပါသေးတယ်။

## (၃)

## Free Palestine: Intifada until Victory!

အစ္စရေး-ပါလက်စတိုင်း စစ်ပွဲကို ဘက်တူရည်တူ ချနေကြတဲ့ စစ်ပွဲလို့ အရင်းရှင် မီဒီယာကြီးတွေက ပုံဖော်နေကြတယ်။ လုံးဝမှားပါတယ်။ တကယ်တော့ အင်အားအလွန်ကြီးမားပြီး ရန်လိုတဲ့ နယ်ချဲ့နိုင်ငံတော် (အစ္စရေး) နဲ့ အားနည်းလှတဲ့ အဖိနှိပ်ခံ (ပါလက်စတိုင်း) ပြည်သူတွေကြား ဖြစ်နေတဲ့ တိုက်ပွဲ။

အစ္စရေး နိုင်ငံတော်ကို အမေရိကန် ဦးဆောင်တဲ့ အရင်းရှင် နယ်ချဲ့ နိုင်ငံကြီးတွေက ဒေါ်လာဘီလျံနဲ့ချီ ပံ့ပိုးပေးထားတာ

ပါ။ အမေရိကန် တနိုင်ငံတည်းကတင် အစ္စရေး စစ်တပ်ကို နှစ်စဉ်ထောက်ပံ့ငွေ ဒေါ်လာ ၃.၆ ဘီလျံရှိပါတယ်။ ဒါတင် မကသေးဘူး။ ယူအက်(စ်)က "အစ္စရေးနဲ့အတူ ရပ်တည်ကြောင်း" ဘိုင်ဒင်ကိုယ်တိုင် ထွက်ပြောထားတယ်၊ နောက်ထပ် အကူအညီတွေ ထပ်လောင်းပေးဖို့ ကွန်ဂရက်(စ်)ကိုလဲ လောဆော်ထားတယ်။

အစ္စရေးက ဂါဇာကို လျှပ်စစ် ဖြတ်တောက်ထားတယ်လို့ ပထမပိုင်းမှာ ရေးခဲ့တယ်။ အခု လျှပ်စစ်မီးတင်မကတော့ဘူး။ ရေ၊ အစားအသောက်၊ ဆေးဝါး အကုန် ဖြတ်တောက်လိုက်ပါပြီ။ ဂါဇာကို အလုံးစုံပိတ်ဆို့ချေမှုန်းရေး လုပ်နေကြတာပဲ။ တခြားဘက်ကသာ လုပ်ရင် အနောက်အရင်းရှင်နယ်ချဲ့ အစိုးရတွေ၊ မီဒီယာကြီးတွေက စစ်ရာဇဝတ်မှုလို့ ဝိုင်းအော်ကြလိမ့်မယ်။ အခုတော့ ပြောင်းပြန်။ ဟမား(စ်)ရဲ့ တိုက်ခိုက်မှုကိုသာ 'ဂျူးဆန့်ကျင်ရေးနဲ့ ဂျနိနဆိုက်(ဒ်)' နေ့ရက်တွေ ပြန်အမှတ်ရစေသော 'အလွန့်အလွန် ယုတ်မာမှု'ပဲ လို့ အမေရိကန် အစိုးရက အာဘော်ထုတ်တယ်။

သန်းနဲ့ချီတဲ့ ပါလက်စတိုင်း ပြည်သူတွေကို သေရေးရှင်ရေး လိုအပ်ချက်တွေ အကုန်ဖြတ်တောက်ပြီး ဝေဟင်စစ်ကြောင်းအပြင် မြေပြင်ကပါ စစ်အင်အား ၃-၄သိန်း ( အင်အား ၃ သိန်းကို အဆင်သင့် တပ်လှန့်ထားပြီး နောက်ထပ် အရံ ၆၀၀၀၀ ထပ်ပြင်ထားတယ်လို့ အစ္စရေးဘက်က ထုတ်ပြောထားပါတယ်) နဲ့ ထိုးစစ်ဆင်ဖို့ ပြင်ဆင်နေတယ်။* အဲဒါကိုမှ လူမျိုးတုန်း သတ်ဖြတ်မှု စစ်ဆင်ရေး မခေါ်ရင် ဘယ်လိုခေါ်ကြမလဲ။ ပါလက်စတိုင်း ပြည်သူတွေကတော့ အာရပ်(ဘ်)လို "Nakba" လို့ ခေါ်ကြမယ် ထင်တယ်။

အစ္စရေး စစ်တပ်ဘက်က ဟမား(စ်)တွေ ရှိတဲ့ ပစ်မှတ် ၂၃၀၀ ကျော်ကိုပဲ တိုက်ခိုက်ခဲ့တယ်လို့ ပြောပေမယ့် ပါလက်စတိုင်း အရပ်သား ပြည်သူ ၂၀၀၀၀၀ ကျော် ထွက်ပြေးနေရပြီလို့ ကုလသမဂ္ဂက ဆိုပါတယ်။ ပြေးစရာ မြေရော ရှိပါရဲ့လား။

"ဂါဇာကမ်းမြောင်ဟာ အစ္စရေး၊ အီဂျစ်နဲ့ မြေထဲပင်လယ် အကြားက ၄၁ ကီလိုမီတာရှည်ပြီး ၁၀ ကီလိုမီတာကျယ်တဲ့ နယ်မြေတခု ဖြစ်ပါတယ်။ အဲဒီမှာ လူ ၂.၃သန်းလောက် နေထိုင်နေကြပြီး ကမ္ဘာပေါ်မှာ လူဦးရေ အထူထပ်ဆုံး နေရာတွေထဲကတခု" လို့ ဘီဘီစီ သတင်းဆောင်းပါးက ဆိုပါတယ်။ အဲဒီလောက် နေရာကျဉ်းကျဉ်းလေးထဲမှာ ပြွတ်သိပ်ပြီး အရှင်လတ်လတ် ငရဲကျနေရတဲ့ အခြေအနေကို ပါလက်စတိုင်း ပြည်သူတွေ ဘာ့ကြောင့် ရောက်ခဲ့သလဲ ဆိုတာတော့ ဘီဘီစီလို မီဒီယာတွေမှာ ဖတ်ရလိမ့်မယ် မထင်ပါနဲ့။ ဇိုင်ယင်နစ်(စ်) အစ္စရေးနိုင်ငံတော်ရဲ့ ဖိနှိပ်မှုကြောင့် ဆိုတာ သူတို့မရေးပါ။ အစ္စရေး-ပါလက်စတိုင်း နယ်မြေ ပဋိပက္ခလို့ပဲ လက်သည် တရားခံကို ဖျောက်ရေးပါလိမ့်မယ်။

အစ္စရေး အုပ်စိုးသူတွေက "မျက်လုံးတလုံးအတွက် မျက်လုံးတလုံး၊ သွားတချောင်းအတွက် သွားတချောင်း၊ အသက်တချောင်းအတွက် အသက်တချောင်း"လို့ ကြွေးကြော်လက်စားချေနေကြတယ်။ တကယ်တော့ သူတို့လုပ်နေတာ အသက်တချောင်းအတွက် အသက်တချောင်းကို ပြန်ယူတဲ့ အခြေအနေ မဟုတ်ပါဘူး။ အစ္စရေး နိုင်ငံသားတယောက် အသက်ဆုံးရှုံးတိုင်း ပါလက်စတိုင်းတွေ ရာနဲ့ချီ သတ်ဖြတ်ပြီး တုံ့ပြန်ခဲ့တာပါ။ အခုစစ်ပွဲမှာလဲ ဒီအတိုင်း သူတို့ တုံ့ပြန်နေတာပဲ။

အစ္စရေး ဝန်ကြီးချုပ် နတန်ယာဟုက 'အပြင်းအထန် လက်တုံ့ပြန်'သွားမယ်၊ ဂါဇာကို လူမနေနိုင်တဲ့ ကျွန်းတခု ဖြစ်အောင် လုပ်ပစ်မယ်လို့ ကြိမ်းဝါးထားတယ်။ အစ္စရေး အနေနဲ့ အခုလို ဗုံးကြဲတိုက်ခိုက်၊ ပိတ်ဆို့ချေမှုန်းပြီး ဂါဇာကို အုတ်ပုံပဲကျန်အောင် လုပ်နိုင်ပါတယ်။ အတိတ်မှာ သူတို့ဒါ

---

*လက်ရှိအချိန်မှာ အစ္စရေး စစ်တပ်က ဂါဇာမြို့ကို မြေပြင်ထိုးစစ် စတင်ထားပြီး ဖြစ်ပါတယ်။ [အယ်ဒီတာ]*




မျိုးတွေ အကြိမ်ကြိမ် လုပ်ခဲ့ပြီးသားပဲ။ ဒါပေမယ့် ကျူးကျော်သိမ်းပိုက်ပြီး လူ့သန်းကျော်ကို စစ်ရေးနည်းသက်သက်နဲ့ ငြိမ်ပိသွားအောင် မလုပ်နိုင်မှာ သေချာတယ်။ ၂၀၁၄ မှာ အစ္စရေး စစ်တပ်က ဂါဇာကို ဒီနည်းနဲ့ ကျူးကျော်သိမ်းပိုက်ဖို့ လုပ်ခဲ့ပြီးပြီ။ မအောင်မြင်ပါဘူး။

၁၉၉၃ ခုနှစ် အော့စလို ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိပြီးတဲ့နောက် ထွက်ပေါ်လာတဲ့ 'ပါလက်စတိုင်း အာဏာပိုင်အဖွဲ့' ဆိုတာ ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (PLO) ကို ပါလက်စတိုင်း ပြည်သူတွေကို နဖားကြိုးပြန်ထိုးခိုင်းဖို့ အသုံးချလိုက်တဲ့ လှည့်ကွက်တခုပဲဆိုတာ လက်ရှိပဋိပက္ခက သက်သေထူနေတယ်။ လက်ရှိပဋိပက္ခကို ဖန်တီးသူဟာ အစ္စရေးပဲလို့ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ အကြီးအကဲ Abbas က ပြောနေတာ တွေ့ရတယ်၊ တကယ်တော့ သူခေါင်းဆောင်တဲ့ Palestinian Authority ကိုယ်တိုင်က အစ္စရေး နိုင်ငံတော်ရဲ့ ရုပ်သေးတွေပဲ မဟုတ်လား။

အခုလို ရှောင်တခင် အငိုက်ဖမ်း တိုက်ခိုက်ခံလိုက်ရတော့ အစ္စရေး အုပ်စိုးသူတွေက သူတို့အချင်းချင်း ကျောချင်းကပ်ကုန်တယ်။ စည်းလုံးသယောင်ပြကြတယ်။ အရေးပေါ် အမျိုးသား အစိုးရတရပ် ဖွဲ့စည်းတဲ့အခါ Yair Lapid နဲ့ Benny Gantz တို့လို နတန်ယာဟုရဲ့ အကြီးစား ရန်သူတော်ကြီးတွေတောင် အစိုးရအဖွဲ့ထဲ မြင်ချင်မြင်ရလိမ့်မယ်။ ဒီလို သွေးစည်းမှုမျိုးက ကြာကြာမခံပါဘူး။ ဖြစ်ရပ်တွေရဲ့ ရိုက်ခတ်မှုအောက်မှာ ပြိုကွဲသွားတတ်တာပဲ။ သို့သော် တခုတော့ ရှိတယ်။ ဇိုင်ယင်နစ်(စ်)တွေဟာ သူတို့အချင်းချင်း ဘယ်လိုပဲ ကွဲလွဲကြပါစေ၊ ပါလက်စတိုင်း ပြည်သူတွေရဲ့ လွတ်မြောက်ရေး တိုက်ပွဲကို ဆန့်ကျင်ရာမှာတော့ တသဘောတည်းပဲ။

## (၄)
## ဇိုင်ယင်နစ်(စ်)တွေလိုပဲ ယူအက်(စ်) အရင်းရှင်နယ်ချဲ့မှာလဲအပြစ်ရှိတယ်

အမေရိကန်က အစ္စရေးစစ်တပ်ကို နှစ်စဉ် ဒေါ်လာ ၃.၆ ဘီလျံ ပံ့ပိုးထားတယ်လို့ ဆိုခဲ့ပြီ။ စေတနာ သဒ္ဓါတရားထက်သန်လွန်းလို့လား။ ဒါမှမဟုတ် အစ္စရေး စစ်တပ်က သတ်ဖြတ်ရေး အလုပ်တွေ မလုပ်ဘဲ ကယ်ဆယ်ရေး အလုပ်တွေများ လုပ်နေလို့လား။ စာဖတ်သူများ ကိုယ့်ဘာသာ ဆင်ခြင်ကြည့်လို့ရပါတယ်။ အမေရိကန်အဖို့ အရှေ့အလယ်ပိုင်းမှာ စိတ်အချရဆုံး တဦးတည်းသော မဟာမိတ်က အစ္စရေးပဲ။ ဒါ့ကြောင့်လဲ ဇိုင်ယင်နစ်(စ်) နိုင်ငံတော်ကို "ဒီမိုကရေစီ" ခံတပ်ကြီးအဖြစ် တစိုက်မတ်မတ် ပြောနေတာပဲ။ သကာဖုံး စကားလုံးတွေကို ဖယ်ပြီး အနှစ်ကို ကြည့်မယ်ဆိုရင် အရှေ့အလယ်ပိုင်းမှာ အမေရိကန် အရင်းရှင်

---

*[Edited: ဒီဆောင်းပါးကို ရေးအပြီးမှာပဲ [Al Jazeera သတင်းဌာနက စက်ရုပ်သတင်း](#) တင်ထားတာ တွေ့ရပါတယ်။ နတန်ယာဟုနဲ့ သူ့ရန်သူတော် Benny Gantz တို့ အရေးပေါ် ညီညွတ်ရေး အစိုးရဖွဲ့ဖို့ သဘောတူလိုက်ပြီလို့ ဆိုပါတယ်။]*

နယ်ချဲ့အတွက် အတော်အသုံးတဲ့သူလို့ အဓိပ္ပါယ်ထွက်ပါလိမ့်မယ်။

ဒါ့ကြောင့် အသေးအဖွဲ့ ကိစ္စလေးတွေမှာ အစ္စရေးကို ယူအက်(စ်) အစိုးရက ဝေဖန်ချင်ဝေဖန်လိမ့်မယ်။ အခုလို အရေးကြုံလာရင်တော့ သူတို့ဟန်ဆောင်ပြီးတောင် မဝေဖန်ပါဘူး။ အစ္စရေးဘက်က အပြတ်အသတ် ရပ်တည်ပါတယ်။

ပြီးခဲ့တဲ့နှစ်တွေတုန်းက ဘိုင်ဒင်တို့ နတန်ယာဟု အစိုးရကို ခပ်ပျော့ပျော့ ဝေဖန်ခဲ့တာ ရှိတယ်။ နတန်ယာဟုရဲ့ ရှုးကြောင်ကြောင် ပေါ်လစီတွေက ဒေသတွင်း တည်ငြိမ်မှုကို ခြိမ်းခြောက်ပြီး အစ္စရေးအပေါ် နိုင်ငံတကာ ထောက်ခံမှု ကျဆင်းစေနိုင်တဲ့ အန္တရာယ်ရှိလို့ပါ။ အခု အဲဒီအန္တရာယ်က လက်တွေ့ဖြစ်လာပြီ။

ဘိုင်ဒင်အစိုးရက အစ္စရေးနဲ့ ဆော်ဒီကို စေ့စပ်ရေးလုပ်ပေးဖို့ ကြိုးပမ်းနေကြတယ်။ အခုလို စစ်မီးထတောက်လိုက်တဲ့အခါ ဘိုင်ဒင်တို့ ကြိုးပမ်းသမျှ ပျက်ကိန်းဆိုက်တော့မယ်။ အာရပ်(ဘ်) နိုင်ငံတွေနဲ့ အစ္စရေးအကြား 'ပုံမှန်ဆက်ဆံရေး' ထူထောင်ဖို့ ကြိုးပမ်းချက် နာလန်ထူလာဖို့ လမ်းမမြင်။

သို့သော် ဂါဇာကို အစ္စရေးက ကျူးကျော်သိမ်းပိုက်၊ ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ ပြိုလဲ၊ ဒီနောက် West Bank တခုလုံးကို အစ္စရေးက သိမ်း၊ အရှေ့အလယ်ပိုင်း ဒေသကြီးတခုလုံး စစ်မီးကူးစက်သွားဆိုတဲ့ အခြေအနေမျိုးကို ဝါရှင်တန်က အလေးအနက်ထား ချင့်ချိန်တတ်သော strategist များ စိုးရိမ်ပါလိမ့်မယ်။ ဒီလိုသာ ဖြစ်သွားရင် တော်လှန်ရေး လှိုင်းတွေ တပါတည်း လိုက်လာတတ်လို့ အုပ်စိုးသူ လူတန်းစားကိုယ်စားလှယ်တွေ ကြောက်ပါတယ်။

ဒီကနေ့ ပါလက်စတိုင်း လူငယ်တွေက စုစည်းမှု၊ ပိုင်းဖြတ်ချက် ခိုင်မာမှု အားကောင်းလာတယ်။ ပါလက်စတိုင်းအတွက် "ငြိမ်းချမ်းရေး" သဘောတူညီချက်ဆိုတာတွေဟာ အလိမ်အညာတွေမှန်း အကုန်သိနေကြပြီ။ အဲဒီလို ရှေ့ကွက်တွေထဲမှာ ပါလက်စတိုင်း ပြည်သူတွေရဲ့ အခွင့်အရေးကို အပြည့်အဝ အသိအမှတ်ပြုခြင်း မပါဝင်ဘူး။

ဟမား(စ်)တွေရဲ့ တိုက်ခိုက်မှုဟာ ပိုပြင်းထန်တဲ့ အကျပ်အတည်းကို စနက်တံဖောက်ပေးလိုက်တာ ဖြစ်နိုင်တယ်။ အစ္စရေးကို စစ်ရေးနည်းနဲ့ တိုက်ရိုက်ဆန့်ကျင်လိုက်တဲ့ ဟမား(စ်)တွေရဲ့ နည်းဗျူဟာက ပါလက်စတိုင်း လူငယ်တွေကြား ဖြစ်ပေါ်နေတဲ့ ပုန်ကန်လိုစိတ်ကို သွားထိတယ်။ လူငယ်တွေက လက်တွေ့ကို အလိုရှိနေကြတယ်၊ အပေးအယူတွေ (ဝါ) စကားလုံးတွေကို စိတ်ပျက်လှပြီ။

တဖက်မှာလဲ ဇိုင်ယင်နစ်(စ်) နိုင်ငံတော်က ဒီတိုက်ခိုက်မှုကို အသုံးချပြီး ဂျူးအမျိုးသားရေး သွေးဆူအောင် လုပ်နေတယ်။ဒီမတိုင်ခင်က နတန်ယာဟု အစိုးရကို ဆန့်ကျင်နေတဲ့ လှုပ်ရှားမှုတွေ ငြိမ်ကျသွားတယ်။ အစ္စရေး ပြည်သူတွေကို ဇိုင်ယင်နစ်(စ်) နိုင်ငံတော်ကို ထောက်ခံလာအောင်၊ နယ်ချဲ့သိမ်းပိုက်ခြင်းကို ထောက်ခံလာအောင် တပ်လှန့်မောင်းနှင်နေကြပြီ။ အရင်က အရံတပ်ဖွဲ့ဝင်ဖို့ ငြင်းဆန်ခဲ့တဲ့ နတန်ယာဟု ဆန့်ကျင်သူ အစုအဖွဲ့ (Brothers and Sisters in Arms) ကတောင်မှ အစ္စရေးကို ခုခံကာကွယ်ဖို့ လူတိုင်းလူတိုင်း အချိန်မဆိုင်းဘဲ တိုက်ပွဲဝင်ကြဖို့ ဆော်ဩထားတယ်။

ဒီတော့ အရှေ့ဂျေရုစလင်၊ West Bank ၊ ဂါဇာနဲ့ အစ္စရေးနိုင်ငံအတွင်းက ပါလက်စတိုင်း လူထုကိုယ်တိုင် တော်လှန်ထကြွမှသာ ဇိုင်ယင်နစ်(စ်) နိုင်ငံတော်ရဲ့ ကျူးကျော်သိမ်းပိုက်ခြင်းကို အောင်အောင်မြင်မြင် ဆန့်ကျင်နိုင်လိမ့်မယ်။ အိမ်နီးချင်း နိုင်ငံတွေက အာရပ်လူထုရဲ့ အခန်းကဏ္ဍကလဲ အလွန်အရေးကြီးတယ်။ ပါလက်စတိုင်း ပြည်သူတွေရဲ့ နေရှင်နယ် လွတ်မြောက်ရေး တိုက်ပွဲကို အမှန်တကယ် ထောက်ခံရင် အီဂျစ်၊ ဆော်ဒီ၊ ကာတာ၊ ဂျော်ဒန်၊ အစရှိတဲ့ နိုင်ငံတွေက အရင်းရှင်နယ်ချဲ့ အလိုတော်ရိ ဖောက်ပြန်ရေး အစိုးရတွေကို ဖြုတ်ချပစ်ဖို့ လိုတယ်။ ဘာ့ကြောင့်လဲဆိုတော့

အဲဒီဘူဇွာအစိုးရအားလုံးဟာ တည်ဆဲအခြေအနေကို တနည်းမဟုတ် တနည်း လက်ခံထားကြသူတွေ။ တော်လှန်ရေးမီးတောက် ကူးစက်သွားပြီး သူတို့ဖယ်ရှားခံရမှာကို သေမလောက် ကြောက်ကြတယ်။ ဒါ့ကြောင့် ပါလက်စတိုင်း ပြည်သူတွေကို လေနဲ့ပဲ စာနာကြောင်းပြပြီး တကယ့်လက်တွေ့မှာ မကူညီကြဘူး။
ဒီနေရာမှာ နိုင်ငံတကာ လူငယ်တွေ၊ အလုပ်သမားတွေရဲ့ သွေးစည်းညီညွတ်ကြောင်းပြတဲ့ လူထု လှုပ်ရှားမှုတွေကလဲ အလွန်အရေးပါတယ်။ တခုရှိတာက "ပဋိပက္ခ လျှော့ချရေး"တို့၊ "ငြိမ်းချမ်းရေး"တို့လို abstract appeal တွေနဲ့ သွားလုပ်လို့ မရဘူး။ ကုလရဲ့ ကြေငြာချက်အစောင်စောင်၊ နိုင်ငံတကာ သဘောတူညီချက် အစောင်စောင်ကြောင့် ပါလက်စတိုင်း ပြည်သူတွေရဲ့ လွတ်မြောက်ရေး ရှေ့ကို တလက်မတောင် မရွှေ့ခဲ့ဘူးဆိုတာ သတိချပ်ရမယ်။ တကယ်တမ်းကျ အစ္စရေး နိုင်ငံတော်ကို ပါလက်စတိုင်း မြေတွေ ပိုပိုပြီး သိမ်းပိုက်ခွင့်သာ ပေးခဲ့ကြတယ်။ ဒါ့ကြောင့် အောက်ပါအချက်တွေနဲ့ ပတ်သက်လို့ ရှင်းလင်းပြတ်သားနေမှုရမယ်။

- No to the invasion and bombing of Gaza.
- No to imperialist meddling. Imperialist 'peace' and the Oslo accords have failed the Palestinians.
- For a mass uprising against the occupation, on both sides of the green line.
- End the occupation.
- Release all political prisoners.
- End and reverse the Zionist settlement land grab.
- No to oppression, and for equal rights for all peoples, regardless of ethnicity or religion.
- For a socialist federation of the whole of Palestine, as part of a socialist federation of the Middle East.
- Intifada until victory!

## (၅)
## ဟမား(စ်)ကို ထောက်ခံသလား

ကျနော်တို့က ဇိုင်ယင်နစ်(စ်) နိုင်ငံတော် အစ္စရေးနဲ့ သူ့နောက်က အရင်းရှင်နယ်ချဲ့ပါဝါတွေကို ဆန့်ကျင်တယ်၊ ပါလက်စတိုင်း ပြည်သူ့ လွတ်မြောက်ရေး တိုက်ပွဲကို ရပ်တည်ထောက်ခံတယ်။ ဒီသဘောထားကို ပြီးခဲ့တဲ့ ဆောင်းပါးမှာ တွေ့ရလိမ့်မယ်။
ဒီအခါ တချို့က မေးခွန်းထုတ်လာတယ်။ မာ့(က်စ်)ဝါဒီတွေက ဟမား(စ်)ကို ထောက်ခံသလား။ ကျနော်တို့ မာ့(က်စ်)ဝါဒီတွေအနေနဲ့ ဟမား(စ်)ကို အခုလဲ မထောက်ခံသလို ဘယ်တုန်းကမှ မထောက်ခံခဲ့ဘူးလို့ပဲ ဖြေရလိမ့်မယ်။ အဖိနှိပ်ခံ ပါလက်စတိုင်း ပြည်သူတွေရဲ့ အရေးတော်ပုံကို ထောက်ခံခြင်းဟာ ဘယ်သူတွေ ခေါင်းဆောင်ပိုင်း နေရာရထားသလဲ ဆိုတာနဲ့ မသက်ဆိုင်ဘူး။ စစ်ဖိနပ်အောက်ကျရောက်နေတဲ့ ဗမာပြည်သူတွေရဲ့ အရေးတော်ပုံကို ထောက်ခံခြင်းဟာ ဗမာပြည် တော်လှန်ရေးကို ဘယ်သူတွေ ခေါင်းဆောင်နေသလဲနဲ့ မသက်ဆိုင်သလိုဘဲ။ ဗမာပြည် တော်လှန်ရေးကို ထောက်ခံတယ်လို့ ဆိုခြင်းဟာ နဂျီကို ထောက်ခံခြင်း မမည်သလို ပါလက်စတိုင်း ပြည်သူ့ လွတ်မြောက်ရေးကို ထောက်ခံခြင်းဟာ ဟမား(စ်)တွေကို ထောက်ခံခြင်းနဲ့ မသက်ဆိုင်။
ဟမား(စ်)နဲ့ မာ့(က်စ်)ဝါဒီတွေ ideology ချင်း လုံးဝမတူသလို သူတို့သုံးတဲ့နည်းလမ်းကိုလဲ ကျနော်တို့ လက်မခံ။ မာ့(က်စ်)ဝါဒီတွေမှာ ကိုယ်ပိုင်အတွေးအခေါ်၊ ကိုယ်ပိုင်ပရိုဂရမ်နဲ့ လူတန်းစား တိုက်ပွဲအခြေခံ နည်းလမ်းတွေ ရှိတယ်။ ဒါ့ကြောင့် ငါတို့နဲ့ သူတို့ ပြဒါးတလမ်း၊ သံတလမ်းပဲ။
သို့သော် ဒါ့ကြောင့်ပဲ ကမ္ဘာပေါ်က အင်အားအကြီးဆုံး နယ်ချဲ့ (အမေရိက)နဲ့ သူ့အပေါင်းအပါ အစ္စရေး အုပ်စိုးသူ လူတန်းစားကို ထောက်ခံစရာမလိုဘူး။

ဒါဖြင့် ဟမား(စ်)တွေက အပြစ်မဲ့ အရပ်သားတွေကို သတ်ဖြတ်နေတာ ခင်ဗျားတို့ သဘောတူသလားလို့ ကျွန်ုပ်တို့ကို ဝေဖန်သူတွေက မေးလာလိမ့်မယ်။ ဒီလုပ်ရပ်တွေကို ဘယ်တုန်းကမှ မထောက်ခံခဲ့သလို လုံးဝသဘောမတူပါ။ Spinoza စကားကို ယူသုံးရရင် ငါတို့အလုပ်က ငိုကြွေးနေဖို့ မဟုတ်သလို ရယ်မောနေဖို့လဲ မဟုတ်ဘူး၊ နားလည်အောင်လုပ်ဖို့ပဲ။ ကိုယ်ကျင့်တရား အခြေခံစဉ်းစားချက်သက်သက်နဲ့ဆိုရင် ဘာကိုမှ နားမလည်နိုင်ဘူး။ အစ္စရေးဘက်က သတ်လိုက်၊ ဟမား(စ်)ဘက်က သတ်လိုက်၊ အကုန်အတူတူပါပဲကွာလို့ အပေါ်ယံ ကောက်ချက်ဆွဲမိမှာပဲ။

တခုတော့ သတိပေးချင်တယ်။ ၂၀၂၃ အောက်တိုဘာ ၇ ရက်၊ စနေနေ့၊ မိတ်ဆွေရဲ့ newsfeed မှာ ဟမား(စ်)ရဲ့ တိုက်ခိုက်မှု သတင်းတက်လာမှ သမိုင်းစတာ မဟုတ်ဘူး။ ဒီအချက်ကို သတိရပြီဆိုရင်ဖြင့် အခုလို မေးခွန်းထုတ်ကြည့်ရအောင်။ ဘယ်အရာတွေကြောင့် ဟမား(စ်)ရဲ့ တိုက်ခိုက်မှု ဖြစ်ပေါ်ခဲ့သလဲ။

ဒီတိုက်ခိုက်မှုကို ဇိုင်ယင်နစ်(စ်) နယ်ချဲ့အစ္စရေး နိုင်ငံတော်က ပါလက်စတိုင်း ပြည်သူတွေကို ဆယ်စုနှစ်ပေါင်းများစွာ အကြမ်းဖက်၊ ဖိနှိပ်၊ သတ်ဖြတ်၊ မောင်းထုတ်၊ နယ်မြေသိမ်းပိုက်ခဲ့တာတွေနဲ့ သီးခြားခွဲထုတ်လို့ ရနိုင်ပါသလား။ မိတ်ဆွေဟာ လူသားချင်းစာနာသူဆိုရင် အောက်တိုဘာ ၇ရက်ကျမှ ကောက်ကာငင်ကာ ကွက်ကွက်ကလေး စာနာလို့ မဖြစ်ဘူး။ အထက်ပါမေးခွန်းကို သမိုင်းအမှန်အတိုင်း ဖြေရဲရမယ်။

ဒီကနေ့ အခြေအနေရောက်လာစေတဲ့ ဖြစ်စဉ်တန်းကြီးကို မြင်အောင်ကြည့်ဖို့လိုတယ်။ ဒါတွေအားလုံး အောက်တိုဘာ ၇ ရက်နေ့မှာ မိုးပေါ်က ကျလာသယောင် ပုံဖော်တိုင်း မယုံလေနဲ့။

## (၆)
## ဟမား(စ်)ရဲ့ ဇာစ်မြစ်

အီဂျစ်က မွတ်စလင် ညီကိုများအသင်းရဲ့ အစွယ်အပွားအနေနဲ့ ပေါ်ထွက်လာကြောင်း အများစု သိကြပါလိမ့်မယ်။ ဟမား(စ်) ကြီးထွားလာအောင် အဓိက မွေးထုတ်ပေးခဲ့တာ အစ္စရေး နိုင်ငံတော် ဆိုတဲ့အချက်ကိုတော့ လူသိနည်းမယ်ထင်ပါတယ်။ တချို့ဆို အံ့အားသင့်သွားနိုင်တယ်။ အာဖဂန်က တာလီဘန်တွေ သမိုင်းကို ရင်းနှီးရင် ဒီအချက်ကို အံ့အားသင့်မယ် မထင်ပါ။ အစ္စရေးအဖို့တော့ သူမွေးတဲ့ မြောက် သူ့ပြန်ခြောက်တယ်ဆိုရမလား။

ယူပီအိုင် (United Press International) သတင်းထောက် ရစ်ချတ် ဆေး(လ်)က ဟမား(စ်)ရဲ့ ဇာစ်မြစ်နဲ့ ပတ်သက်လို့ အခုလို ထောက်ပြခဲ့တယ်။

"ယူအက်(စ်) ထောက်လှမ်းရေး အရာရှိတွေ (လက်ရှိရော၊ လူဟောင်းတွေရော) အလိုအရ ၁၉၇၀ ခုနှစ်များ အစောပိုင်းကတည်းက တဲ(လ်)အဗီးက ဟမား(စ်)ကို ငွေကြေးထောက်ပံ့မှုတွေ တိုက်ရိုက်တဖုံ၊ သွယ်ဝိုက်တမျိုး နှစ်အတော်ကြာ ပံ့ပိုးပေးခဲ့သတဲ့။"

အစ္စရေးအစိုးရက ဟမား(စ်)ကို ဘာ့ကြောင့် မွေးရတာလဲ။ အဲဒီကာလက ပါလက်စတိုင်း လူထုကြား ခေတ်စားနေတဲ့ ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့ (PLO) ကို ဟမား(စ်)နဲ့ ပြန်ကန်ထားဖို့ မွေးရတာ။ Center for Strategic Studies ရဲ့ အရှေ့အလယ်ပိုင်းဒေသ အကဲခတ်သုံးသပ်သူ Tony Cordesman က ဒီသဘောမျိုး ထောက်ပြဖူးတယ်။ အမေရိကန် စီအိုင်အေ အရာရှိဟောင်း ကိုယ်တိုင်ကလဲ အခုလို ပြောဖူးတယ်။ လက်ဝဲနွယ် secular နိုင်ငံရေး အင်အားစု ဖြစ်တဲ့ PLO ကို လူထုထောက်ခံမှု ကျဆင်းသွားအောင် ဘာသာရေး အင်အားစု အသုံးချပြီး ဖြိုခွဲဖို့ ကြိုးပမ်းချက်တခုပဲလို့ ဆိုပါတယ်။

အစ္စရေး အခြေစိုက် အိုင်စီတီ Institute for Counter Terrorism ကလာတဲ့ စာတမ်းတွေအရဆိုရင် ဟမား(စ်)အဖွဲ့ကို၁၉၇၈ တုန်းက အစ္စရေးမှာ တရားဝင် Al-Mujamma al

Islami နာမည်နဲ့ အစ္စလာမ် အသင်းအဖြစ် တင်ခဲ့ခြင်း ဖြစ်တယ်။ ဟမား(စ်)က ခိုမေးနီရဲ့ အီရန်လို အစ္စလာမ် ဘာသာ နိုင်ငံတော် ထူထောင်ချင်တယ်။ အတိုချုပ်ရရင် ၁၉၆၇ ခုနှစ်၊ ၆ရက်ကြာ စစ်ပွဲနောက်ပိုင်းမှာ ဟမား(စ်)တို့ တစတစ အင်အားကောင်းလာတယ်။

သမိုင်းမသိရင် အ,သတဲ့။ ရပ်တည်ချက်ပါ မှားတတ်တယ်။ နယ်မြေတွေ လုယက်သိမ်းပိုက်၊ စစ်ရာဇဝတ်မှုမျိုးစုံ ကျူးလွန်နေတဲ့ အင်အားကြီး နိုင်ငံတော်တခုကို ထောက်ခံရင်း အဖိနှိပ်ခံတွေကို ရန်စကျူးကျော်သူလို့ မြင်လို့မြင်။

## (၇)
## ဟမား(စ်)တွေနည်းနဲ့ ပါလက်စတိုင်း ပြည်သူတွေ လွတ်မြောက်ရေး အောင်မြင်နိုင်သလား

အမေရိကန်က နှစ်စဉ် ဒေါ်လာ ၄ ဘီလျံနီးပါး ပံ့ပိုးထားတဲ့ အစ္စရေးစစ်တပ်ကို အရှိုက်ထိအောင် ဟမား(စ်)တို့ ထိုးနှက်တိုက်ခိုက်နိုင်ခဲ့တယ်။ ဒီအောင်မြင်မှုကြောင့် ရေတိုမှာ သူတို့ဂုဏ်သတင်းလဲ တက်သွားနိုင်တယ်။ စကားလုံးတွေထက် လက်တွေ့ထချတာကို မျှော်လင့်နေတဲ့ လူငယ်တွေကြားမှာလဲ ဟမား(စ်)တွေက ဆွဲအားတခု ဖြစ်သွားနိုင်တယ်။

သို့သော် ရေရှည်မှာတော့ ဟမား(စ်)တွေရဲ့ အောင်မြင်မှုမှာ အကန့်အသတ် ဘယ့်လောက်ရှိကြောင်း မြင်လာကြလိမ့်မယ်။ စစ်အင်အား အချိုးအစားအရကြည့်ရင် အစ္စရေးဘက်က မယှဉ်သာအောင် အလေးသာနေတယ်။ အစ္စရေးနောက်မှာ အမေရိကန် ခေါင်းဆောင်တဲ့ အရင်းရှင်နယ်ချဲ့ တပြုံတမကြီး ရှိတယ်။

တော်လှန်စိတ် နိုးကြားလာတဲ့ လူငယ်တွေဟာ စကားပိုင်း အပေးအယူတွေက အလုပ်မဖြစ်ဘူး၊ တော်လှန်ရေး တိုက်ပွဲနည်းကသာ တခုတည်းသော အဖြေလို့ မှန်မှန်ကန်ကန် ကောက်ချက်ဆွဲလာကြတယ်။ တော်လှန်ရေး တိုက်ပွဲဆိုရာမှာ ပုံသဏ္ဍာန်အမျိုးမျိုး ရှိတယ်။ ဟမား(စ်)တွေ နည်းပဲ ရှိတာ မဟုတ်ဘူး။ လူထုအုံကြွမှု၊ လူထု သပိတ်တိုက်ပွဲ ပုံစံတွေလဲ ပါဝင်တယ်၊ မှန်ပါတယ်၊ နောက်ဆုံးမှာ အစ္စရေး နိုင်ငံတော်ကို လက်ဗလာချည်း ထချလို့ ဘယ်ရမလဲ၊ လက်နက်ကိုင် ပုန်ကန်ခြင်းလဲ လိုအပ်တယ်။

သို့သော် sense of proportion မပျောက်ဖို့တော့ အရေးကြီးတယ်။ ပါလက်စတိုင်း လူထုရဲ့ တော်လှန်ရေးတိုက်ပွဲဟာ သူ့ချည်းထီးတည်းဖြစ်နေသရွေ့ အစ္စရေး နိုင်ငံတော်ကို အလဲထိုးနိုင်တဲ့ အင်အား မရှိဘူး။

ဒီအကျပ်အတည်းကို ကျော်လွှားဖို့ဆိုရင် အရှေ့အလယ်ပိုင်း ဒေသတဝှမ်း လူထု တော်လှန်ရေး လှုပ်ရှားမှုတွေ ချိတ်ဆက်ပူးပေါင်းမိဖို့ လိုအပ်လိမ့်မယ်။ ခင်ဗျားတို့ဟာက စိတ်ကူးယဉ်ဆန်လိုက်တာလို့ အရမ်းကာရော မပြောနဲ့ဦး။ ဝေးဝေး မကြည့်နဲ့။ လွန်ခဲ့တဲ့ ဆယ်စုနှစ်အကျော်က ဖြစ်ပေါ်ခဲ့တဲ့ အာရပ်နွေဦးကိုပဲ ပြန်ကြည့်။ တော်လှန်ရေး မီးတောက်ဆိုတာ ကူးစက်တတ်တဲ့ အာနိသင်ရှိတယ်။ ကူးစက်လောင်ကျွမ်းနိုင်တဲ့ combustible ရပ်အခြေအနေတွေကလဲ
ရှိနေပြီးသား။

ဒီလမ်းခရီးမှာ ပိတ်ဆို့ဟန့်တားနေတဲ့ အာရပ်ကမ္ဘာက ဖောက်ပြန်ရေး အစိုးရတွေကို ဖြိုချပစ်ဖို့ လိုတယ်။ အဲဒီလို ဖြိုချပြီး အလုပ်သမား လူတန်းစား အာဏာရလာရင် အရှေ့အလယ်ပိုင်းမှာ အစ္စရေး နိုင်ငံတော်က အထီးကျန် ဖြစ်လာမှာပဲ။ ဒါ့အပြင် ဇိုင်ယင်နစ်(စ်) အစ္စရေး နိုင်ငံတော်ကို ဖြိုခွဲဖို့ဆိုရင် ပါလက်စတိုင်း အဖိနှိပ်ခံ လူထုနဲ့ အစ္စရေး လူ့အဖွဲ့အစည်းအတွင်းက အလုပ်သမား လူတန်းစားနဲ့ တိုးတက်သော အင်အားစုတွေ လက်တွဲ တိုက်ပွဲဝင်ဖို့ လိုအပ်တယ်။ ဟမား(စ်)တွေ နည်းလမ်းနဲ့ဆိုရင်တော့ ကိုယ့်ဘက်ပါလာရမယ့် အင်အားတွေကို ဇိုင်ယင်နစ်(စ်)တွေ ရင်ခွင်ထဲ တွန်းပို့သလို ဖြစ်မှာပဲ။ အာရပ်(ဘ်) တော်လှန်ရေးရဲ့ အကျိုးဆက် (ရိုက်ခတ်ချက်) အနေနဲ့ လူတန်းစား အခြေခံ united front ဖွဲ့ပြီး ဇိုင်ယင်နစ်(စ်) နိုင်ငံတော်ကို ဖြိုချနိုင်မယ်
။

ဒါကလဲ အာရပ်(ဘ်) တော်လှန်ရေးကို ဆုံးခန်းတိုင် ဆင်နွှဲမှသာ ဖြစ်နိုင်တယ်။ အရင်းရှင်စနစ် အခြေခံပေါ်မှာ မဖြစ်နိုင်ဘူး။ အာဏာရှင် အစိုးရတွေ ဖြုတ်ချရုံဆို လမ်းခုလတ်ပဲ ရှိသေးတယ်။ အရင်းရှင်၊ မြေရှင်ကြီးတွေ၊ ဘဏ်သူဌေးကြီးတွေ၊ အစရှိတဲ့ အုပ်စိုးသူ လူတန်းစားတရပ်လုံးကို expropriate လုပ်ပစ်မှပဲ အဖိနှိပ်ခံ လူထု လွတ်မြောက်ရေး ရနိုင်မယ်။ အဲဒီလို အရင်းရှင်စနစ်ကို ဖြိုချပြီး ဒီမိုကရက်တစ် ဆိုရှယ်လစ် ဖက်ဒရေးရှင်းအတွင်းမှာ လူမျိုး၊ ဘာသာမခွဲခြားဘဲ ရည်တူတန်းတူ ငြိမ်းငြိမ်းချမ်းချမ်း နေသွားနိုင်မယ်။

## (၈)

## ဇိုင်ယင်နစ်(စ်) အစ္စရေးရဲ့ လူမျိုးတုန်းသတ်ဖြတ်ပွဲမှာ သူတို့တဖက်တည်း ရပ်ကြသည်

အမေရိကန် ခေါင်းဆောင်သော အနောက် အရင်းရှင်နယ်ချဲ့ပါဝါတွေရဲ့ ထောက်ခံပံ့ပိုးမှု အခိုင်အမာ ရရှိထားတဲ့ ဇိုင်ယင်နစ်(စ်) အစ္စရေး နိုင်ငံတော်က ပါလက်စတိုင်း ပြည်သူတွေကို အစုလိုက်အပြုံလိုက် သတ်ဖြတ်နေတယ်။ အစ္စရေးနိုင်ငံတော်ကို အခုလို Genocide လုပ်နေခြင်းကို ပြတ်ပြတ်သားသား ဆန့်ကျင်ရမယ်၊ အဖိနှိပ်ခံ ပါလက်စတိုင်း ပြည်သူတွေဘက်က ပြတ်ပြတ်သားသား ရပ်တည်ရမယ်။ ဒါဟာ ကျွန်ုပ်တို့ ကွန်မြူနစ်တွေရဲ့ ရပ်တည်ချက် သဘောထားပဲ။ စာဖတ်သူတွေလဲ ကျွန်ုပ်တို့ဆောင်းပါးတွေကို ဖတ်ကြည့်ရင် ဒီရပ်တည်ချက်ကို မြင်ရလိမ့်မယ်။

မင်းအောင်လှိုင် ခေါင်းဆောင်တဲ့ စစ်အာဏာရှင် အစိုးရကတော့ သူ့ကျေးဇူးရှင် ဇိုင်ယင်နစ်(စ်) အစ္စရေး အစိုးရဘက်က ထောက်ခံရပ်တည်ပါတယ်။ ဗမာပြည် စစ်



Image : Socialist Appeal

အာဏာရှင် အစိုးရအဆက်ဆက်ကို အစ္စရေး အစိုးရက စစ်
ထောက်လှမ်းရေး သင်တန်းပေးခဲ့တာတွေ၊ စစ်လက်နက်
ရောင်းချပေးခဲ့တာတွေ အများကြီးရှိခဲ့တယ်။ ဒီတော့ ဗမာ
ပြည်က ရိုဟင်ဂျာတွေကို dehumanize လုပ်ပြီး လူမျိုးတုန်း
သတ်ဖြတ်ခဲ့တဲ့ စစ်အာဏာရှင် အစိုးရနဲ့ ပါလက်စတိုင်း
ပြည်သူတွေကို ‘humans animals’ လို့ သမုတ်ပြီး လူမျိုးတုန်း
သတ်ဖြတ်နေတဲ့ ဇိုင်ယင်နစ်(စ်) အစ္စရေး အစိုးရတို့ တဖက်
တည်း ရပ်ကြတာ မထူးဆန်း။ သားသတ်ကောင်ချင်းသတင်း
လွေ့လွေ့။

သို့သော် မင်းအောင်လှိုင် အာဏာသိမ်း စစ်အုပ်စုကို ဖြုတ်
ချဖို့ တော်လှန်နေပါတယ်ဆိုသော နုဂျီနဲ့ သူ့နောက်လိုက်
များက “မအလ စစ်အုပ်စုက ထောက်ခံသော၊ မအလ စစ်
အုပ်စုကို ကျားကန်ပေးထားသော” ဇိုင်ယင်နစ်(စ်) လူသတ်
ကောင်များကို စာနာထောက်ခံနေကြတာ မထူးဆန်းပေဘူး
လား။ သေချာစေ့ငုကြည့်ရင် မထူးဆန်းလို့သာ အဖြေထွက်
ပါလိမ့်မယ်။ နုဂျီနဲ့ သူ့နောက်လိုက်တွေက အနောက်အရင်း
ရှင်နယ်ချဲ့တွေကို ဒီမိုကရေစီ ဘက်တော်သားတွေလို့ ထင်
တယ်၊ သူတို့ကို ငွေစကြေးစလေး ပံ့ပိုးပေးမယ်လို့ မျှော်ကိုး
တယ်။ ဟိုက နည်းနည်းမှ အဖက်မလုပ်။ ယုတ်စွအဆုံး၊
၂၀၂၁ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီး ရက်ပိုင်းအတွင်း
အမေရိကန် ဖက်ဒရယ် ဗဟိုဘဏ်က freeze လုပ်လိုက်တဲ့
ဒေါ်လာသန်းတထောင်ကိုတောင် လက်ဖျားနဲ့တို့ခွင့်မပေး။
ဒီလိုဆိုပေမယ့်လဲ လစ်ဘရယ်ဘူဇွာတွေခများ ဆင့်ဟိုဒင်း
ခွေးမျှော်သလို လည်တမော့မော့။ သူတို့သခင်ကြီးများ
ထောက်ခံပံ့ပိုးထားတဲ့ ဇိုင်ယင်နစ်(စ်) အစ္စရေး နိုင်ငံတော်
ကို လေနဲ့တောင် မဆန့်ကျင်ရဲ။ အဖိနှိပ်ခံ ပါလက်စတိုင်း
ပြည်သူတွေဘက်က ပြတ်ပြတ်သားသား ရပ်တည်ရဲဖို့ ဝေး
စွ။ သူတို့ဆင်ခြေကား၊ ဟမား(စ်)တွေက ရန်စတိုက်ခိုက်လို့
နယ်ချဲ့အစ္စရေး နိုင်ငံတော်က ခုခံကာကွယ်နေရတာတဲ့။
ဒီnarrative မျိုး ကျွန်ုပ်တို့ ရင်းရင်းနှီးနှီး ကြားဖူးကြပါတယ်။
ပူပူနွေးနွေးကြီး ရှိသေးတာမို့ စာဖတ်သူများ မမေ့လောက်
သေးဘူး ထင်ရဲ့။

ရခိုင်ပြည်နယ်က နယ်ခြားစောင့်ရဲစခန်းကို အာဆာ အဖွဲ့
က ရန်စတိုက်ခိုက်ခြင်းဟာ နိုင်ငံ့အချုပ်အခြာ အာဏာကို
ထိပါးတာပဲ၊ ငါတို့အမိမြေ နိုင်ငံတော်ကို ကာကွယ်ကြဆိုတဲ့
ဟစ်ကြွေးသံအောက်မှာ ဗမာစစ်တပ်ရဲ့ ရိုဟင်ဂျာ လူမျိုး
တုန်းသတ်ဖြတ်ပွဲကြီးကို ရပ်တည်ထောက်ခံခဲ့ကြတယ်
မဟုတ်ပါလား။ ရိုဟင်ဂျာတွေက ကိုယ့်အိမ်ကိုယ် မီးရှို့ပြေး
သယောင် မီဒီယာကြီးတွေက ဝိုင်းလိမ်ခဲ့ကြသလို အခုနုဂျီ
ဝန်ကြီးအဖွဲ့ထဲ ရောက်နေသူတချို့ကပါ တသံတည်းထွက်
ခဲ့ကြသေးရဲ့။

အခုလဲ အနောက်မီဒီယာကြီးတွေရဲ့ war hysteria လှိုင်းလုံး
ကြီးအောက်မှာ ပြည်တွင်း-ပြည်ပ အခြေစိုက် ဗမာမီဒီယာ
တွေ၊ တတ်ယောင်ကား တတ်ကျမ်းသမား ဆယ်လီတွေ၊ တ
ရာဖိုး သုံးပုဒ်သမား social influencer ဆိုသူတွေ၊ နုဂျီ
နောက်လိုက် People's Spring လို စာမျက်နှာတွေက ရိုဟင်
ဂျာ ဂျီနိုဆိုက်တုန်းက ဆင်ခြေမျိုး ထုတ်လွှင့်ပြီး အစ္စရေး
ဘက်က ထောက်ခံနေကြရဲ့။ အာရပ်(ဘ်)နွေဦး
တော်လှန်ရေးကို အားကျပြီး ဗမာပြည် နွေဦး တော်လှန်ရေး
လို့ နာမည်ခံထားကြသူတွေက အခုတော့ အဖိနှိပ်ခံ အာရပ်
(ဘ်)တွေဘက်က မရပ်တည်၊ အစ္စရေး အုပ်စိုးသူ
လူတန်းစားဘက်က ရပ်တည်နေကြတာ အူကြောင်ကြောင်
နိုင်လှတယ်။

မနေ့က (အောက်တိုဘာ ၁၇၊ ၂၀၂၃) ဂါဇာမှာရှိတဲ့ al-Ahli
Arab ပြည်သူ့ဆေးရုံကြီးကို အစ္စရေးက လေကြောင်းကနေ
ပစ်ခတ်တိုက်ခိုက်ခဲ့တယ်၊ ကလေးသူငယ်နဲ့ အမျိုးသမီးတွေ
အပါအဝင် ပါလက်စတိုင်း ပြည်သူ ၅၀၀ ထက်မနည်း
သေဆုံးခဲ့ရတယ်။ အစ္စရေး နိုင်ငံတော်က ကျူးလွန်လိုက်တဲ့
massacre ပဲ။ ဂါဇာကို အစ္စရေးက အစာဖြတ်၊ ရေဖြတ်၊ မီး
ဖြတ်၊ ဆေးဝါးဖြတ်၊ ပြောရရင် လူလို အသက်ရှင်သန်နိုင်
ရေး လိုအပ်ချက်မှန်သမျှ အကုန်ဖြတ်တောက်ထားရုံနဲ့ အား
မရသေးဘဲ အခုလို ချောင်ပိတ်သတ်ဖြတ်နေတာ ဖြစ်

တယ်။ ဒါကိုမှ Genocide မခေါ်ရင် ဘယ်ဟာကို ခေါ်ရဦးမလဲ။

ဒီအကြောင်းကို နယ်ဂျီနောက်လိုက်တွေ ဘယ်လိုရေးသားဖော်ပြကြသလဲ ကြည့်ပါ -

"လူ ၅၀၀ ကျော် သေဆုံးခဲ့တဲ့ ဂါဇာဆေးရုံ တိုက်ခိုက်မှုဖြစ်စဉ်အပေါ် အစ္စရေးနဲ့ ဟားမားစ် အပြန်အလှန် စွပ်စွဲ"။

People's spring ရဲ့ ခေါင်းစီးကို ကြည့်တာနဲ့ သူတို့ရပ်တည်ချက်က ပေါ်နေပြီ။ အခုလို ဆက်ရေးပါတယ်။

"လူ ၅၀၀ ကျော် သေဆုံးခဲ့တဲ့ ဂါဇာ ဆေးရုံ ပေါက်ကွဲမှုကြီးနဲ့ ပတ်သက်လို့ အစ္စရေးနဲ့ ဟားမားစ် ပြောက်ကျားအဖွဲ့ကြားအပြန်အလှန် လက်ညှိုးထိုး စွပ်စွဲနေကြပါတယ်။

အောက်တိုဘာ ၁၇ ရက်က အစ္စရေးရဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် ဂါဇာစီးတီးမှာရှိတဲ့ ဆေးရုံတခုပေါက်ကွဲပြီး လူ ၅၀၀ ကျော် သေဆုံးခဲ့တာလို့ ဟားမားစ်တွေက ထိန်းချုပ်ထားတဲ့ ဂါဇာ ကျန်းမာရေး ဝန်ကြီးဌာနကကြေညာပါတယ်။ အစ္စရေးကတော့ သူတို့လက်ချက် မဟုတ်ဘဲ ဟားမားစ်တွေက အစ္စရေး ပိုင်နက်ဆီ ချိန်ရွယ်ပစ်ခတ်တဲ့ ဒုံးကျည်တစင်း လမ်းကြောင်းချော်ပြီး ကျရောက်ပေါက်ကွဲခဲ့တာသာ ဖြစ်တယ်လို့ တုံ့ပြန်ထားပါတယ်။"

မသိရင် ဘက်မလိုက်တဲ့ သတင်းရေးဟန်လိုလို။ ကချင်ပြည်နယ်၊ လိုင်ဇာအနီးက ဒုက္ခသည်စခန်းကို အာဏာသိမ်း စစ်ကောင်စီက လက်နက်ကြီးနဲ့ တိုက်ခိုက်သတ်ဖြတ်ခဲ့တဲ့ ဖြစ်စဉ်ကို အဲ့သလို သတင်းရေးရင် ဘက်မလိုက်သော၊ သမမျှတသော သတင်းရေးနည်းလို့ မိတ်ဆွေတို့ လက်ခံနိုင်ပါသလား။ အခုသတင်းရေးပုံက စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်း လေသံနဲ့ တထပ်တည်းဖြစ်မနေဘူးလား။

အရင်းရှင်နယ်ချဲ့ပါဝါတွေ အစွမ်းကုန် ပံ့ပိုးပေးထားတဲ့ အင်အားကြီး ဇိုင်ယင်နစ်(စ်) အစ္စရေး နိုင်ငံတော်က ပြောင်ပြောင်တင်းတင်း လူမျိုးတုန်း သတ်ဖြတ်နေတဲ့ပွဲမှာ ဘက်မလိုက်ခြင်းဆိုတာ မရှိနိုင်ဘူး။

- Defend Gaza!

- Free Palestine!

- Against the imperialist Zionist Israeli state!

- Down with the murderous Zionist regime!

- Down with the imperialist hypocrisy!

မေဆန် နဲ့ ဝင်းစံဖြူ ရေးသည်

---

Further reading - IMT statement:

https://www.marxist.com/down-with-hypocrisy-defend-gaza-imt-statement.htm

https://www.marxist.com/israel-palestine-no-to-the-invasion-of-gaza.htm



# Burma : barbarism, crime, war and the urgent need for socialism

Thurein Mon and Sau Zuk

Image: Paul Vrieze, Wikimedia Commons

It has been two years since Burma's military coup in 2021, which removed the bourgeois liberal government of Aung San Suu Kyi. The masses rose up heroically against the coup, but the liberals' betrayal led to a painful defeat. Today, the coup regime is creating hellish, barbarous conditions. From the free-falling economy, out-of-control organised crime and human trafficking in the hundreds of thousands, to the trigger-happy junta regime that faces potential civil war, capitalism has furnished yet another bloody case proving the need for socialism.

[Editor's note: the situation in Burma is developing rapidly. This article was written several days ago and explains the processes at play, but already there have been new developments unfolding, which we will continue to report on.]

All layers of the working class are suffering significantly. Real wages have declined by at least 50 percent between 2017 and 2022. The regions that have traditionally enjoyed higher wages have seen the largest falls. This is against the backdrop of sharp inflation.

The price of cooking oil has increased three to four times, the price of rice has also tripled, and the price of diesel has increased from 700 Kyats per litre before the coup to 3,000 Kyats per litre after the coup.

The regime has tried to control prices of low quality saturated cooking oil and fuel by regulating market prices, but given the strength of the dollar, the weakness of the Myanmar Kyat and the $1 billion USD budget deficit, this has proven impossible. All it has achieved is to aggravate shortages.

The junta has shown desperation in its attempt to lay its

hands on dollars, even threatening not to renew the passports of emigrants unless they prove they have paid their taxes.

Meanwhile, agricultural production has plummeted as a result of the high cost of inputs (e.g. fertiliser price hikes) and on account of military operations, that have seen rural peasants slaughtered, and the burning down of their houses as well as their instruments of labour including domestic animals. Moreover, the high level of unemployment has fuelled high rates of (illegal) emigration to neighbouring countries, mainly to Thailand and China.

Foreign Direct Investment (FDI) has completely dwindled compared to pre-pandemic levels. Power outages, the high cost of importing some semi-finished raw materials, increased oil and gas prices, and not least of all, the chaos resulting from western sanctions: all these factors, among others, are combining to push down industrial growth and to push up unemployment.

Aside from unemployment, chaos in basic services persistently disrupts the lives of ordinary people. Industrial and residential zones alike are suffering from lengthening blackouts. The regime's regular attacks against, closure of and even bombing of hospitals, as many health workers are involved in opposition movements, has tanked the healthcare system. This has led to a looming crisis of treatments to diseases like HIV and many others.

## Crime and slavery

Amidst the chaos, crime has grown significantly in Burma. Many parts of the country are now havens for internet and telecom scam enterprises, whose activities have defrauded victims around the world (many of whom are Chinese) of sums in the tens of billions of dollars. The problem is so severe that it was specifically discussed at the ASEAN summit in September.

Worse still, most of those conducting these scams were actually trafficked captives of the criminal gangs. According to the United Nations, as many as 120,000 people inside Burma today were trafficked and forced to conduct scam calls on behalf of the criminal gangs. In some cases, those who refuse to do the calls or were otherwise deemed worthless by the gangs, were condemned to forced labour in mines, or have even had their organs harvested!

The junta has been actively complicit in this human trafficking taking on a horrifying scale within its domain. For example, the junta rules the Kokang region of the Shan state through four ethnic-Chinese crime families, who in turn have made the area a hotbed of scams and trafficking. Needless to say, the cash-strapped junta – at least some among them – are enjoying kickbacks from the billions that the trafficked victims have hauled in from the gangsters.

That crime has infected Burmese society to such a degree is only a symptom of a profound crisis that is unfolding, and it is now impacting the top of the regime in more ways than one.

## Cracks at the top

As this crisis unfolds, the junta seems to be struggling with deep internal rifts. Former military council member Lt-Gen Moe Myint Tun was sentenced by a military court to life imprisonment for treason and many other crimes. Moe Myint Tun was one of junta chief Min Aung Hlaing's most




Image: Vadim Savitsky, Wikimedia Commons

trusted disciples and headed the regime's Burma Investment Commission, Foreign Exchange Supervisory Committee, and Central Committee on Ensuring Smooth Flow of Trade and Goods.

He was the fifth-highest ranking member of the 18-member military council formed after the 2021 coup, but was removed from the administration following his arrest in September.

That such a high ranking member of the junta saw such a spectacular fall from grace has naturally caught many by surprise. We may not know the real reason behind his removal for some time to come, but the charge of treason is particularly notable.

Powerless in the face of deteriorating contradictions in society, divisions will inevitably emerge within the ruling military dictatorship, beginning with differences among the generals themselves over how to proceed forward. This is a classic indicator of social explosions to come. Indeed, it is often cracks at the top that propel the masses forward.

Many countries – above all China – are deeply worried about the growing instability in Burma. If divisions among the generals widen, we may very well see attempts at foreign powers to intervene. As we have said in July 2021:

"If, at some stage, continued military rule becomes untenable, some of these officers may become more amenable to outside pressures from a power such as China. In the coming period, these foreign powers may come to favour a wing of the junta over ones that they view as too unreliable."

This perspective is becoming more likely by the day.

## Brutality

Whatever divisions there may be among the army tops, they are united in their propensity towards extreme brutality against any and all opposition.

The junta's forces have been launching military operations

in Middle Burma against the independently organised Local Defence Forces (LDF) and the People's Defence Forces (PDF), the armed militias organised by former participants of the mass movement against the coup. Air strikes are frequently called whenever the military feels pinned down or trapped by the guerrillas. This preferred tactic is becoming increasingly common. This year, the New York Times estimated that the Burmese junta has conducted an average of 30 airstrikes per month. In other words, civilians in Burma are being bombed almost every single day.

At times, the junta has carried out brutal war crimes without any preceding provocation or armed clash, as in the case of a recent massacre near the China-Burma border:

"It was just before midnight on October 9 when explosives rained down on Mung Lai Hkyet, a village in Burma's northern Kachin State where hundreds of displaced civilians were sheltering. At least 28 civilians were killed, including 10 women, 10 girls, seven men, and one 3-year-old boy. More than 60 were injured."

Much like the state of Israel, the junta does not hesitate to kill children. Myanmar Now reports that the junta has killed nearly 500 children since seizing power more than two and a half years ago. This number is only based on verified reports, and the real number may be far higher given the conduct of the regime.

Aside from these atrocities, the military is making cruel yet bizarre moves. In the battleground that is Shan state, it is reported that the military "rescued" over 500 foreigners who were trafficked there by criminals, only to send them to army camps to be used as forced labourers and human shields.

## Anaemic liberal opposition

On the other side, the various armed groups under the command of the National Unity Government (NUG) –



Image: European Parliament, Flickr

formed as a government-in-exile by the liberals after the 2021 coup – are becoming ever-more degenerate or bankrupt. Some local groups without arms or logistical support from the NUG are in tatters. An unnecessary loss of life of both civilians and resistance forces has been caused by a combination of rampant corruption at the top level of the NUG, the poorly armed forces at the ground level, and the superior forces of the junta with the support of the air force. This is a far cry from the days when the NUG announced its formation and the PDFs began springing up in many places, when, at least among the ranks of the PDF, there was a certain confidence in the armed struggle.

However, as we've explained repeatedly, the NUG suffered from a fundamental political weakness of being bourgeois liberals. They fundamentally share with the military clique the same interest in defending Burmese capitalism. With them at the leadership of this armed resistance, and given their lack of interest in using these forces to organise the working class to take over society, the armed resistance was inevitably going to go nowhere.

This is exactly what has happened, and most people have become disillusioned with the liberal leadership and exhausted with the so-called "armed revolution". Since the armed struggle began, the regime's "three-alls policy" – "kill all, burn all, loot all" – has led to more than one million being internally displaced, it has led to famine, and the wiping out of numerous households.

The liberal bourgeois leadership attempts to shore up its position by constantly sowing illusions and spreading false hopes that military victory is imminent. Given their tattered state, however, this is wearing thin.

The military is well aware that an election might well lead to the masses rallying once more behind the NUG and Aung San Suu Kyi, who is now in prison, but the NUG has nothing it can offer the generals anymore. There is therefore no prospect of the junta calling a 'general election', despite what they once promised. The whole political situation has reached a stalemate.

## Contradictions with China

As we have said on many occasions previously, the imperialist power that dominates over Burma is China. The West has more or less retreated. Both the bourgeois liberals led by Aung San Suu Kyi and the military are deeply in favour of alignment with China, as investments from China and Hong Kong make up around 38 percent of foreign investments in the country. The Yangon branch of the Chinese state bank ICBC is actively promoting the usage of the RMB in Burma's foreign trade. The West has been decisively edged out.

Chinese imperialism has significant interests in Burma, not only as a bordering country, but also as a direct route to the Indian Ocean. Burma is also an important counterbalance against Vietnam, China's primary competitor in the Indochina Peninsula.

The Chinese regime was unhappy with the coup, as it was deeply destabilising and risked spreading chaos into China, where the masses are in growing ferment. As the military clearly triumphed over the NUG, however, China had no choice but to support the military in the hope of stabilising the country once more and safeguarding Chinese capitalist interests, especially the Belt and Road projects.

While the Burmese junta remains by and large deferential to Beijing, the latter has put a number of checks in place as a warning to the regime, such as the United Wa Army which is openly funded and propped up by China, and through which it indirectly supports other large ethnic militias of its choice, at various times and for its own interests.

But clearly the junta has not only failed to keep things under control, it has proven powerless to stop criminal activities from festering in Burma. Reportedly, the centres of these activities are either in the northern regions that border China or at the KK Park – a commercial compound on the Thai border that is run by Chinese capitalist She Lun Kai. Whilst he is suspected on the one hand of engaging in criminal activity that is irritating the Chinese regime... his other project in Burma was listed as a key project of the Belt and Road Initiative in the country!

It would appear that China has lost patience with the junta's handle on the situation in the north of the country. This year, after the junta's Commerce Minister publicly downplayed China's request to curb cybercrimes, China directly conducted police operations in Burma's Shan State in September, resulting in 269 arrests.

Subsequently, the regional ethnic militias in the north – three of which formed the Three Brotherhood Alliance, with the ethnic-Chinese Myanmar National Democratic Alliance Army (MNDAA) at its head – suddenly launched an offensive in Shan State under the banner of "wiping out scam operations". In effect, this meant deposing the four crimelords who rule the region in the name of the military, which is itself deeply embedded in the criminal activity that China wants to wipe out.

At the time of writing, the rebels have captured over 138 bases from the junta in the area – a feat achieved thanks to the fact that the rebels have mysteriously acquired advanced weaponry that they've never previously had access to. Ten more militias have announced that they have joined the Three Brotherhood Alliance.

While the armed rebellion is an affront to the junta, it seems that it has gained China's sympathy if not indirect support. The MNDAA has long been armed and trained by China's proxy, the United Wa Army, and Chinese state media has been actively reporting on the Burma junta's losses in the Shan state.

Of course, ultimately the Burma regime is powerless to disobey China. On the other hand, China's patience with the junta is rapidly running out, and it may very well look to different factions within the army or other forces to prop up as a check or even replace the current clique led by General Min Aung Hlaing.

## Class struggle being prepared

Against the backdrop of economic crisis, brutal dictatorship, war and a lack of leadership, the Burma working class in the cities are facing conditions that once again push them towards struggle.

A notable example was a workers' occupation of a Chinese-owned garment factory in Yangon in early October, when the management informed the workers that the factory would be closed down after only a year and a half in operation.

Given that the military smashed the trade unions after the coup, this struggle is a heroic one. It is also not a rare oc-

currence. Recent months have seen a number of strikes and union organising efforts from below in the cities.

The initial period whereby the working class once more collects its strength will not be a smooth process. However, it will eventually happen. The conditions do not allow for the proletariat of Burma to sit by indefinitely while barbarism creeps in around them. At one point or other, they will begin to move once more.

The most urgent task for communists in this period is to refound our forces on the basis of correct theory. The past period has exposed the inherently traitorous nature of the NUG liberals and reformists, but illusions in guerrilla war as a substitute for class struggle, or engaging in this or that popular front with the liberals, still abound among the youth. The supporters of The Struggle magazine, the Burmese supporters of the ideas of the International Marxist Tendency, will steadfastly champion Marxist ideas in the face of these theoretical errors. We invite all sincere revolutionary youths to join us.



# ၁၀၂၇ စစ်ဆင်ရေး၊ စစ်ကောင်စီ ခါးပိုက်ဆောင် ဒုစရိုက်ဂိုဏ်းများ၊ မျက်နှာနှစ်ဖက်နဲ့ တရုတ် အစိုးရ

နိုင်ထက်

Image : The Kokang

## ၁၀၂၇ နဲ့ ၁၁၁၁ စစ်ဆင်ရေး

၁၀၂၇ စစ်ဆင်ရေးနဲ့အတူ ကိုးကန့် (မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်) MNDAA အဖွဲ့က လောက်ကိုင်မြို့ကို ဝင်ရောက်တိုက်ခိုက်တော့မယ်လို့ နိုဝင်ဘာလ ၁၄ ရက်နေ့က ကြေညာလိုက်ပါတယ်။

ကိုးကန့် (မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်) MNDAA ၊ တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် TNLA၊ရက္ခိုင့် တပ်တော် (AA) တို့အပါအဝင် တခြားလက်နက်ကိုင် တပ်ဖွဲ့တွေ စစ်ဆင်ရေးစတင်သောနေ့ (အောက်တိုဘာလ ၂၇ ရက်နေ့ )ကို အစွဲပြုပြီး နာမည်ပေးထားသော ၁၀၂၇ စစ်ဆင်ရေးနဲ့ စစ်အုပ်စု တပ်တွေကို ထိုးစစ်ဆင်နေတာ ရက်ပေါင်း ၂၀ တင်းတင်းပြည့်မြောက်လာပြီ ဖြစ်ပါတယ်။

ဗမာပြည် အရှေ့မြောက်အရပ်က စတင်လိုက်တဲ့ ဒီစစ်ဆင်ရေးရဲ့ ထိုးစစ်ဆင်မှုဟာ ရခိုင်ပြည်နယ်၊ ကရင်နီပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ် တို့ပါပြန့်နှံ့သွားပြီး မြို့တချို့ကို သိမ်းယူလာနိုင်တဲ့အထိ ပြင်းထန်နေတာကိုလဲ တွေ့ရပါတယ်။

ဒီစစ်ဆင်ရေးကြောင့် ရှမ်းပြည်နယ် မြောက်ပိုင်းက မြို့နယ် ၈ ခုကို စစ်ကောင်စီက စစ်အုပ်ချုပ်ရေး (မာရှယ်လော) ကြေညာထားရပါတယ်။

စစ်ကောင်စီက မာရှယ်လော ကြေညာလိုက်တဲ့ မြို့တွေကတော့ ကွတ်ခိုင်၊ ကွမ်းလုံ၊ နမ့်ခမ်း၊ မူဆယ်၊ လားရှိုး၊ သိန္နီ ၊လောက်ကိုင်၊ ကုန်းကြမ်းမြို့နယ်တို့ ဖြစ်ပါတယ်။

အဲ့ဒီမြို့တွေထဲက ကွမ်းလုံ၊ သိန္နီနှင့် နမ့်ခမ်းတို့ဟာ မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့ဝင်များ သိမ်းပိုက် ထိန်းချုပ်ထားတဲ့ မြို့တွေ ဖြစ်ပါတယ်။

ဒါ့အပြင် စစ်ကိုင်းတိုင်းက ကောလင်းမြို့၊ ခမ်းပတ်မြို့နဲ့ ချင်းပြည်နယ်က ရိဒ်ခေါဒါရ်မြို့တွေကိုလဲ ပြည်သူ့ကာကွယ်ရေးတပ် PDF နဲ့ စစ်ကောင်စီကို ဆန့်ကျင်နေတဲ့ လက်နက်ကိုင်တပ်ဖွဲ့တွေက သိမ်းယူထားနိုင်တယ်လို့ သိရပါတယ်။




ဒီစစ်ဆင်ရေးတွေကြောင့် စစ်အုပ်စုဘက်က အတော်အထိနာသွားပြီး လောက်ကိုင် ဒကစလက်အောက်ခံ ခလရ ၁၂၉ က တပ်ရင်းမှူး ၁ ဦး အပါ တပ်ဖွဲ့ဝင် ၁၂၇ ယောက်ပါတဲ့ တပ်ရင်းတရင်းလုံးနဲ့ တပ်မိသားစုဝင်တွေ အလင်းဝင်ရောက်ခဲ့တာ တွေ့ရပါတယ်။

နိုဝင်ဘာလ ၁၁ ရက်နေ့ကို အစွဲပြုပြီး ၁၁၁၁ စစ်ဆင်ရေး လုပ်ဆောင်နေတဲ့ ကရင်နီပြည်နယ် လွိုင်ကော်မြို့က တိုက်ပွဲတွေမှာလဲ KNDF တပ်ဖွဲ့တွေဟာ စစ်အုပ်စုထိန်းချုပ်ထားတဲ့ လွိုင်ကော်တက္ကသိုလ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်ဝန်ထမ်း ၁၃၄ဦးနဲ့ မိသားစုဝင် ၆၄ဦးကို ကယ်ထုတ်ခဲ့ရတယ်လို့ ဆိုပါတယ်။

အဲ့ဒီတိုက်ပွဲတွေမှာလဲ စစ်အုပ်စုဘက်က တပ်ခွဲမှူးအပါအဝင် စစ်သား ၃၂ဦး လက်နက်ချ အညံ့ခံလာတယ်လို့ KNDF ဘက်ကထုတ်ပြန်ထားတာကို တွေ့ရပါတယ်။

## စစ်ပြေးဒုက္ခသည်များ

စစ်ကောင်စီဘက်ကလဲ တိုက်ပွဲပြင်းထန်ရာဒေသတွေကို လေကြောင်းတိုက်ခိုက်မှုတွေ၊ လက်နက်ကြီးနဲ့ ပစ်ခတ်မှုတွေ လုပ်ဆောင်နေတာကြောင့် စစ်ပွဲဖြစ်ပွားရာဒေသတွေက ပြည်သူသိန်းနဲ့ချီ ထွက်ပြေးတိမ်းရှောင် နေရပါတယ်။

၁၀၂၇ စစ်ဆင်ရေးစတင်ပြီး ရက်ပေါင်းနှစ်ဆယ်အတွင်း တိုက်ပွဲဖြစ်ပွားရာ ဒေသတွေဖြစ်တဲ့ ရှမ်းပြည်နယ် မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ကရင်နီပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ် (ကျိုက်မရော)တို့က နေရာစွန့်ခွာ ထွက်ပြေးရသူ နှစ်သိန်းအထိ ရှိလာပြီလို့ ကုလသမဂ္ဂ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)က ဆိုပါတယ်။

တိုက်ပွဲတွေအတွင်း ကလေးငယ်တွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေအပါအဝင် အရပ်သား ၇၅ ဦး သေဆုံးခဲ့ပြီး ၉၄ ဦး ဒဏ်ရာရှိခဲ့ကြောင်း UNOCHA ကထုတ်ပြန်ထားတာဖြစ်ပါတယ်။

၁၀၂၇ စစ်ဆင်ရေးနဲ့အတူ မြို့သိမ်းတိုက်ပွဲ ဆင်နွှဲနေတဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မှာ အကြမ်းဖက်စစ်အုပ်စုလေတပ်က ဂျက်ဖိုက်တာနဲ့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကလေးငယ်တွေအပါအဝင် အရပ်သား၁၇ဦး သေဆုံးခဲ့တယ်လို့ INUG ကလဲ ထုတ်ပြန်ထားပါတယ်။

၁၀၂၇ စစ်ဆင်ရေးမှာ အာဏာသိမ်းစစ်တပ် များစွာ အထိနေပါတယ်။ သို့သော်လဲ တဖက်မှာတော့ လွန်စွာမှ မဆင်မခြင် ရက်စက်တတ်သော အာဏာသိမ်း စစ်တပ်ရဲ့ တန်ပြန်တိုက်ခိုက်တွေမှုတွေ၊ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် အရပ်သားအများအပြား ထိခိုက်သေဆုံးနေရသလို နေရပ်စွန့်ခွာထွက်ပြေးနေရပါတယ်။




Image : The Kokang

## အရေးကြီးတဲ့ စစ်ရေး ရည်မှန်းချက်တခု

မြောက်ပိုင်းမဟာမိတ်သုံးဖွဲ့ရဲ့ ၁၀၂၇ စစ်ဆင်ရေး ရည်မှန်းချက်တွေထဲမှာ ကိုးကန့်အထူးဒေသ(၁)အတွင်း အွန်လိုင်း ငွေကြေးလိမ်လည်မှုများ လုပ်ဆောင်နေတဲ့ (ကျား ဖြန့်)ကုမ္ပဏီတွေကို အမြစ်ဖြတ်ဖို့ ဆိုတဲ့အချက်လဲ ပါဝင်တာ တွေ့ရပါတယ်။

အွန်လိုင်း ငွေကြေးလိမ်လည်မှု ကျားဖြန့် လုပ်ငန်းတွေ နဲ့ နယ်စပ်ဖြတ်ကျော် ဒုစရိုက်လုပ်ငန်းတွေဟာ တရုတ်အစိုးရ က အသည်းသန်အမြစ်ဖြတ်ဖို့ ကြိုးပမ်းနေတဲ့ လုပ်ငန်းတွေ လဲ ဖြစ်ပါတယ်။ တရုတ်အစိုးရက ကျားဖြန့် လုပ်ငန်းတွေ ကို နှိမ်နင်းနေခိုက် ၁၀၂၇ စစ်ဆင်ရေး ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

## စစ်ကောင်စီ ခါးပိုက်ဆောင် ဒုစရိုက်ဂိုဏ်း တွေနဲ့ ကျားဖြန့်လုပ်ငန်းများ

နယ်စပ်ဒေသတွေသာမက ဗမာပြည်တွင်းမှာပါ ကျယ်ပြန့် လာနေတဲ့ အွန်လိုင်းလောင်းကစားနဲ့ ငွေကြေး လိမ်လည် ရေး နယ်စပ်ဖြတ်ကျော် ဒုစရိုက်ဂိုဏ်းတွေဟာ စစ်ကောင်စီ နဲ့ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ပတ်သက်မှုတွေ ရှိနေ တယ်လို့ တရုတ်-မြန်မာအရေး ကျွမ်းကျင်သူတွေက သုံးသပ် ထားပါတယ်။

တကယ့်မြေပြင်မှာလဲ စစ်ကောင်စီက တရုတ်-ဗမာနယ်စပ် တလျှောက် ကျယ်ပြန့်လာနေတဲ့ အွန်လိုင်းလောင်းကစား နဲ့ ငွေကြေးလိမ်လည်ရေး နယ်စပ်ဖြတ်ကျော် ဒုစရိုက်ဂိုဏ်း တွေကို နည်းလမ်းမျိုးစုံနဲ့ အကာအကွယ်ပေးထားတဲ့အပြင် စစ်ကောင်စီလက်အောက်ခံ ပြည်သူ့စစ်တွေ ကိုယ်တိုင် ပါဝင်နေပါတယ်။

အခုစစ်ဖြစ်နေတဲ့ ကိုးကန့်ဒေသမှာဆိုရင် စစ်ကောင်စီ လက်အောက်ခံ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အကြီးအကဲတွေကိုယ်တိုင် အွန်လိုင်းလောင်းကစားနဲ့ ငွေကြေး လိမ်လည်ရေးလုပ်ငန်းတွေ လုပ်ကိုင်နေသလို သူ တို့ကို တရုတ်အစိုးရက ဖမ်းစီးအရေးယူထားတယ်လို့ သိရှိ ရပါတယ်။

အွန်လိုင်းငွေကြေးလိမ်လည်ရေး ကျဖြန့် လုပ်ငန်းတွေမှာ ဦးဆောင်ပါဝင်နေတဲ့ ကိုးကန့်ဒေသ ကြံ့ခိုင်ရေး အမတ် ဟောင်းနဲ့ သားဖြစ်သူ ပြည်သူ့စစ်ခေါင်းဆောင် အပါအဝင် မိသားစုဝင်တချို့ကို တရုတ်အစိုးရက အခုရက်ပိုင်းမှာပဲ ဖမ်းဝရမ်းထုတ်ခဲ့ပါ့တယ်။

မြန်မာနိုင်ငံမြောက်ပိုင်း ကိုးကန့်မြို့နယ်မှာ အွန်လိုင်း ငွေကြေးလိမ်လည်ရေး လုပ်ငန်း လုပ်ကိုင်ကြောင်း သံသယ ရှိသူ ၄ ဦးကို တရုတ်နိုင်ငံ ဇီကျန်းဒေသ ဝမ်းဇူးခရိုင် ရဲတပ်ဖွဲ့ကဖမ်းဝရမ်းထုတ်ပြန်ခဲ့ပါတယ်။

သူတို့ ၄ ဦးနဲ့ ပတ်သက်ပြီး သဲလွန်စ ခိုင်ခိုင်မာမာ ပေးနိုင် သူတွေနဲ့ ဖမ်းဆီးရေး အကူအညီပေးသူတွေကို တရုတ်ငွေ ယွမ် တသိန်းကနေ ယွမ် ငါးသိန်းအထိ ဆုကြေးငွေ ပေးအပ် သွားမယ်လို့ တရုတ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနရဲ့ ထုတ် ပြန်ချက်မှာ ဖော်ပြထားပါတယ်။

တရုတ် အစိုးရက စစ်တပ်လက်ဝေခံ ကြံ့ခိုင်ရေးပါတီရဲ့ ကိုး ကန့်ဒေသ၊ လောက်ကိုင်မြို့ကိုယ်စားပြု ရှမ်းပြည်နယ် လွှတ်တော် ကိုယ်စားလှယ်ဟောင်းဖြစ်သူ ဦးမြီရှောင်ချန်းနဲ့ မိသားစုဝင်သုံးဦးကို ဖမ်းဝရမ်း ထုတ်ပြန်လိုက်တာ ဖြစ်ပါ

တယ်။

ကြံ့ခိုင်ရေး လွှတ်တော်အမတ်ဟောင်း ဦးမြိုရှောင်ချန်းဟာ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးဆောင်ကော်မတီ အဖွဲ့ဝင်ဟောင်းလဲ ဖြစ်ပါတယ်။

သူရဲ့သားဖြစ်သူ မြိုကော်ဖျင်ဟာ ရှမ်းပြည်နယ် ကိုးကန့် ဒေသအခြေစိုက် စစ်ကောင်စီလက်အောက်ခံ ပြည်သူ့စစ် တပ်ခွဲခေါင်းဆောင် တဦးအဖြစ် တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါတယ်။ ဒါ့အပြင် သမီးဖြစ်သူ မြိုကျူးလန့်နဲ့ မြေး မြို ကြိမ်းကြိမ်းတို့ကို တရုတ်အစိုးရက အွန်လိုင်းငွေကြေး လိမ်လည်ဂိုဏ်းတွေ ဦးဆောင်လုပ်ကိုင်နေတယ်လို့ ဆိုပြီး ဖမ်းဝရမ်းထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

ဖမ်းဝရမ်းထုတ်ပြန်ရာမှာ ဦးမြိုရှောင်ချန်းဟာ လက်နက်ကိုင် လှုပ်ရှားမှုကို ပြောင်ပြောင်တင်းတင်း အသုံးချပြီး တရုတ် နိုင်ငံသားတွေကို ပစ်မှတ်ထားတဲ့ အွန်လိုင်းငွေကြေး လိမ်လည်ရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် ဦးဆောင် လုပ်ကိုင်နေတာ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီလို့ ဖော်ပြ ထားပါတယ်။

ဒါ့အပြင် သူတို့အဖွဲ့ဟာ ဥပဒေ တားမြစ်ချက်တွေကို ဂရုမ စိုက်ဘဲ ရာဇဝတ်မှုတွေကို ဆက်လက်ချိုးဖောက်နေဆဲ ဖြစ် တယ်လို့ ဆိုပါတယ်။

လောင်းကစားလုပ်ငန်းနဲ့အတူ ရည်ရွယ်ချက်ရှိရှိ လူသတ်မှု ၊ ညှဉ်းပန်းနှိပ်စက်မှုနဲ့ တရားမဝင် ဖမ်းဆီးနှိပ်စက်မှုတွေ အပါအဝင် ပြင်းထန်တဲ့ အကြမ်းဖက် ရာဇဝတ်မှုတွေကို ကျူးလွန်ကြောင်း သံသယရှိတယ်လို့ ထည့်သွင်းဖော်ပြထား ပါတယ်။

တချိန်တည်းမှာပဲ သံသယရှိသူတွေကို ဖမ်းဆီးနိုင်ရေး အတွက် ပြည်သူတွေအနေနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေ ကို သတင်းပို့ပေးဖို့လည်း တိုက်တွန်းထားပါတယ်။

## ကျားဖြန့်နဲ့ စစ်ကောင်စီ အကျိုးစီးပွားချင်း ယှက်နွယ်

စစ်ကောင်စီ ခေါင်းဆောင် မင်းအောင်လှိုင်က အွန်လိုင်း ငွေကြေးလိမ်လည်ရေး ကျဖြန့်လုပ်ငန်းတွေနဲ့ပတ်သက်ပြီး



လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့တွေကို စွပ်စွဲအပြစ်တင်နေပေမယ့် တကယ့်လက်တွေ့မှာ မင်းအောင်လှိုင်နဲ့ ဆက်စပ်သူ အများအပြားကို တရုတ်အစိုးရက ဖမ်းဆီးအရေးယူထားပြီး တချို့ကို ဖမ်းဝရမ်းထုတ်ပြန်ထားတာ ဖြစ်ပါတယ်။

အောက်တိုဘာလဆန်းကလဲ တရုတ်အစိုးရက ကိုးကန့်ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင် ၁၁ ဦးကို ဖမ်းဆီးခဲ့ရာမှာ စစ်ကောင်စီနဲ့ အကျိုးတူ ပူးပေါင်းဆောင်ရွက်နေတဲ့ လုပ်ငန်းရှင်အများအပြား ပါဝင်ခဲ့တယ်လို့ တရုတ်မီဒီယာတွေမှာ ဖော်ပြထားပါတယ်။

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက အာဏာပိုင်တွေ ပိုင်ဆိုင်တဲ့ အွန်လိုင်း လောင်းကစား ကုမ္ပဏီတခုကတော့ Fully Light ကုမ္ပဏီ ဖြစ်ပါတယ်။ Fully Light ကုမ္ပဏီရဲ့ CEO ဦးမောင်မောင်ဟာ စစ်ကောင်စီနဲ့ ပဏာသင့်တဲ့ ကိုးကန့် စီးပွားရေးလုပ်ငန်းရှင်တဦး ဖြစ်ပါတယ်။

စစ်ကောင်စီနဲ့ တိုက်ရိုက်ပတ်သက်နေတဲ့ အွန်လိုင်း လောင်းကစားလုပ်ငန်း၊ ငွေကြေးလိမ်လည်ရေး လုပ်ငန်းတွေက ဒါတင်မကသေးပါဘူး။

စစ်အုပ်စု လက်အောက်ခံ ကရင်နယ်ခြားစောင့်တပ် BGF အခြေစိုက်ရာ ရွှေကုက္ကိုလ် မြို့သစ်မှာလဲ တရုတ်ရာဇဝတ်ဂိုဏ်းတွေနဲ့ ဗိုလ်ချစ်သူ BGF တပ်တွေ ပူးပေါင်းပြီး အွန်လိုင်းငွေကြေးလိမ်လည်မှု ကျားဖြန့်လုပ်ငန်း လုပ်ကိုင်နေတယ်လို့ ဆိုပါတယ်။

BGF ခေါင်းဆောင်စောချစ်သူနဲ့ ပူးပေါင်းပြီး ရွှေကုက္ကိုလ် လောင်းကစားမြို့သစ်မှာ အများဆုံး ရင်းနှီးမြှုပ်နှံထားသူ ရထိုက်ကုမ္ပဏီ ဥက္ကဋ္ဌဟာ တရုတ်အစိုးရ အလိုရှိနေတဲ့ ရာဇဝတ်ဂိုဏ်း ခေါင်းဆောင်တဦး ဖြစ်ပါတယ်။

စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်က ဒီလုပ်ငန်းတွေကို သူ့ခါးပိုက်ဆောင်တပ် ပြည်သူ့စစ်နဲ့ နယ်ခြားစောင့်တပ်တွေ ငွေရှာဖို့ ခွင့်ပြုထားတာ ဖြစ်ပါတယ်။

## ငွေလိမ်ဂိုဏ်းတွေရဲ့ အကျဉ်းသားများ

စက်တင်ဘာလမှာ ထုတ်ပြန်ခဲ့သော ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီရဲ့ ကြေညာချက်ထဲမှာ အရှေ့တောင်အာရှက ပြန်ပေးဆွဲခံရတဲ့ လူနှစ်သိန်း နီပါးလောက်ရှိနေပြီး အဲ့ဒီထဲက ငါးဆယ်ရာခိုင်နှုန်းလောက်ဟာ ဗမာပြည်နယ်နိမိတ်ထဲမှာ ရှိနေတဲ့ အွန်လိုင်းငွေကြေးလိမ်လည်ရေးနဲ့ လောင်းကစားရုံတွေမှာ ပြန်ပေးဆွဲခံထား ရတာ ဖြစ်တယ်လို့ ဆိုပါတယ်။

UNODC ရဲ့ အစီရင်ခံစာမှာလဲ အွန်လိုင်းလိမ်လည်ရေးလုပ်ငန်းတွေဟာ လူကုန်ကူးမှု အမြောက်အမြား ကျူးလွန်ထားပြီး၊ အပြင်းအထန် ညှင်းပန်းနှိပ်စက်ကာ လိမ်လည်မှုတွေကို အဓမ္မ ခိုင်းစေနေတယ်လို့ ထုတ်ပြန်ထားပါတယ်။

အဲ့ဒီထုတ်ပြန်ချက်မှာပဲ နိုင်ငံပေါင်း ၁၇ နိုင်ငံလောက်က သိန်းနဲ့ချီတဲ့လူတွေ လူကုန်ကူးခံထားရပြီး အွန်လိုင်းငွေကြေးလိမ်လည်ရေး ဒုစရိုက်လုပ်ငန်းတွေမှာ အဓမ္မအလုပ်ခိုင်းစေခံနေရတယ်လို့ ဆိုပါတယ်။

အကြမ်းဖက် စစ်ခေါင်းဆောင် မင်းအောင်လှိုင်က ဒီလိုဆိုးယုတ်တဲ့ လုပ်ငန်းတွေနောက်ကွယ်မှာ ပါဝင်ပတ်သက်နေတာပဲ ဖြစ်ပါတယ်။

## အသွားနှစ်ဖက်နဲ့ဓားလို တရုတ်အစိုးရရဲ့ သဘောထား

တရုတ်အစိုးရဟာ ဗမာပြည်တွင်းက တရုတ် ဒုစရိုက်ဂိုဏ်းတချို့နဲ့ စစ်အုပ်စုလက်အောက်ခံ ပြည်သူ့စစ်တွေ လုပ်ကိုင်နေတဲ့ ကျားဖြန့်လုပ်ငန်းတွေကို နှိမ်နင်းဖို့ လုပ်နေပေမယ့် တဖက်မှာလဲ စစ်ကောင်စီနဲ့ ဆက်ဆံရေး ကောင်းလိုတဲ့ သဘော တွေ့ရပါတယ်။

၁၀၂၇ စစ်ဆင်ရေး ပေါ်ပေါက်လာပြီး ရက်ပိုင်းအတွင်းမှာပဲ

တရုတ် နိုင်ငံတော်ကောင်စီဝင်လဲဖြစ်၊ ပြည်သူ့လုံခြုံရေး ဆိုင်ရာ ဝန်ကြီးလဲဖြစ်တဲ့ မစ္စတာဝမ်ရှောက်ဟုန် ဗမာနိုင်ငံကို ရောက်လာပြီး စစ်ခေါင်းဆောင် မင်းအောင်လှိုင်နဲ့ တွေ့ဆုံခဲ့ပါတယ်။

တရုတ်အစိုးရအဖွဲ့မှာ ထိပ်တန်းရာထူး သုံးခုလောက်ထမ်းဆောင်နေတဲ့ မစ္စတာဝမ်ရှောက်ဟုန်က အောက်တိုဘာလ ၃၁ ရက်နေ့ မနက်ပိုင်းမှာ စစ်ခေါင်းဆောင် မင်းအောင်လှိုင်နဲ့ နေပြည်တော်မှာ တွေ့ဆုံခဲ့ပြီး ကိုးကန့်ဒေသ၊ လောက်ကိုင်မှာ ဖြစ်ပွားနေတဲ့ အွန်လိုင်း ငွေကြေးလိမ်လည်မှုတွေ၊ မူးယစ်ကိစ္စတွေကို နှစ်နိုင်ငံ ပူးပေါင်းတိုက်ဖျက်ဖို့ ပြောဆိုခဲ့ပါတယ်။

ဒီမတိုင်ခင်ကလဲ တရုတ်အစိုးရဘက်က စစ်ကောင်စီတာဝန်ရှိသူတွေနဲ့ ၁၂ ကြိမ်တိတိ တွေ့ဆုံခဲ့ပြီး ဗမာပြည်အတွင်းက အွန်လိုင်းလောင်းကစားနဲ့ ဒုစရိုက်ဂိုဏ်းတွေကို နှိမ်နင်းပေးဖို့ ဖိအားပေးပြောဆိုတာတွေ ရှိခဲ့ပါတယ်။

သို့ပေမယ့် စစ်ကောင်စီဘက်က ထိထိရောက်ရောက် ကိုင်တွယ်ခြင်း မရှိခဲ့ပါဘူး။ ဒါ့ကြောင့်ပဲ တရုတ် အထူးတပ်ဖွဲ့တွေကိုယ်တိုင် “ဝ” ဒေသကို ဝင်ရောက်ပြီး စစ်ဆင်ရေးတွေ ဆောင်ရွက်ခဲ့တာ တွေ့ခဲ့ရတယ်။

BBC သတင်းဌာနရဲ့ ဖော်ပြချက်အရ လောက်ကိုင်မြို့မှာ ခိုအောင်းနေတဲ့ အွန်လိုင်းငွေလိမ်ဂိုဏ်းတွေကို နှိမ်နင်းဖို့ တရုတ်နိုင်ငံရဲ့ အထူးတပ်ဖွဲ့တွေကို ဗမာပြည်မြေပေါ် ခြေချခွင့်ပြုခဲ့ရကြောင်း သိရပါတယ်။

တလောက ဗမာနိုင်ငံကို ရောက်လာတဲ့ တရုတ် နိုင်ငံတော်ကောင်စီဝင်၊ ပြည်သူ့လုံခြုံရေးဝန်ကြီးနဲ့ စစ်ကောင်စီကြားအဲဒီလိုနှစ်နိုင်ငံပူးပေါင်းနှိမ်နင်းဖို့ သဘောတူခဲ့ကြသလို အာဏာသိမ်းစစ်တပ်ရဲ့ ကာလုံအစည်းအဝေးမှာလဲ တင်ပြခဲ့တယ်လို့ ဘီဘီစီက ဖော်ပြထားပါတယ်။

ဒါ့အပြင် ၁၀၂၇ စစ်ဆင်ရေး စတင်ပြီးနောက်ပိုင်း ပြုလုပ်တဲ့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဝမ်ဝင်ပင်ရဲ့ သတင်းစာရှင်းလင်းပွဲတွေမှာလဲ နှစ်ဖက်တပ်ဖွဲ့တွေ အမြန်ဆုံး အပစ်ရပ်ပြီး တရုတ် - ဗမာ နယ်စပ်တည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ပေးဖို့၊ နှစ်ဖက်တိုက်ပွဲတွေမှာ တရုတ်နိုင်ငံရဲ့ အကျိုးစီးပွားတွေ မထိခိုက်စေဖို့ တွင်တွင်ပြောဆိုခဲ့ပါတယ်။

ဗမာပြည်တွင်းမှာရှိနေတဲ့ ကျားဖြန့်လုပ်ငန်းတွေကို နှိမ်နင်းဖို့ရာ တရုတ်အစိုးရက သူ့ဩဇာခံ လူမျိုးစု လက်နက်ကိုင်တပ်ဖွဲ့တွေကို မီးစိမ်းပြခဲ့တယ်လို့ နိုင်ငံရေး အကဲခတ်တွေက ပြောဆိုနေပေမယ့် တရုတ်အစိုးရဟာ စစ်ကောင်စီနဲ့ နဂိုရှိပြီးသား ပေါက်ဖော်ဆက်ဆံရေးကို ဆက်ထိန်းဖို့ အလိုရှိနေတာ မြင်တွေ့ရပါတယ်။

ကိုးကန့် (မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်) MNDAA အဖွဲ့ရဲ့ လောက်ကိုင်မြို့ကို ဝင်ရောက်တိုက်ခိုက်မယ်လို့ ထုတ်ပြန်ကြေညာချက်မှာလဲ စစ်ဆင်ရေး ပြုလုပ်ရာမှာ တရုတ် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းနဲ့ တရုတ်နိုင်ငံသားပိုင် လုပ်ငန်းတွေ မထိခိုက်စေဖို့ ဆိုတဲ့ အချက်တွေ ပါဝင်နေပါတယ်။


ဒီအချက်တွေကို ထောက်ရှုခြင်းအားဖြင့် တရုတ် အရင်းရှင်အစိုးရရဲ့ အသွားနှစ်ဖက်နဲ့ဓားလို သံတမန် ဆက်ဆံရေးမျိုးကို အထူးဂရုပြုဖို့ လွန်စွာအရေးကြီးလှပါတယ်။

နိုင်ထက်



# ရုရှား မာ့(က်စ်)ဝါဒမွေးဖွားလာခြင်း

လင်းလက် မြန်မာပြန်သည်




ပလက်ခနော့(ဗ်) အင်အားစုရဲ့ ရှေ့အလားအလာက မျှော်လင့်အားတက်စရာ မကောင်းခဲ့ပါဘူး။ ‘လူထုဆီချီတက်ကြ’ ဆိုတဲ့ နည်းဗျူဟာဟောင်းကြီးကို ကျင့်သုံးခဲ့ပြီးပြီ။ နရော့နစ်(ခ်)တွေရဲ့ ချော့လုံးမြှောက်လုံးတွေကို လယ်သမားတွေက လိုက်လိုက်လှဲလှဲ မရှိလှဘူး။ နောက်ဆုံးတော့ နရော့နစ်(ခ်) လူဟောင်း အတော်များများ လက်လျှော့သွားပြီး မြို့ပြက သာယာနာပျော်ဖွယ် ဘဝတွေဆီ ခြေဦးပြန်လှည့်သွားခဲ့ကြတယ်။ ‘အလုပ်သမား ကဏ္ဍ’မှာ ခေါင်းဆောင်တာဝန်ယူခဲ့ဖူးတဲ့ အစောပိုင်း အတွေ့အကြုံတွေက သူ့အပေါ် လွှမ်းမိုးခဲ့ပုံရတယ်၊ ပလက်ခနော့(ဗ်)က Cherny Peredel ( မဟူရာ ပြန်လည်ခွဲဝေရေး) အဖွဲ့ဝင်တွေကို စက်ရုံအလုပ်သမား တွေကြားမှာ စည်းရုံး လှုံ့ဆော်ရေးတွေ လုပ်ကြဖို့ အဆိုပြုခဲ့တယ်။ ပလက်ခနော့(ဗ်)က အလုပ်သမားမိတ်ဟောင်း တချို့နဲ့ ပြန်ချိတ်ဖို့ ကြိုးစားခဲ့တယ်၊ အဲဒီအထဲမှာ ရုရှား အလုပ်သမားများ မြောက်ပိုင်း သမဂ္ဂက စတီပန်ခယ်(လ်) တူရင်လည်း ပါတယ်။ ဒါပေမယ့် အဲဒီကာလရှေ့တန်းရောက် အလုပ်သမားတွေကြားမှာတောင် အကြမ်းဖက် လုပ်ကြံရေးဝါဒဘက် တိမ်းညွှတ်မှုဒီရေ တဟုန်ထိုး အားကောင်းနေခဲ့တယ်။ ၁၈၈၀ ဖေဖော်ဝါရီလမှာ ဇာဘုရင်ကို လုပ်ကြံသတ်ဖြတ်ဖို့ ကြိုးစားတဲ့အထဲ ခယ်(လ်)တူရင်ကိုယ်တိုင် ပါဝင်ခဲ့တယ်။ Cherny Peredel အုပ်စုလိုလားသူတွေ တကောင်ကြွက် ဖြစ်ကုန်တယ်။ ပလက်ခ

နော့(ဗ်) အုပ်စုရဲ့ ဂျာနယ် ပထမဆုံးအကြိမ် ထုတ်ပြီး မကြာခင် ၁၈၈၀ ခုနှစ် ဇန်နဝါရီလထဲမှာ ရဲတပ်ဖွဲ့က မြေအောက် ပုံနှိပ်စက်ကို ဝင်မွှေခဲ့တယ်၊ ရုရှားမှာရှိနေတဲ့ မဟုရာ ပြန်လည်ခွဲဝေရေး တဖွဲ့လုံးကို ချေမှုန်းခဲ့တယ်။ နောင်မှာ ထရော့စကီး ရေးခဲ့သလိုပဲ၊ နရော့နစ် လှုပ်ရှားမှုအတွင်းက အကြမ်းဖက် လုပ်ကြံရေးဝါဒီမဟုတ်သော အင်အားစုရဲ့ အနာဂတ်ဟာ သီးခြားရပ်တည်နိုင်သော ဖြစ်စဉ်တခု မဖြစ်နိုင်ဘူး၊ မာ့(က်စ်)ဝါဒဆီ ချီတက်နေသော ယာယီ အကူးအပြောင်းပဲ ဖြစ်နိုင်တယ်။

တဖက်မှာတော့ Narodnaya Volya (လူထုဆန္ဒပါတီ) ထောက်ခံသူတွေက အောင်မြင်မှု ကြီးကြီးမားမား ရနေသလို ထင်ရတယ်။ မယုံနိုင်စရာပဲ၊ လူရာဂဏန်းလောက်သာရှိတဲ့ အဖွဲ့သေးသေးလေးက ဇာဘုရင်ကို သူ့နန်းတော် ထဲ အကျဉ်းကျနေအောင် ခြောက်လှန့်ထားနိုင်ခဲ့တယ်။ အဲဒီအခိုက်မှာတော့ ဒီရေက ‘လူထုဆန္ဒပါတီ’ဘက်ကို ဦးတည် ထိုးတက်နေခဲ့တယ်။ လူထုဆန္ဒ အဖွဲ့ဟာ အပြတ်သားဆုံး ၊ တော်လှန်ရေး အဆန်ဆုံး လူငယ် အစိတ်အပိုင်းတွေကို ကိုယ်စားပြုခဲ့တယ်။ ဗဟိုချုပ်ကိုင်မှု ကြီးကြီးမားမား ရှိနေပြီး တင်းတင်းကြပ်ကြပ် လျှို့ ဝှက်လုပ်ဆောင်နေတဲ့ အဲဒီ အဖွဲ့အစည်းအသစ်ကို အမှုဆောင် ကော်မတီက ခေါင်းဆောင်မှုပေးထားတယ်။ အမှု ဆောင် ကော်မတီမှာ ပါဝင်သူတွေက A.I. Zhelyabov, A.D. Mikhailov, M.F. Frolenko, N.A. Mozorov, Vera Figner, Sophia Perovskaya နဲ့ အခြားလူတွေ။ နရော့နစ်(ခ်) လှုပ်ရှားမှုအဟောင်းနဲ့စာရင် လူထုဆန္ဒ ပါတီရဲ့ လုပ်ငန်းစဉ်က ပိုမြင့်လာတယ်၊ သက်ဦးဆံပိုင် ဘုရင်စနစ်ကို ဦးတည်ဆန့်ကျင်တဲ့ နိုင်ငံရေး တိုက်ပွဲကို ရှင်း ရှင်းလင်းလင်း ဖော်ထုတ်ထားလို့ အခုလို ဆိုရခြင်း ဖြစ်တယ်။ လီနင်ဟာ တဦးချင်း အကြမ်းဖက် လုပ်ကြံရေး နည်းနာကို အပြင်းအထန် ဆန့်ကျင်ဝေဖန်ခဲ့ပေမယ့် လူထုဆန္ဒ ပါတီဝင်တွေရဲ့ ကိုယ်ကျိုးစွန့် တိုက်ပွဲဝင်သော သူရဲကောင်းဝါဒကိုတော့ တလေးတစား အသိအမှတ်ပြုခဲ့တယ်။ လီနင်က အခုလို ရေးခဲ့တယ် - “လူထုဆန္ဒ ပါတီဝင်တွေဟာ နိုင်ငံရေး တိုက်ပွဲကို စွဲကိုင်လိုက်ခြင်းအားဖြင့် ရှေ့ကို တလှမ်းတိုး တက်လာခဲ့တယ်၊ ဒါပေမယ့် သူတို့ဟာ နိုင်ငံရေး တိုက်ပွဲကို ဆိုရှယ်လစ်ဇင်နဲ့ ပေါင်းစပ်မပေးနိုင်ခဲ့ဘူး။” (V. Lenin, Collected Works, Working Class and Bourgeois Democracy, vol. 8, p. 72, ရှေ့လျှောက် LCW လို့ပဲ အတိုကောက် သုံးသွားပါမယ်)

လူထုဆန္ဒပါတီရဲ့ လုပ်ငန်းစဉ်မှာ လူတိုင်း မဲပေးခွင့်ရရှိပြီး ရွေးကောက်တင်မြှောက်ထားတဲ့ ‘အမြဲတမ်း ပြည်သူ့လွှတ်တော်’တရပ် ပေါ်ထွန်းရေး၊ ဒီမိုကရေစီ လွတ်လပ်ခွင့်တွေကို တရားဝင် အသိအမှတ်ပြုရေး၊ မြေယာတွေကို လူထုဆီ လွှဲပြောင်းပေးရေး၊ စက်ရုံတွေကို အလုပ်သမားတွေ လက်ထဲထားဖို့ အစီအမံတွေ လုပ်ပေးရေး အချက် တွေ ပါဝင်တယ်။ လူထုဆန္ဒပါတီရဲ့ လှုပ်ရှားမှုဟာ မြောက်ပိုင်း အလုပ်သမား သမဂ္ဂက ခယ်(လ်)တူရင် အပါအဝင် သတ္တိ အကောင်းဆုံး၊ ကိုယ်ကျိုးအစွန့်ဆုံး အစိတ်အပိုင်းတွေကို ဆွဲဆောင်နိုင်ခဲ့တယ်။ ခယ်(လ်)တူရင်ဟာ အင်ပိုင် ယာရှက်လှေကြီးပေါ် လက်သမား အလုပ်တခုရအောင် ကြံပမ်းပြီး အင်မတန် ကြီးမားတဲ့ ရဲရင့်မှုကို ပြသခဲ့တယ် စံပြ အလုပ်သမား တယောက်အဖြစ် အစိုးရပိုင်းက ယုံကြည်မှုရှိလာတာနဲ့ ၁၈၈၀ ခု ဖေဖော်ဝါရီလမှာ ဟေမန္တ နန်းတော်ကြီးအတွင်း အင်မတန် အားပြင်းတဲ့ ဗုံးတလုံး ထောင်ခဲ့တယ် ။ နန်းတော်ဝန်းအတွင်းမှာ လက်သမား တယောက်အနေနဲ့ ပြင်စရာတွေ ပြင်ပေးရတဲ့ ခယ်(လ်)တူရင်က အခုလို ဗုံးထောင်ပြီး မြို့လယ်ခေါင်က ဇာဘုရင့် နန်းတော်ကို ဖောက်ခွဲခဲ့ခြင်း ဖြစ်တယ်။ ဒါပေမယ့် နိုင်ငံတော်ရဲ့ တုံ့ပြန်မှုက ဖိနှိပ်မှုတွေ အရင်ကထက် တိုးလုပ်ဖို့ ဖြစ်တယ်၊ ဗိုလ်ချုပ် Melikov ခေါင်းဆောင်တဲ့ အာဏာရှင်စနစ်ကို ဖန်တီးပေးလိုက်တယ်။ ခယ်(လ်)တူရင်ရဲ့ အဖြစ်က ရင်နင့်စရာ ကောင်းလှတယ်။ လေဘာ လှုပ်ရှားမှု အားကောင်းလာအောင် တည်ဆောက်ဖို့ လိုအပ်ချက် နဲ့ အကြမ်းဖက် လုပ်ကြံရေး

ဝါဒကြားက ပဋိပက္ခကို ခပ်စောစောပိုင်းမှာ ခယ်(လ်)တူရင် ခံစားမိခဲ့တယ်။ Venturi ရှင်းပြခဲ့သလိုပဲ “ခယ်(လ်)တူရင်ဟာ အကြမ်းနည်းသုံး လုပ်လိုဇောနဲ့ အလုပ်သမား စည်းရုံးရေးမှုး တာဝန်တွေ ကြားမှာ အမြဲ လွန်ဆွဲနေခဲ့တယ် ။ အကြမ်းဖက် လုပ်ကြံရေးတွေ၊ ဒီနောက် မလွဲမသွေကြုံရမယ့် ဆုံးရှုံးမှုတွေ အား လုံးပြီးသွားမှ အသစ်ကနေ ပြန်စဖို့ ပညာတတ်တွေက သူ့ကို တွန်းအားပေးခဲ့တယ်လို့ ပြောရင်း ခယ်(လ်)တူရင်က သူ့ခံစားချက်တွေကို အပြင်းအထန် ဖွင့်ထုတ်ခဲ့တယ်။ ‘သူတို့က ငါတို့ကို အားပြန်ဖြည့်ချိန်လေး နည်းနည်းပါးပါး ပေးခဲ့ရင်’ ဆိုတဲ့စကားကို ခယ်(လ်)တူရင် ထုတ်ပြောခဲ့ဖူးတယ်။ ဒါပေမယ့် နောက်တော့ ချက်ချင်း ထလုပ်လိုစိတ်က ခယ်(လ်)တူရင်ကိုပါ ဖမ်းစားသွားခဲ့တယ်၊ ဒီလိုနဲ့ ခယ်လ်တူရင်လည်း သူတို့နဲ့အတူ ကြိုးပေးအသတ်ခံခဲ့ရတယ်”။ (F. Venturi, The Roots of Revolution, p. 706.)

အကြမ်းဖက် လုပ်ကြံရေးဝါဒီတွေရဲ့ ဒီအောင်မြင်မှုတွေထဲမှာ သူတို့အဖွဲ့အစည်း ပြိုကွဲသွားစေမယ့် မျိုးစေ့ ပါဝင်နေခဲ့တယ်။ ၁၈၈၁ ခုနှစ်ထဲ ဇာဘုရင်ကို လုပ်ကြံလိုက်ခြင်းဟာ ဖိနှိပ်မှု သည်းထန်တဲ့ ကာလကို တံခါးဖွင့်ပေးရာ ရောက်ခဲ့တယ်။ ဝန်ကြီးတွေ၊ ရဲအရာရှိတွေကို တဦးချင်း အကြမ်းဖက် လုပ်ကြံခြင်းကနေ နိုင်ငံတော် ယန္တယားတခုလုံးက တော်လှန်ရေး လှုပ်ရှားမှုအားလုံးကို အကြမ်းဖက် နှိပ်ကွပ်မှုဆီ ဦးတည်သွားခဲ့တယ်။

ရုရှားနိုင်ငံကို ခရိုင်တွေ အမြောက်အမြား ခွဲပြီး ထွေအုပ်တဦးစီက အုပ်ချုပ်တယ်။ တိုက်ခိုက်လာသူတွေကို မညှာမတာ ကြိုးပေးသတ်ဖြတ်ဖို့ ထွေအုပ်တွေကို အမိန့် ပေးထားတယ် ။ ကိုဗယ်စကီးနဲ့ ရောင်းရင်းတသိုက်ဟာ ဘယ်သူ့ကိုမှ မသတ်ခဲ့ကြပေမယ့် ကြိုးပေးကွပ်မျက်ခံခဲ့ရတယ်။ အဲဒီကာလမှာ ကြိုးပေးစီရင်မှု အလွန်များခဲ့တယ်။ ၂နှစ်အတွင်း လူ ၂၃ဦး လက်စဖျောက်ခံခဲ့ရတယ်။ ဒီထဲမှာ ၁၉ နှစ်အရွယ် လူငယ်လေးတဦးလဲ ပါသွားခဲ့တယ်။ ရထားဘူတာရုံတခုမှာ တော်လှန်ရေး ကြေငြာချက်တစောင် ကပ်နေရင်း အဖမ်းခံခဲ့ရတဲ့ လူငယ်လေး။ သူကိုစွဲချက်တင်စရာ ဒီတချက်ပဲရှိတယ်။ သူဟာ လူငယ်လေး၊ ဒါပေမယ့် အာဂလူသားအနေနဲ့ သေဆုံးသွားခဲ့တယ်။ (P. Kropotkin, Memoirs of a Revolutionary, vol. 2, p. 238.)

ကြိုးစင်တင်ခံရတော့မယ့် အကျဉ်းသားတွေ ပြန်လွှတ်ပေးရေး လူထုကြား လှုံ့ဆော်ခဲ့သူ ၁၄ နှစ်အရွယ် မိန်းမပျိုလေးကို ဆိုက်ဘေးရီးယားကို တသက်တကျွန်း ပို့ခဲ့တယ်။ ဒီမိန်းကလေးဟာ ရေထဲခုန်ချပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့တယ်။ အကျဉ်းသားတွေဟာ ရမန်အချုပ်ထောင်ထဲမှာတင် နှစ်ပေါင်းများစွာ ကုန်ဆုံးသွားကြရတယ်။ တိုက်ဖွိုက်ရောဂါ အလွန်ထူပြောတဲ့ အကျဉ်းစခန်းတွေ ဖြစ်ပါတယ်။ တရားရုံးထုတ် စစ်ဆေးမယ့်ရက်ကို စောင့်စားရင်း အကျဉ်းသား ၂၀%လောက် တနှစ်အတွင်း အသက်ဆုံးခဲ့ရတယ်။ ထောင်ဝါဒါတွေရဲ့ ရက်ရက်စက်စက် ညှဉ်းပန်းမှုတွေကို အစာငတ်ခံ သပိတ်တိုက်ပွဲ ဆင်နွှဲပြီး ရင်ဆိုင်ခဲ့ကြတယ်။ ဒီအခါ ထောင်အာဏာပိုင်တွေဘက်က အကြမ်းဖက် အစာကျွေးပြီး သပိတ်တိုက်ပွဲတွေကို ဖြိုခွဲခဲ့တယ်။ ထောင်ကလွတ်သွားခဲ့ရင်တောင် ဆိုက်ဘေးရီးယားကို နယ်နှင်ဒဏ် ဆက်ပေးပြန်တယ်။ အစိုးရပေးထားတဲ့ မသဒ္ဓါ ရေစာလေးတွေနဲ့ ဆိုက်ဘေးရီးယားမှာ အငတ်ဘေးဆိုက်ကြရတယ်။ ဒီဖိနှိပ်မှုအပေါင်းဟာ ကလေ့စားချေလိုစိတ် ပြင်းပြနေတဲ့ လူငယ်တွေကို ပိုပြီးနာကျည်းသွားစေခဲ့တယ်။ အစိုးရ အကြမ်းဖက်မှုရဲ့ သားကောင်တွေ နေရာကို တပ်သားအသစ်တွေက အစားထိုး ဝင်ရောက်လာတယ်၊ ဒီတပ်သားအသစ်တွေဟာလည်း ‘ဖိနှိပ်မှု - အကြမ်းဖက်လုပ်ကြံရေးဝါဒ - ဖိနှိပ်မှု’ဆိုတဲ့ အဆိုးကျော့ သံသရာထဲမှာ သားကောင်အသစ်တွေ ဖြစ်သွားခဲ့တယ်။ ဒီလိုနဲ့ မျိုးဆက်တခု ကျေပြုန်းသွားခဲ့တယ်။ အရေးကြီးဆုံး အချက်ကတော့ နိုင်ငံတော်ဆိုတာ ဗိုလ်ချုပ်ကြီးတွေ၊ ရဲချုပ်ကြီးတွေ တဦးတယောက်ချင်းစီ အပေါ် အမှီပြုထားတာ မဟုတ်ဘူး။ ဒါ့ကြောင့် Narodnaya Volya ‘လူထုဆန္ဒ’ အဖွဲ့က နာမည်ကျော် ဇာဘုရင့် အရာရှိ

အတော်များများကို လုပ်ကြံရှင်းလင်းနိုင်ခဲ့ပေမယ့်လဲ ဇာဘုရင် အစိုးရဟာ ပြုတ်ကျမသွားတဲ့အပြင် အရင်ကထက်ပိုအားကောင်းလာခဲ့တယ်။

ရှေ့နေချုပ်အသစ် ဝန်ကြီး ပိုဘီဒိုနော့(စ်)ဆက်(ဗ်) Pobedon-ostsev က အကြမ်းဖက်လုပ်ကြံရေးဝါဒီတွေကို ချေမှုန်းသုတ်သင်သွားမယ်၊ ‘သံနဲ့သွေး’ လွှမ်းသွားစေရမယ်လို့ ကြုံးဝါးခဲ့တယ်။ အလွန်တရာ ဆိုးရွားပြင်းထန်သော ဥပဒေတွေ တခုပြီးတခု ပြဋ္ဌာန်းပြီး လူဖမ်းပွဲကြီးတွေ လုပ်ခဲ့တယ်၊ ဆင်ဆာဖြတ်တာတွေ၊ အတင်းအကြပ် နေရပ်ပြန်ပို့တာတွေ တောက်လျှောက်လုပ်ခဲ့တယ်၊ အစိုးရရဲ့ ဒီဖိနှိပ်မှုတွေက တော်လှန်ရေးသမားတွေကိုပဲ သက်ရောက်ခဲ့တာ မဟုတ်ဘူး။ နိုင်ငံရေး သိပ်မပြင်းထန်တဲ့ လစ်ဘရယ် အင်အားစုတွေကိုပါ သက်ရောက်ခဲ့တယ်။ အမျိုးသားရေး ဖိနှိပ်မှုတွေ ဆတိုးနဲ့လုပ်လာတယ်။ ရုရှားဘာသာနဲ့မဟုတ်ရင် ပုံနှိပ်ထုတ်ဝေခွင့် ပိတ်ပင်တာမျိုး လုပ်လာတယ်။ မြေရှင်ကြီးတွေက လယ်သမားတွေကို တင်းတင်းကြပ်ကြပ် ချုပ်ကိုင်နိုင်အောင် ဥပဒေအသစ်တွေ ပြဋ္ဌာန်းပေးခဲ့တယ်။ ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ ဖောက်ပြန်ရေး ဒီလှိုင်းကြီး ဖြတ်သန်းစီးဆင်းသွားတယ်၊ လွတ်လပ်သော အတွေးအခေါ် ပုံစံအားလုံးကို ချေမှုန်းပစ်ဖို့ ရည်ရွယ်ခဲ့တယ်၊ ကျောင်းသားလူငယ်တွေရဲ့ ပုန်ကန်လိုစိတ်ကို ရိုက်ချိုးပစ်ဖို့ ပြင်ဆင်ထားတယ်။ အကြမ်းဖက်လုပ်ကြံရေးဝါဒီတွေ မျှော်မှန်းသလို လူထုအုံကြွမှု ဖြစ်မလာခဲ့ဘူး၊ အစိုးရ ဆန့်ကျင်ရေး အထွေထွေ လှုပ်ရှားမှုလဲ မဖြစ်ခဲ့ဘူး။ သိပ်မကြာခင်မှာပဲ ကိုယ်ကျိုးစွန့်အနစ်နာခံခဲ့သော သူရဲကောင်းဝါဒီ လူငယ်မျိုးဆက်တခုရဲ့ မျှော်လင့်ချက်တွေအားလုံး အငွေ့ပျံပျောက်ဆုံးသွားခဲ့တယ်။ နရော့နစ် လှုပ်ရှားမှုရဲ့ အကြမ်းဖက်လုပ်ကြံရေး တောင်ပံဟာ ဖမ်းစီးမှုလှိုင်းလုံးတွေအောက် အချိန်တိုလေးအတွင်း ကျေပြုန်းသွားခဲ့တယ်။ ၁၈၈၂ ခုနှစ်မှာ လူထုဆန္ဒ အဖွဲ့ ဗဟို ပြိုလဲသွားခဲ့တယ်၊ ခေါင်းဆောင်တွေ ထောင်ချခံလိုက်ရတယ်။ နရော့နစ် လှုပ်ရှားမှုလဲ အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားခဲ့တယ်။ သို့သော် နရော့နစ်လှုပ်ရှားမှု သေမင်းခေါင်းလောင်းသံထွက်ပေါ်လာချိန်မှာပဲ ဥရောပမှာ လှုပ်ရှားမှုအသစ်တခု တရှိန်ထိုး အားကောင်းနေခဲ့ပြီ။ ခေတ်နောက်ကျဆဲ ရုရှားမှာကို လူတန်းစား အင်အား အချိုးအစားအသစ် ထွက်ပေါ်လာခဲ့ပြီ။

ရုရှား တော်လှန်ရေးသမားတွေဟာ (မူရင်းအတိုင်း အပြည့်အစုံ မဟုတ်သော်ငြား) မာ့(က်စ်)၊ အန်းဂယ်(လ်စ်)တို့ရဲ့ သဘောတရားတွေနဲ့ နှစ်ပေါင်းအတော်ကြာ ရင်းနှီးကျွမ်းဝင်ခဲ့ပြီး ဖြစ်ပါတယ်။ အထူးသဖြင့် အန်းဂယ်(လ်စ်)က နရော့နစ် သီအိုရီသမားတွေနဲ့ သဘောတရားရေးတိုက်ပွဲဆင်နွှဲခဲ့တယ်။ ဒါပေမယ့် ရုရှားမှာ မာ့(က်စ်)ဝါဒ အင်အားများများစားစား မရှိခဲ့ပါဘူး။ မာ့(က်စ်)ဝါဒက တဦးချင်းလုပ်ကြံသတ်ဖြတ်ရေးဝါဒကို ငြင်းပယ်တယ်၊ ‘အရင်းရှင်စနစ်ကို ရှောင်ကွင်းပြီး ဆိုရှယ်လစ်စနစ်ဆီ ရုရှားနည်းအတိုင်း လမ်းဖောက်သွားနိုင်မယ်’ ဆိုတာ လက်မခံဘူး၊ အဲဒီလို ဆိုရှယ်လစ်စနစ်ဆီ ချီတက်မယ့် တော်လှန်ရေးကို လယ်သမားထုက ဦးဆောင်နိုင်မယ်လို့ မယူဆဘူး။ အဲဒီသုံးချက်နဲ့တင် တော်လှန်လူငယ်တွေ မာ့(က်စ်)ဝါဒကို နားလည်ဖို့ အတော်ခဲယဉ်းသွားပြီ။ ရုရှား လူ့အဖွဲ့အစည်းက အရင်းရှင်စနစ် ဆူးခင်းလမ်းကြီးကို ဖြတ်သန်းသွားရဦးမယ်ဆိုတဲ့ အယူအဆဟာ ဘာကူနင်ရဲ့ ‘လက်တွေ့လုပ်ပြပြီး ဝါဒဖြန့်ခြင်း’ သဘောတရားနဲ့ နှိုင်းယှဉ်လိုက်ရင် ပြုသမျှလည်စင်းခံရေးဝါဒ၊ အရှုံးပေးရေးဝါဒ အနံ့ထွက်နေတယ်။

နရော့နစ် မျိုးဆက်ဟောင်းက သီအိုရီအရေးကို အလေးမထားလှဘူး။ ဒီလို အလေးမထားကြောင်းကိုလဲ ဟန်ဆောင်ဖုံးဖိနေခြင်း မရှိပါဘူး။ သူတို့တတွေ သဘောတရားရေးငြင်းခုန်မှုတွေ လုပ်ခဲ့ရင်လဲ လှုပ်ရှားမှုအတွင်း မမျှော်လင့်ဘဲ ရှောင်တခင်ထွက်ပေါ်လာတဲ့ အလှည့်အပြောင်းတွေကို တရားထူထောင်ပေးဖို့ နောက်ပြန်စဉ်းစားခြင်းသာ ဖြစ်တယ်။ လယ်သမားကို ခေါင်းဆောင်နေရာထားတဲ့ အယူအဆ၊

ရုရှားဟာ အနောက်နိုင်ငံတွေလို အရင်းရှင်စနစ်ကို ဖြတ်သန်းစရာမလိုဘဲ 'ထူးခြားတဲ့ ကိုယ်ပိုင် သမိုင်းလမ်းကြောင်း' ရှိတယ်ဆိုတဲ့ အယူအဆ၊ ဆလပ်(ဗ်)အနွယ်ဝင် လူမျိုးအားလုံး ပေါင်းစည်းရေး အမျိုးသားရေးဝါဒနဲ့ လုပ်ကြံသတ်ဖြတ်ရေးဝါဒတွေကို နရော့နစ် မျိုးဆက်ဟောင်းက ရှေ့တန်းတင်ခဲ့တယ်။ အုတ်နံရံကို ခေါင်းနဲ့ ပြေးဆောင့်မိခဲ့တဲ့ နရော့နစ်ဝါဒီတွေဟာ သူတို့အမှားကို ရိုးရိုးသားသား ဝန်ခံပြီး အော်တာနေးတစ် မဟာဗျူဟာ၊ နည်းဗျူဟာတွေ ကြိုးစားဖော်ထုတ်ရမယ့်အစား ချွတ်ခြုံကျနေသော အယူအဆဟောင်းတွေကို ထပ်လောင်း အတည်ပြုဖို့ပဲ ဆက်လုပ်ခဲ့ကြတယ်။ ဒီလိုလုပ်ရင်း ဝေဝါးရှုပ်ထွေးမှု နွံအိုင်ထဲ နစ်သထက်နစ်သွားခဲ့တယ်။

လမ်းကြောင်းသစ်ဖောက်မယ့် ပလက်ခနော့(ဗ်)တို့လူစု ပထမဆုံး လုပ်ရမယ့်အလုပ်က မှန်ကန်သော အတွေးအခေါ်၊ သီအိုရီ၊ မဟာဗျူဟာနဲ့ နည်းဗျူဟာတွေကို အခြေခံပြီး အနာဂတ်အတွက် ခိုင်မာသော အုတ်မြစ်ချပေးဖို့ပဲ။ ဒါဟာ


ဂျော်ဂျီ ပလက်ခနော့(ဗ်) / Image: Public Domain

ပလက်ခနော့(ဗ်)ရဲ့ ကြီးမားလှတဲ့ အကျိုးပြုချက်ပေပဲ။ သူချပေးခဲ့တဲ့ အုတ်မြစ်သာ မရှိခဲ့ရင် နောင်အခါ ဘော်ရှီဗစ်ဇင် ဖွံ့ဖြိုးလာဖို့ လမ်းစမမြင်။ သူ့စကားအတိုင်း ပြောရရင် အဲဒီအချိန်ထိ "နရော့နစ် စင်စစ် ဖြစ်နေဆဲ" ဆိုပေမယ့်၊ နရော့နစ်ဝါဒ အကျပ်အတည်းကနေ ထွက်ပေါ်လာတဲ့ ပြဿနာတွေကို အဖြေရှာဖို့ သူဟာ မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ရဲ့ လက်ရာတွေကို သည်းသည်းမဲမဲ လေ့လာခဲ့တယ်။ ၁၈၈၀ ဇန်နဝါရီမှာ ပလက်ခနော့(ဗ်) ပြည်ပကို ထွက်ပြေးခဲ့ရတယ်။ ပြည်ပမှာ ခိုလှုံနေရင်း ပြင်သစ်၊ ဂျာမန် မာ့(က်စ်)ဝါဒီတွေနဲ့ တွေ့ဆုံဆွေးနွေးခွင့် ရခဲ့တယ်။ ဒီကာလမှာ ပြင်သစ်၊ ဂျာမန် မာ့(က်စ်)ဝါဒီတွေနဲ့ အန်နားခစ်(စ်)တွေ သဘောတရားရေး တိုက်ပွဲ အပြင်းအထန် ဆင်နွှဲနေကြတယ်။ အဲဒီလို ဥရောပ လေဘာ လှုပ်ရှားမှုနဲ့ ထိတွေ့လိုက်ခြင်းဟာ ပလက်ခနော့(ဗ်) ဘဝရဲ့ အရေးအကြီးဆုံး အချိုးအကွေ့တခု ဖြစ်ခဲ့တယ်။

ရုရှား မြေအောက်လှုပ်ရှားမှုဘဝမှာ မာ့(က်စ်)၊ အန်းဂယ်(လ်စ်)တို့ရဲ့ လက်ရာ တချို့ပဲ လက်လှမ်းမီခဲ့တယ်၊ ဘောဂဗေဒဆိုင်ရာ လက်ရာတွေပဲ များပါတယ်။ သူနဲ့ခေတ်ပြိုင် တခြားလူတွေလိုပါပဲ၊ ပလက်ခနော့(ဗ်)လဲ မာ့(က်စ်)ကို အရင်းကျမ်းရေးသူလို့သာ သိခဲ့တယ်။ ဇာဘုရင်ခေတ် ဆင်ဆာအဖွဲ့ရဲ့ အမြင်က အရင်းကျမ်းဟာ နားလည်ဖို့ အရမ်းခက်တယ်၊ ယေဘုယျသဘောဆန်လွန်းတယ်၊ ဒါ့ကြောင့် အန္တရာယ်မပေးနိုင်ဘူး ဆိုပြီး အရင်းကျမ်းကို မပိတ်ပင်ဘဲ လွှတ်ထားခဲ့တယ်။ ဆင်ဆာလူကြီးတွေကိုယ်တိုင် အရင်းကျမ်းကို နားလည်မယ်မထင်၊ ဒီတော့ အလုပ်သမားတွေက ဒီကျမ်းကို ဘယ်လိုလုပ် ဖတ်နိုင်မှာလဲလို့ သူတို့တွေးခဲ့ပုံရတယ်။ ရုရှားပြည်တွင်းက တော်လှန်ရေး တိုက်ပွဲထဲ ကိုယ်တိုင်ကိုယ်ကျ ဝင်မပါရတဲ့အခိုက် လွတ်လပ်ခွင့်ရသွားသော ပလက်ခနော့(ဗ်)တို့လူတစု ပြည်တွင်းမှာ လက်လှမ်းမမီခဲ့တဲ့ စာပေတွေကို လေ့လာဖို့ အခွင့်အလမ်း အများကြီး ရသွားခဲ့တယ်။ ပလက်ခနော့(ဗ်)တယောက် အလင်းတန်း

ကို ဖမ်းဆုပ်နိုင်လိုက်ပြီ။

မော့(က်စ်)ဝါဒ ဒဿန၊ လူတန်းစား တိုက်ပွဲနဲ့ သမိုင်းရေးရာဝါဒဆိုင်ရာ စာအုပ်တွေကို ပလက်(ခ်)နော့(ဗ်) လေ့လာလိုက်သောအခါ ရုရှား တော်လှန်ရေးအတွက် ရှုထောင့်အသစ်၊ အမြင်အသစ်တွေ ထွက်ပေါ်လာခဲ့တယ်။ အကြမ်းဖက်လုပ်ကြံရေးဝါဒ၊ အန်နားခစ်ဇင်၊ နရော့နစ်ဇင် အစရှိတဲ့ ခေတ်ဟောင်း အယူအဆတွေအားလုံး မော့(က်စ်) ဝါဒ ဝေဖန်ရေးအောက်မှာ တခုပြီးတခု ပြိုလဲသွားခဲ့တယ်။ ဒီအတွေ့အကြုံကို ပလက်ခနော့(ခ်)က အခုလို အနှစ်ချုပ်ပြောခဲ့ဖူးတယ် -

အဲဒီကာလတွေကို မဖြတ်သန်းခဲ့ဖူးရင် ငါတို့လူစု ဆိုရှယ်ဒီမိုကရက်တစ် စာပေတွေကို ဘယ့်လောက်တောင် အားတက်သရော လေ့လာခဲ့ကြသလဲဆိုတာ မြင်ယောင်ကြည့်နိုင်မယ် မထင်ဘူး၊ ဒီတုန်းက ဂျာမန် သဘောတရားဆရာတွေရဲ့ လက်ရာတွေကို ဦးစားပေး ဖတ်ခဲ့ကြတယ်။ ဆိုရှယ်ဒီမိုကရက်တစ် စာပေတွေနဲ့ အကျွမ်းတဝင်ပိုဖြစ်လာလေ၊ အရင်က ငါတို့အယူအဆတွေရဲ့ အားနည်းချက်ကို ပိုသိလာလေပဲ၊ အဲသလို ပိုသိလာလေ၊ ငါတို့ရဲ့ တော်လှန်ရေး သဘောတရား တိုးတက်ဖွံ့ဖြိုးမှု လမ်းကြောင်း မှန်ကန်တယ်လို့ ပိုယုံကြည်လေပဲ။ ဘာကူနင်ရဲ့ လွှမ်းမိုးမှုအောက်မှာ ကျနော်တို့ရဲ့ စိတ်တွေထဲ ဝိရောဓိတွေ ပြည့်သိပ်နေခဲ့တယ်။ အဲဒီလို ဝိရောဓိ ဝင်္ကပါကနေ လွတ်မြောက်သွားအောင် မော့(က်စ်)ရဲ့ သီအိုရီတွေက **အယ်ရီအတ်(ဒ်)နီ**[1]ရဲ့ ကြိုးမျှင်လို လမ်းပြပေးခဲ့တယ်။ (S.H. Baron, Plekhanov, p. 95.)

သို့သော်လဲ အတိတ်နဲ့ လမ်းခွဲဖို့ဆိုတာ မလွယ်ပါဘူး။ အထူးသဖြင့် **ဒူး(ချ်)**[2]နဲ့ **ဇာဆူးလစ်(ချ်)**[3]တို့က အကြမ်းဖက် လုပ်ကြံရေးဝါဒနဲ့ သံယောဇဉ်မပြတ်ချင်သေးဘူး။ ဇာဘုရင်ကို လုပ်ကြံလိုက်နိုင်တယ်ဆိုတဲ့ သတင်းလဲကြားရော ပလက်ခနော့(ဗ်)ကလွဲပြီး ကျန်တဲ့သူအားလုံးက လူထုဆန္ဒပါတီဆီ ပြန်သွားချင်ကြတယ်။ မှန်မှန်ကန်ကန် ကောက်ချက်ဆွဲနိုင်ဖို့ ကာလတခုကို သူတို့ဖြတ်သန်းရဦးမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ပလက်ခနော့(ဗ်) သဘောပေါက်ပါတယ်၊ နောင်လာမယ့် ရုရှား အလုပ်သမား ပါတီအတွက် မော့(က်စ်)ဝါဒ ကေဒါတွေ နေ့ချင်းညချင်း ထွက်ပေါ်မလာနိုင်ဘူး။ လူထုဆန္ဒပါတီဟာ ဇာဘုရင်စနစ် ဆန့်ကျင်ရေး တော်လှန်မျိုးဆက်တခုလုံးရဲ့ အစဉ်အလာကို ကိုယ်စားပြုထားတယ်။ တော်လှန်ရေး အာဇာနည် အထောင်အသောင်းရဲ့ သွေးတွေ ပေးဆပ်ထားရသော ဒီလိုလှုပ်ရှားမှုတခုကို ခပ်ပေါ့ပေါ့လေး သဘောထားလိုက်ရုံနဲ့ ပြီးဆုံးမသွားဘူး။ နရော့နစ် လှုပ်ရှားမှု ပြိုကွဲပျက်စီးနေတဲ့ ကာလမှာတောင် ခေတ်ပြောင်း တော်လှန်ရေးတရပ် ဆင်နွှဲဖို့ လမ်းစရှာနေတဲ့ လူငယ် အတော်များများကို ဆွဲဆောင်နိုင်ခဲ့တာ ဒီလှုပ်ရှားမှု


အသက် ၂၂ အရွယ်တွင် ကွပ်မျက်ခံခဲ့ရသော လီနင်၏ အစ်ကို Aleksandr Ulyanov
Image: public domain

1 Ariadne’s thread
2 Deutsch
3 Zasulich
4 Alexander Ulyanov
5 Alexander III

ရဲ့ သမိုင်းအစဥ်အလာကြောင့်ပဲ။ လီနင့်အစ်ကို **အလက်ဇန်းဒါး အူလျာနော့(ဗ်)**[4] ဟာ အဲလို လူငယ်တယောက်ပဲ၊ ၁၈၈၇ ခုနှစ်က **ဇာဘုရင်**[5] တတိယ အလက်ဇန်းဒါးကို လုပ်ကြံဖို့ ကြိုးပမ်းရာမှာ ပါဝင်ခဲ့လို့ ကွပ်မျက်ခံခဲ့ရတယ်။ လီနင်ကိုယ်တိုင်လဲ နရော့နစ် လူငယ်တွေကို စာနာမှုရှိခဲ့တယ်။ လီနင်ရဲ့ နိုင်ငံရေးဘဝသည်ပင် နရော့နစ် ထောက်ခံသူအနေနဲ့ အစပြုခဲ့တယ်။ ဒီလို လူငယ်တွေ အကြမ်းဖက်လုပ်ကြံရေး လှုပ်ရှားမှုအတွင်း အချည်းနှီး ဆုံးရှုံးမသွားအောင် ကာကွယ်ရေးဟာ ရုရှား မာ့(က်စ်)ဝါဒီတွေရဲ့ ပထမဆုံး တာဝန် ဖြစ်ခဲ့တယ်။

ပလက်ခနော့(ဗ်) အင်အားစုဟာ လူလက်တဆုပ်စာပဲ ရှိပေမယ့် နရော့နစ် ခေါင်းဆောင်တွေကြား သတိထားစရာ ဖြစ်ခဲ့တယ်။ နရော့နစ် အုပ်စုတွေရဲ့ ခေါင်းဆောင်ပိုင်းက မာ့(က်စ်)ဝါဒအသံကို ဗျူရိုကရေစီနည်းနဲ့ ထိန်းချုပ်ဖို့ ကြိုးစားလာခဲ့တယ်။ ပါတီရဲ့ စာစောင်စာတန်း ထုတ်ဝေရေးကို နရော့နစ် လက်ယာ ခေါင်းဆောင်ပိုင်းက ချုပ်ကိုင်ထားတော့ ပလက်ခနော့(ဗ်)တို့လူစုနဲ့ ရုရှားပြည်တွင်းက တော်လှန်ရေး လူငယ်တွေကြား တံတိုင်းခြားနေခဲ့တယ်။ **‘လူထုဆန္ဒသံတော်ဆင့်’**[6]အယ်ဒီတာတွေဟာ ပလက်ခနော့(ဗ်)ရေးတဲ့ **‘ဆိုရှယ်လစ်ဝါဒနဲ့ နိုင်ငံရေး တိုက်ပွဲ’**[7] စာအုပ်ကို ပုံနှိပ်ဖော်ပြဖို့ ငြင်းဆန်ခဲ့ကြတယ်။ ဒီစာအုပ်က အန်နားခစ်ဇင်ကို ဆန့်ကျင်ဝေဖန်ထားသော ပလက်(ခ်)နော့(ဗ်)ရဲ့ ရှေ့ပြေးလက်ရာ။ ပလက်ခနော့(ဗ်)တို့လူစုက လူထုဆန္ဒပါတီအတွင်း အင်အားစုတရပ်အနေနဲ့ ဝင်လိုကြောင်း တောင်းဆိုတော့ အစပိုင်းမှာ အဖွဲ့ခေါင်းဆောင် **တီခိုမစ်ရော့(ဗ်)**[8]က သဘောတူပုံရတယ်၊ ဆိုရှယ်လစ်ဝါဒနဲ့ နိုင်ငံရေး တိုက်ပွဲ စာအုပ်ကို ထုတ်ဝေလိုက်တဲ့အခါမှာတော့ တီခိုမစ်ရော့(ဗ်) ချက်ချင်းစိတ်ပြောင်းသွားတယ်။ စုစည်းထားတဲ့ အုပ်စုတခုခုဆို လူထုဆန္ဒပါတီတွင်း ဝင်ခွင့် ပိတ်ပင်လိုက်တယ်။ ပါတီတွင်း ဝင်ချင်ရင် သူတို့အစုအဖွဲ့ကို အရင်ဖျက်ရမယ်၊ ပြီးမှ တဦးချင်း ဝင်ခွင့် လျှောက်ထားရမယ်။ ပါတီဝင်ခွင့်ရမရကို တဦးချင်း စိစစ်မယ်။ ပလက်ခနော့(ဗ်)တို့ အင်အားစုနဲ့ နရော့နစ်ဝါဒီတွေကြား ရင်ကြားစေ့လို့ မဖြစ်နိုင်ဘူးဆိုတာ အားလုံး ရှင်းရှင်းလင်းလင်း သိသွားပါပြီ။ ၁၈၈၃ စက်တင်ဘာလမှာ မာ့(က်စ်)ဝါဒီတွေက **‘ရုရှားအလုပ်သမား လွတ်မြောက်ရေး အင်အားစု’**[9] ကို စတင်ဖွဲ့စည်းခဲ့တယ်။

အကွဲအပြဲဖြစ်တဲ့အချိန်က ပလက်ခနော့(ဗ်) အင်အားစုမှာ အဖွဲ့ဝင် ငါးယောက် မကျော်ခဲ့ဘူး။ ပလက်ခနော့(ဗ်)၊ အေဇယ်(လ်)ရော့(ဒ်)၊ ဗီရာ ဇာဆူးလစ်(ချ်)၊ ဒီသုံးယောက်က နရော့နစ် လှုပ်ရှားမှုအတွင်း လူသိများခဲ့သူတွေ။ ထရီပေါ့(ဗ်) အရေးအခင်းကြောင့် ဇာဆူးလစ်(ချ်)ကို ဥရောပမှာ လူသိများပါတယ်။ ဇာဆူးလစ်(ချ်)ရဲ့ ခင်ပွန်း **လီယို ဒူး(ချ်)**[10]က ၁၈၇၀ ခုနှစ်တွေတုန်းက တောင်ပိုင်း ရုရှားမှာ တက်ကြွတဲ့ နရော့နစ် ဝါဒဖြန့်ချိရေးသမား ဖြစ်ခဲ့သူ။ **ဗဲ့စလီ နစ်ကိုလေယီဗစ်(ချ်) အစ်ညာတော့(ဗ်)**[11]ရဲ့ အခန်းကဏ္ဍကို ရေရေရာရာ မသိရဘူး။ ကျောင်းသား ဆန္ဒပြပွဲတွေမှာ ပါခဲ့လို့ အလယ်ပိုင်း ရုရှားဒေသဆီ နယ်နှင်ဒဏ်ပို့ခံခဲ့ရသူ။ ပလက်ခနော့(ဗ်)တို့ အုပ်စု အလုပ်စလုပ်နိုင်အောင် အစ်ညာတော့(ဗ်)က ငွေပမာဏ အတော်များများ ထည့်ဝင်ခဲ့ဖူးတယ်။ သူဟာ တီဘီရောဂါကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ တိမ်းပါးခဲ့ရတယ်။ တီဘီကြောင့်ပဲ အဖွဲ့အတွင်း အကန့်အသတ်နဲ့သာ ပါဝင်လှုပ်ရှားနိုင်ခဲ့တယ်။ ဒူး(ချ်)ကို ၁၈၈၄ ခုနှစ်၊ ဂျာမနီမှာ ဖမ်းမိသွားပြီး ရုရှားဘက် ပြန်လွှဲပေးခဲ့တယ်။ ရုရှားမှာ ထောင်နှစ်အရှည်ကြီး ကျသွားခဲ့တယ်။ အစ်ညာတော့(ဗ်) ဆုံးသွားတဲ့အခါ သူတို့အဖွဲ့ဝင် သုံးယောက်ပဲ ကျန်ခဲ့တယ်။

ရှေ့လျှောက်လဲ လူနှစ်ယောက်တပိုင်းနဲ့ ကြမ်းတမ်းခက်ခဲတဲ့ တိုက်ပွဲကို နှစ်ပေါင်းများစွာ ဖြတ်သန်းရဦးမယ်။ စိတ်ပျက်

6 Vestnik Narodnoi Voli (The Narodnaya Volya Herald)
7 Socialism and the Political Struggle
8 Tikhomirov
9 Group for the Emancipation of Russian Labour
10 Lev Deutsch (1855–1941),
11 Vasily Nikolayevich Ignatov (1854–85)

ငြီးငွေ့ဖွယ် လူမသိသူမသိနဲ့ အထီးကျန်တိုက်ပွဲနှစ်များပေါ့။ ဒီလို လက်တဆုပ်စာ အုပ်စုလေးက ပင်မရေစီးကို ဆန့်ကျင်တိုက်ပွဲဝင်ဖို့ သိစိတ်ရှိရှိ ဆုံးဖြတ်ရဲတာ ထူးကဲသတ္တိတမျိုးပေပဲ။ လူထုနဲ့ အဆက်ပြတ်ပြီး ပြည်ပမှာ ခက်ခက်ခဲခဲ ရှန်းကန်ရင်း မဖြစ်စလောက် အရင်းအမြစ်လေးတွေနဲ့ ရေစီးကို ဆန်တက်ခဲ့ရသော နှစ်ကာလများ။ ‘တောကြီးမျက်မည်းထဲ အော်ဟစ်နေတဲ့ အသံတခု’လို ဖြစ်ခဲ့ရတာ ရုရှား မာ့(က်စ်)ဝါဒ အင်အားစုများအဖို့ ဒီတချီက နောက်ဆုံးအကြိမ် မဟုတ်ပါဘူး။ သူတို့လူစု ကြံ့ကြံ့ခံ ရပ်တည်နိုင်ခဲ့တာ သူတို့ကိုင်စွဲထားတဲ့ အတွေးအခေါ်၊ သီအိုရီနဲ့ ရှုထောင့်အမြင်တွေကို လေးလေးနက်နက် ယုံကြည်မှုရှိခဲ့လို့ပဲ။ လက်တွေ့အရှိတရားနဲ့ သူတို့ကိုင်စွဲထားတဲ့ အယူအဆတွေ ကဏ္ဍကောစ ဖြစ်နေပုံရပေမယ့် သူတို့ မတုန်လှုပ်ခဲ့ဘူး။ အဲဒီကာလ ရုရှား အလုပ်သမား လှုပ်ရှားမှုဟာ အစပျိုးကာစပဲ ရှိသေးတယ်။ မှန်ပါတယ်၊အဲဒီအချိန်မှာ သပိတ်မှောက် လှုပ်ရှားမှုတွေ အစပြုနေပြီ။ ဒါပေမယ့် ဆိုရှယ်လစ်တွေနဲ့ သီးခြားကင်းလွတ်နေဆဲ။ ရှိပြီးသား အလုပ်သမား အစုအဖွဲ့တွေမှာလဲ နရော့နစ် အယူအဆတွေက လွှမ်းမိုးထားဆဲ။ အားမကောင်းသေးတဲ့ ရုရှား အလုပ်သမား လွတ်မြောက်ရေး အင်အားစုရဲ့ အသံကို စက်ရုံတွေမှာ မကြားနိုင်သေး။ အန်နားခစ်(စ်)နဲ့ အကြမ်းဖက် လုပ်ကြံရေး အင်အားစုတွေ ဩဇာညောင်းနေဆဲဖြစ်လို့ ကျောင်းသား လူငယ်တွေကြားကို တိုးမပေါက်ခဲ့ဘူး။

၁၈၈၉ မတ်လက အေဇယ်(လ်)ရော့(ဒ်)ဆီ ပလက်ခနော့(ဗ်)ရေးတဲ့ စာထဲမှာ -

အကြမ်းဖက်လုပ်ကြံရေးဝါဒကို ဆန့်ကျင်ဝေဖန်ရင် လူငယ်တွေက နားထောင်မှာ မဟုတ်ဘူးလို့ လူတိုင်း (လစ်ဘရယ်တွေရော၊ ဆိုရှယ်တွေရော) က တညီတညွတ်တည်း ပြောကြတယ်။ ဒီတော့ ငါတို့ သတိထားရလိမ့်မယ်။

ရုရှား အလုပ်သမား လွတ်မြောက်ရေး အင်အားစု ဖွဲ့ပြီး မကြာခင်မှာပဲ ဘက်ပေါင်းစုံ အပြင်းအထန် ဝိုင်းတိုက်တာ ကြုံခဲ့ရတယ်။ သူတို့အမြင်မှာ ‘တော်လှန်သော’ နရော့နစ်ဝါဒကို ‘သစ္စာဖောက်သွားတာပဲ’။ ပြည်ပရောက်နေတဲ့ တီခိုမစ်ရော့(ဗ်)က ရုရှားက သူ့ရဲဘော်တွေကို ပလက်ခနော့(ဗ်)အုပ်စုနဲ့ မပတ်သက်ဖို့ လှမ်းသတိပေးတယ်။ ပုံဖျက်ပြောဆိုခြင်း၊ လီဆယ်အသရေဖျက်ခြင်းတွေ တရစပ်ဝိုင်းလုပ်တဲ့ အခါ သက်ရောက်မှု ရှိခဲ့တယ်။ ဘာကူနင်ဝါဒီ **ဇိုဘော့(ဗ်)စကီး**[12]က ငေါ့ပြီး ဝေဖန်ခဲ့ဖူးတယ် - “မင်းတို့လူစုက တော်လှန်ရေးသမားတွေ မဟုတ်ဘူး၊ လူမှုဗေဒ ကျောင်းသားတွေပဲ”။ ဒီတိုက်ခိုက်မှုအားလုံးရဲ့ ပင်မ အာဘော်က မာ့(က်စ်)ဝါဒကို ရုရှားမှာ လက်တွေ့ အကောင်အထည်မဖော်နိုင်ဘူး၊ နောက်ပြီး ပလက်ခနော့(ဗ်)ရဲ့ ပရိုဂရမ်က “ဂျာမန်ကနေ လုံးလုံးလျားလျားကြီး ကူးချထားတာ”။ (Quoted in S.H. Baron, Plekhanov, p. 166 in both quotes.)

၁၈၈၀ ပြည့်နှစ်တွေမှာ ဥရောပ လေဘာ လှုပ်ရှားမှုအတွင်း မာ့(က်စ်)ဝါဒရဲ့ အဆုံးအဖြတ် အောင်ပွဲကို မြင်တွေ့ခဲ့ရတယ်။ ရုရှားပြည်တွင်း လှုပ်ရှားမှုနဲ့ အဆက်ပြတ်နေပေမယ့် အလုပ်သမား လွတ်မြောက်ရေး အင်အားစုဟာ ဆိုရှယ်လစ် အင်တာနေရှင်နယ်က အားကောင်းသော ပါတီကြီးတွေနဲ့ သဘာဝကျကျ နီးကပ်သွားခဲ့တယ်။ ပလက်ခနော့(ဗ်)နဲ့ သူ့ရဲဘော်တွေဟာ ဆိုရှယ်လစ် အင်တာနေရှင်နယ်ရဲ့ စာစောင်တွေမှာ ဝင်ရေးကြတယ်၊ ကွန်ဂရက်တွေမှာ တက်စကားပြောကြတယ်။ အထူးသဖြင့် မာ့(က်စ်)၊ အန်းဂယ်(လ်စ်)၊ လီ(ဘ်)နက်(ခ်)၊ ဘေဘယ်(လ်)တို့ရဲ့ ဂျာမန် ပါတီ ကွန်ဂရက်တွေမှာ မိန့်ခွန်းတက်ပြောလေ့ရှိတယ်။ ဥရောပ ဆိုရှယ်ဒီမိုကရေစီရဲ့ အခိုင်အမာ အောင်မြင်မှုတွေကြောင့် စိတ်ဓာတ်ရေးရာအရ သူတို့အားတက်ခဲ့ရတယ်။ ရုရှား မာ့(က်စ်)ဝါဒ အင်အားစုဟာ အရေအတွက်အားဖြင့် အလွန်နည်းပါတယ်၊ ဒါပေမယ့် သူတို့ဟာ ဂျာမန်၊ ပြင်သစ်၊ ဘယ်

---

12 Zhobovsky

(လ်)ဂျီယမ် အစရှိသော အတိုင်းတိုင်းအပြည်ပြည်က သန်းပေါင်းများစွာသော ပစ္စည်းမဲ့ လူတန်းစား စစ်တပ်ကြီးရဲ့ တပ်ဆွယ်တခုလို ဖြစ်ခဲ့တယ်။ မာ့(က်စ်)ဝါဒရဲ့ အားသာချက်ကို ဒီမှာ အထင်အရှား တွေ့ရမယ်၊ အရင်းကျမ်းကိုင်ပြီး သက်သေပြခဲ့ခြင်း မဟုတ်၊ အလုပ်သမား သမဂ္ဂ အဖွဲ့ဝင်အင်အား၊ ပါတီ ရုံးခွဲအရေအတွက်၊ ထောက်ခံမဲအရေအတွက်၊ ပါလီမန်ထဲက ကိုယ်စားလှယ်အရေအတွက်နဲ့ သက်သေပြခဲ့ခြင်း ဖြစ်တယ်။

သို့သော်လဲ ပလက်ခနော့(ဗ်)တို့ လူစုအပေါ် ဥရောပ ဆိုရှယ်ဒီမိုကရေစီရဲ့ ထောက်ခံမှုသည်ပင် လှိုက်လှက်လှဲလှဲ မရှိလှ။ ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်တွေက လပ်(ဗ်)ရော့(ဗ်)တို့လို နရော့နစ် ခေါင်းဆောင်တွေနဲ့သာ နှစ်ရှည်လများ တရင်းတနှီး ရှိခဲ့တယ်။ ဆိုရှယ်ဒီမိုကရက် ခေါင်းဆောင်တွေရဲ့ အမြင်မှာ ပလက်ခနော့(ဗ်)တို့ လူစုက ပင်မအဖွဲ့အစည်းကနေ ဘေးကို လွင့်စင်ကျလာတဲ့ သင်းကွဲအုပ်စုလေးတခုပဲ၊ ဒီတော့ လူကွယ်ရာမှာဆို အထင်သေးတဲ့ အကြည့်နဲ့ ဆက်ဆံလေ့ရှိတယ်။ နိုင်ငံတကာမှာ လူသိများထင်ရှားတဲ့ နရော့နစ် ခေါင်းဆောင်ပိုင်းအပေါ် ပလက်ခနော့(ဗ်)ရဲ့ သဘောတရားရေး ထိုးစစ်တွေက စူးရှပြင်းထန်လွန်းလို့ သူတို့ တုန်လှုပ်ခဲ့ရတယ်။ ပလက်ခနော့(ဗ်)က ဒီလို ရေးခဲ့တယ်။ “အမှန်ဆိုရရင်၊ ငါတို့က ဘာကူနင်ဝါဒီတွေကို တိုက်နေတာ၊ ဒါပေမယ့် အနောက်တိုင်း ဆိုရှယ်ဒီမိုကရက်တွေကြားမှာကို တုန်တုန်လှုပ်လှုပ် ဖြစ်သွားဖူးတယ်။ ဒီတိုက်ပွဲက အချိန်အခါ မသင့်သေးဘူးလို့ သူတို့ ယူဆတယ်။ ငါတို့ရဲ့ သဘောတရားရေး တိုက်ပွဲကြောင့် တော်လှန်ရေး ပါတီအတွင်း အကွဲအပြဲဖြစ်ပြီး အစိုးရဆန့်ကျင်ရေး တိုက်ပွဲ အားနည်းသွားမှာ သူတို့စိုးရိမ်ခဲ့ကြတယ်။”

ဇာဆူးလစ်(ချ်)နဲ့ အန်းဂယ်(လ်စ်) စာအဆက်အသွယ်ရှိခဲ့တယ်၊ ဒီစာထဲမှာ အန်းဂယ်(လ်စ်)က သူ့သံသယတွေကို ထုတ်ပြောထားတယ်။ နားဝင်ဖို့ အလွန်ခဲယဉ်းတဲ့ သံသယတွေ ဖြစ်ပါတယ်။ ရုရှားလို နောက်ကောက်ကျနေဆဲတိုင်းပြည်တခုမှာ ဆိုရှယ်လစ်စနစ် ထူထောင်လို့ မရနိုင်ဘူးဆိုတဲ့ အချက်ကို အန်းဂယ်(လ်စ်)က သူ့ဆန်းစစ်ချက်ရဲ့ စမှတ်အဖြစ် လက်ခံထားတယ်။ **ကျေးလက်ကွန်မြူး**[13]ကို အခြေခံပြီး ရုရှားမှာ လူတန်းစားမဲ့ လူ့ဘောင်တရပ် ထူထောင်လို့ ရနိုင်ချေကို မာ့(က်စ်) မပစ်ပယ်ခဲ့ဘူး၊ ဒါပေမယ့် အဆိုပါဖြစ်နိုင်ချေကို အနောက်ဥရောပက ရှေ့တန်းရောက် အရင်းရှင် နိုင်ငံတွေမှာ ဆိုရှယ်လစ် တော်လှန်ရေး အောင်ခဲ့ရင် ဆိုတဲ့ အမြင်နဲ့ မြဲမြဲမြံမြံ ပူးချည်ထားခဲ့တယ်၊ မာ့(က်စ်)ရဲ့ ဒီသဘောထားကို ၁၈၈၂ ခုနှစ် ကွန်မြူနစ် ကြေငြာစာတမ်း ရုရှားဘာသာပြန် အမှာစာနဲ့ တခြား လက်ရာတွေမှာ တွေ့ရမယ်။

ရုရှား တော်လှန်ရေးက အနောက်ဥရောပ ပစ္စည်းမဲ့ တော်လှန်ရေးအတွက် မီးပွားဖြစ်လာရင် နှစ်ဖက်လုံးအတွက် အပြန်အလှန် အကျိုးရှိမယ်။ ရုရှားရဲ့ လက်ရှိ မြေယာဘုံပိုင်စနစ်က ကွန်မြူနစ်စနစ် ပေါ်ထွန်းလာဖို့ စမှတ်လဲ ဖြစ်ချင်ဖြစ်သွားနိုင်တယ်။ (K. Marx and F. Engels, Selected Works, vol. 1, pp. 100-101.)

၁၈၈၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်စွဲနဲ့ ဇာဆူးလစ်(ချ်)ဆီ ရေးတဲ့ စာထဲမှာ ပလက်ခနော့(ဗ်)ရဲ့ **‘ငါတို့ရဲ့ ခြားနားချက်များ’စာအုပ်**[14]နဲ့ ပတ်သက်ပြီး အန်းဂယ်(လ်စ်)ကိုယ်တိုင် သတိထား ပြောခဲ့တယ်။ တဖက်မှာလဲ အန်းဂယ်(လ်စ်)က သူ့ပီတိသောမနဿကို အခုလို ထုတ်ပြခဲ့တယ် -

ရုရှား လူငယ်တွေထဲမှာ မာ့(က်စ်)ရဲ့ နက်ရှိုင်းသော သမိုင်းရေး သီအိုရီ၊ ဘောဂဗေဒ သီအိုရီတွေကို ပွင့်ပွင့်လင်းလင်း၊ ပြတ်ပြတ်သားသား လက်ခံထားတဲ့ ပါတီတခု ရှိနေပြီ၊ အဲဒီ

13 the mir

14 Our Differences

15 Slavophile ၁၉ ရာစု ရုရှားမှာ ပေါ်ထွန်းခဲ့တဲ့ ပညာတတ်လှုပ်ရှားမှုကို အန်းဂယ်(လ်စ်) ရည်ညွှန်းချင်ပုံရပါတယ်။ သူတို့က ရုရှား လူ့အဖွဲ့အစည်းရဲ့ ဓလေ့၊ ယဉ်ကျေးမှုတွေက ထူးခြားတယ်၊ ရုရှား ကျေးလက် ကွန်မြူးက ခရစ်ယာန် အသိုင်းအဝိုင်းရဲ့ ကိုယ်ကျင့်မပျက်ယွင်းသော ကိုယ်စားလှယ်လို့ ယူဆတယ်။ ရုရှား လူ့အဖွဲ့အစည်းက အနောက်တိုင်း ပုံစံ လိုက်တုလို့ မရဘူးလို့ သူတို့ယုံကြည်တယ်။

ပါတီက သူ့ရှေ့မျိုးဆက်ရဲ့ အန်နားခစ်(စ်) အစဉ်အလာ၊ **ဆလပ်လူမျိုးကြီးဝါဒ**[15] အစဉ်အလာတွေနဲ့ ပြတ်ပြတ်သားသား လမ်းခွဲထွက်ထားတယ်။ (K. Marx and F. Engels, Selected Correspondence, p. 364.)


ဆိုရှယ်လစ် အင်တာနေရှင်နယ် ခေါင်းဆောင်အတော်များများကတော့ အန်းဂယ်(လ်စ်)လို မမြင်ပါဘူး။ လက်တဆုပ်စာ ရုရှား မာ့(က်စ်)ဝါဒီတွေကို အထင်သေးသလို ကြည့်လေ့ရှိတယ်။

လူထုထောက်ခံမှုရှိတဲ့ အင်အားကြီး ပါတီကြီးတွေကို အခြေခံထားပြီးသား အနောက်တိုင်း လေဘာ ခေါင်းဆောင်တွေက ရုရှားမှာ တော်လှန်သော မာ့(က်စ်)ဝါဒ အလုပ်သမား ပါတီတခု ထူထောင်လို့ ရလိမ့်မယ် မထင်ကြဘူး။ အပြင်ပန်းမှာတော့ ပလက်ခနော့(ဗ်)တို့အုပ်စုကို လေးစားပြပါရဲ့။ သီးသန့်အခန်းမှာတော့ သူတို့ စိတ်ရှုပ်ထွေးမှုကို ထုတ်ညည်းကြတယ်။ ဘာ့လို့များ ဒီလောက်တောင် သဘောတရားရေးတွေ ငြင်းမကုန်နိုင် ဖြစ်နေကြသလဲ။ ဒီပြဿနာတွေကြောင့် ကွဲကြပြဲကြဖို့ လိုသလား။ ဒီရုရှားတွေကိုယ့်အချင်းချင်း အလုပ် အတူတွဲလုပ်လို့ မဖြစ်နိုင်ဘူးလား။

ပလက်ခနော့(ဗ်) အုပ်စုလေးက အင်အားနည်းလွန်းပြီး တိုးတက်မှု နှေးလွန်းတာရယ်ကြောင့် သူတို့သံသယ မှန်သယောင် ထင်ခဲ့ရတယ်။ နှိုင်းယှဉ်ကြည့်ရင် နရော့နစ်တွေမှာ အဖွဲ့အစည်း အကြီးကြီးရှိတယ်၊ အရင်းအမြစ်တွေ ပေါများတယ်၊ ပြည်တွင်းပြည်ပမှာ ဩဇာတိက္ကမ ကြီးကြီးမားမား ရှိတယ်။ သို့သော် ပလက်ခနော့(ဗ်)တို့ရဲ့ မဖြစ်စလောက် အဖွဲ့လေးက အင်အားကြီး လူထု တော်လှန်ရေး ပါတီကြီး ဖြစ်လာစေမယ့် သန္ဓေသား။ နောင် ၃၄ နှစ်အကြာမှာ ရုရှားအလုပ်သမား၊ လယ်သမားထုကိုယ်တိုင် အာဏာ အရယူပြီး သမိုင်းတလျှောက် ပထမဆုံး ဒီမိုကရက်တစ် အလုပ်သမား နိုင်ငံတော် ထူထောင်နိုင်အောင် ဦးဆောင်ပေးခဲ့တဲ့ ပါတီက အဲဒီသန္ဓေသားကနေ ပေါက်ဖွားလာခဲ့ခြင်း ဖြစ်တယ်။

ဆက်ရန် -

လင်းလက် မြန်မာပြန်သည်




# ကွန်မြူနစ်တစ္ဆေ

ဒင်နုး

Image : marxist.com

ပညတ်နဲ့ ပရမတ်ကို ခွဲခြားသိမြင်ဖို့အရေးကြီးသတဲ့။ မှန်ပါတယ်။ အမည်နာမတွေ၊ တံဆိပ်တွေထက် အတွင်းအနှစ်သာရကို ခွဲခြမ်းဆန်းစစ်နိုင်ဖို့အရေးကြီးပါတယ်။

Myanmar Now ကတော့ အဲသလို ခွဲခြားသိမြင်ပုံမရဘူး။ မြန်မာနောင်းက ဒီကနေ့ ဖော်ပြထားတဲ့ ဆောင်းပါးတပုဒ်ကိုပဲ ကြည့်လေ။ မင်းအောင်လှိုင်က ကွန်မြူနစ်အာဏာရှင်တွေနဲ့ ပလူးပလဲ လုပ်ပြီး "အာဏာနီ" တည်ဆောက်နေသတဲ့။

ရုရှား၊ မြောက်ကိုရီးယားနဲ့ ဘယ်လာရု(စ်)တို့ကိုကွန်မြူနစ်နိုင်ငံတွေလို့ ဆိုထားတယ်။ နိုင်ငံတနိုင်ငံရဲ့ လူမှုစီးပွားစနစ်တခုကို အပေါ်ယံ တံဆိပ်တွေကြည့်ပြီး စိတ်ထင်သလို သတ်မှတ်လို့ မရဘူး။ အတွင်းအနှစ်သာရ ဖြစ်စဉ်တွေကို

ဆန်းစစ်နားလည်ဖို့ လိုအပ်တယ်။

ကွန်မြူနစ်စနစ်လား၊ အရင်းရှင်စနစ်လား၊ ဘယ်လိုခွဲခြား သတ်မှတ်မလဲ။ အခြေခံအကျဆုံး မေးခွန်းကနေပဲ အစပြု ရလိမ့်မယ်။ What is communism? What is capitalism?

အရင်းရှင်စနစ်မှာ ကုန်လုပ်ပစ္စည်းတွေကို အနည်းစုသော အရင်းရှင်လူတန်းစားက private property အနေနဲ့ ပိုင်ဆိုင်တယ်။ အများစုသော အလုပ်သမားထုက ကုန်လုပ်ပစ္စည်းတွေ မပိုင်ဆိုင်ကြဘူး။ ဒါ့ကြောင့် သူတို့ပိုင် တခုတည်းသော ရောင်းကုန် “labor power” ကို ရောင်းချအသက်မွေးကြရတယ်။

ကွန်မြူနစ်စနစ်မှာ ကုန်လုပ်ပစ္စည်းတွေကို လက်တဆုပ်စာ အရင်းရှင်လူတန်းစားက ပိုင်ဆိုင်ခြင်း မရှိဘူး၊ လူ့အဖွဲ့အစည်းက ပိုင်တယ်။ ဒါ့ကြောင့် လုပ်အားကို ရောင်းချစားရတဲ့ သွေးစုပ်ခံ လူတန်းစားနဲ့ သူများလုပ်အားကို အမြတ်ထုတ် ချမ်းသာတဲ့ သွေးစုပ်သူ လူတန်းစားရယ်လို့ ကွဲပြားနေခြင်း မရှိဘူး။

ဒီနေရာမှာ အရင်းရှင်စနစ်နဲ့ ကွန်မြူနစ်စနစ်ကြား အဓိက ခြားနားချက်ကြီး ၂ခုကို ဆွဲထုတ်လို့ရပြီ။

အရင်းရှင်စနစ် - (၁) private ownership of means of production (၂) class society

ကွန်မြူနစ်စနစ် - (၁) social ownership of means of production (၂) classless society

အရင်းရှင် ကုန်ထုတ်လုပ်ရေးစနစ်က ဈေးကွက်မှာရောင်းချဖို့ commodity ထုတ်လုပ်ရေးစနစ် ဖြစ်တယ်။ exchange အတွက်ထုတ်လုပ်ခြင်း ဖြစ်တယ်။ need အခြေခံထုတ်လုပ်ခြင်း မဟုတ်ဘူး။ ကုန်လုပ်ပစ္စည်းကို ပုဂ္ဂလိက ပိုင်ဆိုင်ထားသူ အရင်းရှင် လူတန်းစားကြား အမြတ်များများရရှိရေး ယှဉ်ပြိုင်မှုတွေက မောင်းနှင်နေတဲ့ ထုတ်လုပ်ရေးစနစ် ဖြစ်တယ်။

ဒါ့ကြောင့် ဈေးကွက်ရဲ့ အင်အားစုတွေကပဲ ကြိုးကိုင်ခြယ်လှယ်သွားတယ်။ တကယ်လုပ်အားစိုက်ထုတ်ဖန်တီးပေးနေရတဲ့လူတန်းစားက rational ကျကျစီမံထုတ်လုပ်နိုင်ခြင်း မရှိဘူး။ ဒါ့ကြောင့် overproduction crisis တွေ ခဏခဏ ဖြစ်နေရတာ။၂၀၀၈ စီးပွားပျက်ကပ် ဖြစ်တယ်။ ဒီနောက် ဆယ်စုနှစ်တခုအကြာမှာ နောက်ထပ်အပြင်းထန်ဆုံး အကျပ်အတည်းကို ရင်ဆိုင်နေရပြီ။

ကွန်မြူနစ်စနစ်မှာ အဲသလို ဈေးကွက်တင်ရောင်းချရေး (for exchange) ထုတ်လုပ်တာ မရှိဘူး။ commodity ထုတ်လုပ်ရေး မရှိတော့ဘူး။ လူ့အဖွဲ့အစည်းရဲ့ need ကို အခြေခံပြီး rational ကျကျ ထုတ်လုပ်ခြင်းပဲ ရှိတော့တယ်။ ကုန်လုပ်ပစ္စည်းကို လက်တဆုပ်စာ လူတန်းစားက ပုဂ္ဂလိက ပစ္စည်းအဖြစ် ပိုင်ဆိုင်ထားခြင်းမရှိတော့လို့ အမြတ်များနိုင်သမျှများများရရှိရေး၊ အလုပ်သမား လူတန်းစားရဲ့လုပ်အားကို သွေးစုပ်နိုင်သမျှ သွေးစုပ်ရေးမရှိဘူး၊ အမှန်တကယ် လုပ်အားစိုက်ထုတ် ဖန်တီးနေသူတွေကိုယ်တိုင် rational ကျကျ စီမံထုတ်လုပ်ခြင်းပဲ ရှိတယ်။

အရင်းရှင်စနစ်အောက်မှာ အလုပ်သမားလူတန်းစားက မသေရုံတမယ် လုပ်ခလစာလေးနဲ့ အသက်ဆက်နေကြရတယ်။ ဗမာပြည်ရဲ့ အနိမ့်ဆုံးလုပ်ခလစာဟာ တနာရီ ၆၀၀ ကျပ်၊ တရက်ကို ၈ နာရီ လုပ်ရင် ၄၈၀၀ ကျပ်ပဲ ရမယ်။ မစားလောက်လို့ တရက်၈ နာရီမက အလုပ်လုပ်နေကြရတယ်။ တပတ် ၂ ရက် အလုပ်နားခွင့်ရသူ အလွန်နည်းပါတယ်။ အိမ်ရှိလူကုန် အလုပ်ထွက်လုပ်တာတောင် မလောက်ငှ။

ဘာ့ကြောင့်လဲ။ ကုန်လုပ်ပစ္စည်းတွေကို လက်တဆုပ်စာ အရင်းရှင် လူတန်းစားက ပုဂ္ဂလိက ပိုင်ထားတယ်။ အများစုသော လုပ်သားထုကြီးက သူတို့ရဲ့ လုပ်အားကို အရင်းရှင် လူတန်းစား ပေးတဲ့လုပ်ခလေးနဲ့ ရောင်းစားနေရတဲ့ စနစ်ဖြစ်နေလို့ပဲ။ အရင်းရှင်လူတန်းစားက လုပ်ခကို နည်းနိုင်သမျှ အနည်းဆုံး ပေးပြီး အလုပ်သမားထုရဲ့ လုပ်အားကို

သွေးစုပ်မယ်၊ ဒီလိုနည်းနဲ့ အရင်းရှင် လူတန်းစားအဖို့ အမြတ်များများ ရလာမယ်။ ဒီလို မသေရုံလုပ်ခလေးနဲ့ အလုပ်တခုရဖို့တောင် မလွယ်ပါဘူး။ ဗမာပြည်မှာ အလုပ်လက်မဲ့ဖြစ်နေသူ သန်းချီရှိတယ်။ ဒီစနစ်ကို အရင်းရှင်စနစ်မခေါ်ရင် ဘယ်စနစ်ကို အရင်းရှင်စနစ်လို့ ပြောရမလဲ။

ကွန်မြူနစ်စနစ်မှာ ကုန်လုပ်ပစ္စည်းပိုင်ရှင်ဆီ လုပ်အားရောင်းစားရတာမျိုး မရှိသလို အလုပ်လက်မဲ့ဆိုတာမျိုးလဲ မရှိတော့ဘူး။ တပတ်မှာ ၆ရက်လောက် အလုပ်လုပ်နေရတာမျိုး မရှိတော့ဘူး။ ခေတ်မီနည်းပညာနဲ့ သိပ္ပံတိုးတက်မှုတွေကြောင့် labor productivity က အရမ်းမြင့်မားနေပြီ။ အဲဒီလို မြင့်မားလာအောင် အရင်းရှင်စနစ်က ပြင်ဆင်ပေးထားခဲ့တာ။ ဒါပေမယ့် အရင်းရှင်စနစ်အောက်မှာတော့ ဒီတိုးတက်မှုတွေက လက်တဆုပ်စာ အရင်းရှင်လူတန်းစား အမြတ်ပိုရဖို့ပဲ ဖြစ်ခဲ့တယ်။ ကွန်မြူနစ်စနစ်မှာတော့ labor productivity မြင့်မားလာတဲ့အတွက် လုပ်သားထုရဲ့ တရက်တာ အလုပ်ချိန်ကို အနိမ့်ဆုံးအထိ လျှော့ချပေးလိမ့်မယ်။ အရင်းရှင်စနစ်အောက်မှာ တရက် ၁၀ နာရီ လုပ်ရရင် ကွန်မြူနစ်စနစ်မှာ တရက် ၄နာရီပဲ အများဆုံး လုပ်ရလိမ့်မယ်။ နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ ဒီထက် ပိုနည်းသွားဖို့ပဲ ရှိလိမ့်မယ်။

အများတကာ့ အများစုသော အလုပ်သမားထုကြီးဟာ အရင်းရှင်စနစ်အောက်မှာ ဝမ်းရေးနဲ့ပဲ နပမ်းလုံးနေခဲ့ရတယ်။ သူတို့ရဲ့ လူ့အစွမ်းအစတွေအညွန့်တုံးခဲ့ရတယ်။ ကွန်မြူနစ်စနစ်အောက်မှာဝမ်းရေးအတွက် နပမ်းလုံးနေရတာ မရှိတော့ဘဲfree time ပိုရလာတာနဲ့အမျှ လူသားရဲ့ potential မျိုးစုံကို ဘက်စုံဖွံ့ဖြိုးလာအောင် လုပ်ခွင့်ရသွားမယ်။ စားဝတ်နေရေး ကိစ္စတွေမှာပဲ အချိန်ကုန်ခဲ့ကြရာက စာပေ၊ ဂီတ၊ အနုပညာ အပါအဝင်ယဉ်ကျေးမှုနယ်ပယ် အသီးသီး ၊ သိပ္ပံပညာရပ် နယ်ပယ်အသီးသီးမှာပါ လွတ်လွတ်လပ်လပ် ပါဝင်လှုပ်ရှားလာကြလိမ့်မယ်။နောက်ဆုံး labor နဲ့ leisure ခြားနားချက်ပါ ပျောက်သွားပြီး "leap from realm of necessity to realm of freedom" ဖြစ်သွားမယ်။

ကွန်မြူနစ် လူ့အဖွဲ့အစည်းမှာ "from each according to his ability, to each according to his needs" ဆိုတဲ့အတိုင်း အလျှံပယ် ပေါကြွယ်ဝနေလိမ့်မယ်။ အရင်းရှင်စနစ် ကမ္ဘာမှာလို လူလက်တဆုပ်စာက ဘီလျံ၊ ထရီလျံနဲ့ချီ ချမ်းသာနေပြီး လူအများစုကြီးက ဒုက္ခပင်လယ်ဝေနေတာမျိုး မရှိတော့ဘူး။

လက်တဆုပ်စာ အရင်းရှင် လူတန်းစားရဲ့ private property ကို ကာကွယ်ပြီး လူအများစုကြီးကိုအကြမ်းဖက် နှိပ်ကွပ်ထားတဲ့ အစိုးရ၊ ရဲ၊ စစ်တပ်၊ တရားရုံး၊ ထောင်၊ ဗျူရိုကရေစီဆိုတာတွေ တခုမှမရှိတော့ဘူး။ ကွန်မြူနစ် လူ့အဖွဲ့အစည်းမှာ state ဆိုတာ ချုပ်ငြိမ်းပျောက်ကွယ်သွားပြီ။

အရင်းရှင်စနစ်မှာတော့ နိုင်ငံတော်ဟာစစ်အသုံးစရိတ်တွေ အဆမတန် သုံးစွဲပြီး လူသတ်လက်နက်တွေ အပြိုင်အဆိုင် တပ်ဆင်နေကြတယ်။ ကမ္ဘာပေါ်မှာ စစ်အသုံးစရိတ်အများဆုံး နိုင်ငံပြပါဆိုရင် အရင်းရှင်နယ်ချဲ့ပါဝါ အမေရိကပဲ။ ရုရှားနဲ့ယူအက်စ်က နျူကလီယာ လက်နက်ပိုင်ရှင်တွေ။ ဟုတ်ပြီ။ ဒီတော့ ရုရှားက ကွန်မြူနစ်လူ့အဖွဲ့အစည်းလား။ အပေါ်မှာ တင်ပြခဲ့တဲ့အချက်တွေနဲ့ ချိန်ထိုးကြည့်ရင် ဒီမေးခွန်းကို ကိုယ့်ဘာသာဖြေလို့ရလောက်ပြီ ထင်ပါတယ်။ အလားတူပဲ၊ မြောက်ကိုရီးယားက ကွန်မြူနစ်လား၊ ဘယ်လာရု(စ်)ကကွန်မြူနစ်လား၊ ဗီယက်နမ်က ကွန်မြူနစ်လား ၊ တရုတ်က ကွန်မြူနစ်လား၊ အစရှိတဲ့ မေးခွန်းတွေကိုယ့်ဘာသာမေးပြီး ဆန်းစစ် အဖြေရှာကြည့်လို့ ရပါတယ်။

ကွန်မြူနစ် ပါတီ နာမည်ခံထားတဲ့ အင်အားစုတခု အာဏာရနေတိုင်း ကွန်မြူနစ် နိုင်ငံလို့ ပြောလို့မရကြောင်း ဒီလောက်ဆို မြင်မယ်ထင်ပါတယ်။ နာမည်ကြည့်ပြီး စိတ်ထင်သလို ပြောကြရေးကြစတမ်းဆိုရင် ပညတ်နဲ့ ပရမတ် မကွဲရာ ရောက်တာပေါ့။

ဘာလင်တံတိုင်းပြိုသွားပြီ၊ ဆိုဗီယက်နဲ့ အရှေ့ဥရောပ




ကွန်မြူနစ်နိုင်ငံတွေ ပြိုကျသွားပြီလို့ ထပ်တလဲလဲအော်ခဲ့ကြတာလဲ ဘူဇွာမီဒီယာတွေပဲ။ ပြိုကျသွားလို့ သမိုင်းနိဂုံးချုပ်ပြီလို့တောင် လက်ခမောင်းခတ်ခဲ့ကြသေးတယ် မဟုတ်ပါလား။ ဘယ့်နှယ် အခုကျမှ ကွန်မြူနစ်နိုင်ငံတွေလို့ ထအော်နေရတာလဲ။ ရှေ့နောက်မညီပါလား။

တကယ်တော့ (ရုရှား၊ မြောက်ကိုရီးယား၊ ဘယ်လာရု(စ်)၊ စသဖြင့်) ကွန်မြူနစ် နာမည်တောင် မခံထားပါဘူး။ တရုတ်ကမှ ကွန်မြူနစ် ပါတီနာမည်ခံထားတဲ့ အစုအဖွဲ့က အစိုးရအာဏာရနေသေးတယ်။ တကယ်တော့ တရုတ်လဲ ကွန်မြူနစ် နိုင်ငံ မဟုတ်ပါဘူး။ အရင်းရှင်စနစ် ပြန်ရောက်သွားတာ ကြာပြီ။

[အရင်းရှင်စနစ်ဆီ ခရီးရှည်ချီတက်ခဲ့သော တရုတ်ပြည်စာတမ်းကို ဖတ်ရန် ][၁]

ကွန်မြူနစ်နာမည်တပ်ထားတိုင်း ကွန်မြူနစ်နိုင်ငံဆိုရင် ကွန်မြူနစ်လူ့အဖွဲ့အစည်းရောက်ဖို့ ဘာခက်တော့မလဲ။တကမ္ဘာလုံးနေ့ချင်းညချင်း ကွန်မြူနစ်ကမ္ဘာ ဖြစ်သွားမှာပေါ့။ [As a matter of fact] ဒီကနေ့အထိ သမိုင်းတလျှောက်လုံး ဘယ်နိုင်ငံမှ ကွန်မြူနစ် စနစ်ကို မရောက်သေးဘူး။ အရင်းရှင်စနစ်က ကမ္ဘာ့စနစ် ◌ြစ်လာတယ်။ ဒါ့ကြောင့် ကွန်မြူနစ်စနစ်ကိုလဲ ကမ္ဘာ့အတိုင်းအတာနဲ့သာ ထူထောင်နိုင်တယ်။ အရင်းရှင်ကမ္ဘာမှာ နိုင်ငံတခုတလေက ကွက်ပြီး ကွန်မြူနစ်မဖြစ်နိုင်ဘူး။ ဒါ့ကြောင့် ကိုယ်ကြည့်မရတဲ့ နိုင်ငံလက်ညှိုးထိုးပြီး ကွန်မြူနစ်နိုင်ငံ လုပ်နေရင် ယူတိုးပီးယားဆန်လွန်းတာပဲ။

classless, stateless, moneyless society ဖြစ်မှကွန်မြူနစ်လူ့အဖွဲ့အစည်းလို့ ပြောနိုင်မယ်။ကွန်မြူနစ်လို့ မြန်မာနောင်း ဆောင်းပါးက စွပ်စွဲထားတဲ့ နိုင်ငံတွေ ကြည့်ရအောင်။ လူတန်းစားမဲ့နေလား၊ နိုင်ငံတော် ကွယ်ပျောက်နေလား။ မ

မဲ့တဲ့အပြင် နျူကလီယာ လက်နက်ပိုင်ရှင်နဲ့ ပိုင်ရှင်ဖြစ်ဖို့ လုံးပမ်းနေသူတွေ။ ကုန်လုပ်ပစ္စည်းတွေက လူ့အဖွဲ့အစည်း ပိုင် ဖြစ်နေလား၊ private property ဖြစ်နေလား။ ရုရှားမှာ oligarch လက်တဆုပ်စာက ပုဂ္ဂလိက ပိုင်ဆိုင်ထားတယ်။ ရုရှားမှာ oligarchs ၊ အမေရိကမှာ ဘီလျံနာ။ အခေါ်အဝေါ် ပဲ ကွဲမယ်၊ ကုန်လုပ်ပစ္စည်းတွေကို private property အဖြစ် လက်ဝါးကြီးအုပ် ပိုင်ဆိုင်ထားတာခြင်း အတူတူပဲ။

ကွန်မြူနစ် လူ့အဖွဲ့အစည်းမှန်ရင် stateless ဆိုတော့ ကွန်မြူနစ်အာဏာရှင်ဆိုတဲ့ စကားလုံးကသူ့ဘာသာ ဝရောမိဖြစ်နေတဲ့ အဓိပ္ပါယ်မဲ့ စကားပဲ။ မင်းအောင်လှိုင်တို့ လူတန်းစားကို သရုပ်ခွဲကြည့်ဦးမလား။ မင်းအောင်လှိုင် ကိုယ်တိုင် ဗမာပြည်ရဲ့ အချမ်းသာဆုံး သူဌေးကြီး ဖြစ်နေရုံမက သူ့သားသမီးတွေလဲ ကုမ္ပဏီပိုင်ရှင်ကြီးတွေ ဖြစ်နေကြတယ်လို့မြန်မာနောင်းကိုယ်တိုင် ထပ်တလဲလဲ ရေးခဲ့တယ် မဟုတ်လား။ ဒါဆိုရင် သူတို့တတွေဟာကုန်လုပ်ပစ္စည်းတွေကို private property အနေနဲ့ ပိုင်ဆိုင်ထားတဲ့ အရင်းရှင် လူတန်းစား မဟုတ်ပေဘူးလား။ ဒါ့ကြောင့် မင်းအောင်လှိုင်ကို အရင်းရှင် အာဏာရှင်လို့ ခေါ်မှ မှန်ကန်မယ် ။ ကွန်မြူနစ်အာဏာရှင်လို့ခေါ်ရင် ကွန်မြူနစ် မုန်းတီးစိတ် အခြေခံနဲ့ ကွန်မြူနစ် တစ္ဆေခြောက်လိုက်တာပဲ။

မင်းအောင်လှိုင်က သူတို့စစ်အုပ်စုအတွင်းဖြုတ်ထုတ်ရှင်း လုပ်နေတာ ရှိတယ်။ ဒါကိုပဲ အာဏာနီ တည်ဆောက်နေတယ်လို့ မြန်မာနောင်း ဆောင်းပါးက ပြောချင်ပုံရတယ်။ ကွန်မြူနစ် အာဏာရှင်ကြီးက အာဏာနီ တည်ဆောက်နေတယ်လို့ ဆိုလိုတဲ့သဘော။ ကွန်မြူနစ် အာဏာရှင်လို့ ပြောရင်ဘယ်လို အဓိပ္ပါယ်မရှိကြောင်း၊ ပြောချင်းပြောရင်မင်းအောင်လှိုင်ကို အရင်းရှင်အာဏာရှင်လို့ ပြောမှ မှန်ကန်မယ့် အကြောင်း အထက်မှာ ရှင်းခဲ့ပြီ။ ဒီတော့ မင်းအောင်လှိုင် ဖြုတ်ထုတ်ရှင်း လုပ်နေတာကို “အာဏာဖြူ” တည်ဆောက်နေခြင်းလို့ပဲ ဆိုရလိမ့်မယ်။

တကယ်တော့ မြန်မာနောင်း ဆောင်းပါးရှင်က သဘောတရားရေး ချွတ်ခြုံကျသလိုသမိုင်းလဲ မသိရှာဘူး။ မင်းအောင်လှိုင်တို့၊ ပူတင်တို့လို regime တွေကို Bonapartism လို့ ခေါ်တယ်။ သမိုင်းကို ပြန်ကောက်ရင် Bonapartism ရဲ့ ရှေ့ပြေးကို ရောမအင်ပိုင်ယာ ပြိုကာနီး Caesarism မှာ သွားတွေ့ရမယ်။ ဒီအကြောင်းတွေတော့ အလျဉ်းသင့်တဲ့ အခါမှ ထပ်ဆွေးနွေးပါဦးမယ်။

ဒင်နူး



# ကွန်မြူနစ်တွေက အကုန်ဘုံပိုင်လုပ်ပစ်ကြမှာလား

ဒင်နူး

ဆိုရှယ်လစ်၊ ကွန်မြူနစ်စနစ်ကို ဘုံစနစ် (ဝါ) ရှိသမျှအကုန် ဘုံပိုင်လုပ်ပစ်တဲ့စနစ်လို့ အထင်မှားတတ်ကြတယ်။ တချို့က ရိုးရိုးသားသား နားမလည်တာ၊ တချို့ကျ တမင်ပုံဖျက်ဖို့ ပြောကြတာ။ နောက်ဆုံး မိန်းမတွေကိုပါ ဘုံပိုင်လုပ်ပစ်ကြတယ်လို့ ပုံဖျက်ထိုးနှက်လေ့ရှိတယ်။

ဒီလို အလွဲလွဲအမှားမှား ပုံဖျက်စွပ်စွဲမှုတွေကို မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ ပူးတွဲရေးသားတဲ့ ကွန်မြူနစ်ကြေငြာစာတန်း (၁၈၄၈) မှာကတည်းက ရှင်းလင်းချေဖျက်ပြီးသား ဖြစ်ပါတယ်။ ပြောရရင် ဒီမတိုင်ခင် အန်းဂယ်(လ်စ်) ရေးခဲ့တဲ့ ‘ကွန်မြူနစ်ဝါဒ အခြေခံမူများ’ စာတန်းမှာကတည်းက ဒီအချက်တွေကို ရှင်းပြီး ဖြစ်ပါတယ်။ ဒီနောက် လက်ရာတွေမှာလဲ အလျဉ်းသင့်သလို ရေးခဲ့တာတွေ ရှိပါတယ်။ ဥပမာ၊ မာ့(က်စ်)ရဲ့ အရင်းကျမ်း၊ အန်းဂယ်(လ်စ်)ရဲ့ Anti-Duhring နဲ့ The origin of the family, private property and the state လို စာအုပ်တွေမှာ တွေ့ရလိမ့်မယ်။

မာ့(က်စ်)တို့ မရှိတဲ့နောက်ပိုင်းမှာ ရိုဆာလူဇင်ဘာ့(ဂ်) အပါအဝင် တခြားမာ့(က်စ်)ဝါဒီတွေလဲ ဒီလိုပုံဖျက်ထိုးနှက်မှုတွေကို ချေဖျက်ခဲ့ရတယ်။ သို့သော် မာ့(က်စ်)ဝါဒကို ပုံဖျက်သူတွေဟာ မာ့(က်စ်)ဝါဒဆိုင်ရာ ဘယ်စာအုပ်ကိုမှ ဖတ်ဖူးပုံမရဘူး။ ဒီကနေ့အထိ မဲပြာပုဆိုး ပုံပြင်ဟောင်းတွေကို ရွတ်ကောင်းနေဆဲ။

ကဲ ကြည့်လိုက်ရအောင်။

ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖျက်သိမ်းခြင်းဆိုတာ ဘာလဲ

ကွန်မြူနစ်ကြေငြာစာတန်းမှာ အခုလို တွေ့ရလိမ့်မယ်။

“In this sense, the theory of the Communists may be summed up in the single sentence: Abolition of private property”

ဒီစာကြောင်းကို နားလည်အောင် မဖတ်တဲ့အခါ ကြောက်လန့်ကုန်တယ်။ ဒီစာကြောင်းတကြောင်းတည်း ကွက်ကြည့်ရင်တော့ နားလည်မှာလဲ မဟုတ်ဘူး။ စာကြောင်းအစမှာ “in this sense” လို့ ခံထားတယ်။ မာ့(က်စ်)နဲ့ အန်းဂယ်(လ်စ်)တို့ ဘယ်လိုအဓိပ္ပါယ်နဲ့ ပြောထားသလဲ

နားလည်ချင်ရင် သူ့ရှေ့ကစာပိုဒ်တွေနဲ့ ချိတ်ဆက်ကြည့်ရလိမ့်မယ်။ ရှေ့မှာ သူတို့ ဘာပြောထားသလဲ။

"The distinguishing feature of communism is not the abolition of property generally, but the abolition of bourgeois property."

လို့ ရှေ့တပိုဒ်မှာ ဆိုထားတယ်။ ဒီတော့ ကွန်မြူနစ်တွေ ပြောတဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖျက်သိမ်းရေးဆိုတာ ပိုင်ဆိုင်မှုမှန်သမျှ ဖျက်သိမ်းရေး မဟုတ်ဘူးဆိုတာ "ကြေငြာစာတန်း" လောက် မြည်းဖူးရင်တောင် သိပါလိမ့်မယ်။

အဲဒီရှေ့မှာလဲ အခုလို ပြောထားသေးတယ် -

"The abolition of existing property relations is not at all a distinctive feature of communism"

ရေးထားတာ ရှင်းပါတယ်။ ဒါပေမယ့် အတော်များများက ဒီအချက်ကို မသိကြဘူး (ဝါ) မသိယောင်ဆောင်ထားကြတယ်။ တည်ဆဲပိုင်ဆိုင်မှု ဆက်ဆံရေးတွေကို ဖျက်သိမ်းတာ ကွန်မြူနစ်ဝါဒလို့ပဲ ထင်နေကြတယ်။ မဟုတ်ပါဘူး။ သမိုင်းကို ပြန်ကြည့်လိုက်ပါ။ [အဲဒီစာကြောင်းနောက်မှာလဲ မာ့(က်စ်)တို့ ပြင်သစ်တော်လှန်ရေးကို နမူနာ ပေးထားသေးတယ်။]

သမိုင်းတလျှောက် "social revolution" လို့ ခေါ်တဲ့ ခေတ်ပြောင်း တော်လှန်ရေးအားလုံးဟာ တည်ဆဲပိုင်ဆိုင်မှု ဆက်ဆံရေးတွေကို ဖြိုဖျက်ပစ်ခဲ့ရတာချည်းပဲ။ [ဒီနေရာမှာ social revolution ကို လူမှုစံနှုန်းတွေ၊ ထုံးတမ်းဓလေ့တွေ ပြောင်းလဲခြင်းလို့ တလွဲနားလည်သုံးစွဲနေကြတာနဲ့ မရောထွေးစေချင်ဘူး။]

၁၈ ရာစုမှာ ပေါ်ထွန်းခဲ့တဲ့ ပြင်သစ် တော်လှန်ရေးကြီးကိုပဲ ကြည့်လေ။ "bourgeois property" ကြီးထွားလာဖို့ "ပဒေသရာဇ် ပိုင်ဆိုင်မှု ဆက်ဆံရေးတွေ"ကို ဖျက်သိမ်းပစ်ခဲ့ရတာပဲ မဟုတ်လား။ အဲသလိုပဲ ပဒေသရာဇ် မြေရှင်ကြီးစနစ် ပေါ်ထွန်းလာဖို့ ကျေးပိုင်ကျွန်ပိုင်ခေတ် ပိုင်ဆိုင်မှု ဆက်ဆံရေးတွေကို ဖျက်သိမ်းပစ်ခဲ့ရတာပဲ မဟုတ်လား။ ခေတ်ပြောင်း တော်လှန်ရေးတရပ်ကို ဆင်နွှဲတဲ့အခါ တည်ဆဲ ပိုင်ဆိုင်မှုဆက်ဆံရေးတွေကို ဖြိုချပစ်ရစမြဲ။ ဒါ့ကြောင့် အရင်းရှင် လူ့အဖွဲ့အစည်းမှာ ခေတ်ပြောင်း တော်လှန်ရေး ဆင်နွှဲတဲ့အခါ တည်ဆဲ ဘူဇွာ ပိုင်ဆိုင်မှု ဆက်ဆံရေးတွေကို ဖျက်သိမ်းပစ်ရတာပဲ။ ဒါဟာ ကွန်မြူနစ်ဝါဒကျမှ ထူးထူးခြားခြား ထွက်ပေါ်လာတဲ့ ဝိသေသ မဟုတ်ဘူး။

လူတယောက်က သူ့လုပ်အား စိုက်ထုတ်ပြီး ရရှိလာတဲ့ အသီးအပွင့် သူ့ဘာသာ ပိုင်ဆိုင်ခွင့်ကို ကွန်မြူနစ်တွေက ဖျက်စီးပစ်ချင်ကြတယ်လို့ စွပ်စွဲလေ့ရှိတယ်။ ဒီအကြောင်းကိုလဲ "ကြေငြာစာတန်း"မှာ ရှင်းပြထားတယ်။

ကြိုးစားပမ်းစား၊ ခက်ခက်ခဲခဲ ရှာထားရတဲ့ ပိုင်ဆိုင်မှုဆိုတာ ဘူဇွာ ပိုင်ဆိုင်မှုမတိုင်ခင် ရှိခဲ့တဲ့ အသေးစား လက်မှုပညာသည်တွေ၊ အသေးစား လယ်သမားတွေရဲ့ ပိုင်ဆိုင်မှုကို ပြောတာလားတဲ့။ အဲဒါဆိုရင်တော့ မိတ်ဆွေ မှားနေပြီ။ အဲဒီလို property form ကို ကွန်မြူနစ်တွေ ဖျက်သိမ်းစရာ မလိုဘူးတဲ့။ စက်မှုလုပ်ငန်းကြီးတွေ တိုးတက်ဖွံ့ဖြိုးမှုက အဲဒီလို ပိုင်ဆိုင်မှုပုံစံတွေကို ဖျက်စီးပစ်ပြီးသား ဖြစ်သလို အခုလဲ ဆက်ဖျက်စီးနေဆဲ ဖြစ်တယ်။

ဒီအချက်ကို ဗမာပြည်ကလူတွေ မျက်းဝါးထင်ထင် မြင်နေရတာပဲ၊ နားမဆံ့အောင် ကြားနေရတာပဲ။ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း၊ အောင်သပြေရွာ ဘိလပ်မြေစီမံကိန်း၊ လှိုင်သာယာ၊ ရွှေပြည်သာ စက်မှုဇုံ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုံ၊ စသဖြင့်၊ ဥပမာတွေ တပုံတခေါင်းကြီး ရှိပါတယ်။ တနိုင်ငံလုံး စစ်တပ်ပိုင်မြေဆိုပြီး လုယူသိမ်းပိုက်ထားတာတွေ လက်ညှိုးထိုးမလွဲ။

ကိုယ်ပိုင်မြေကွက်လေး၊ ကိုယ်ပိုင်နွားနဲ့ ထွန်ကလေး အသုံးပြုပြီး ကိုယ့်လုပ်အားနဲ့ကိုယ် ဖန်တီးထုတ်လုပ်နေကြတဲ့ လယ်သမားတွေရဲ့ ပိုင်ဆိုင်မှုကို ကွန်မြူနစ်တွေက သိမ်းယူဖို့ မပြောပါဘူး။ အဲဒီလို အသေးစား လုပ်ငန်းရှင်

လေးတွေရဲ့ ပိုင်ဆိုင်မှုကို သိမ်းယူမှာ မဟုတ်သလို သိမ်းယူစရာလဲ မလိုဘူး။ အကြောင်းက ဘူဇွာ ပိုင်ဆိုင်မှုဆိုတာ အဲသလို အသေးစား လုပ်ငန်းရှင်လေးတွေရဲ့ ပိုင်ဆိုင်မှာကို ဖျက်သိမ်းပြီး ကြီးထွားလာတာ ဖြစ်နေလို့ပဲ။

ဒါ့ကြောင့် ကိုယ့်လုပ်အားနဲ့ကိုယ် ကြိုးစားပမ်းစား ရှာထားရတဲ့ ပိုင်ဆိုင်မှုအသီးအပွင့်ကို ကွန်မြူနစ်တွေက ဖျက်စီးနေတာ မဟုတ်ဘူး။ အရင်းရှင် လူတန်းစားက ဖျက်စီးပစ်ခဲ့တာ ၊ ဖျက်စီးနေတာ။

ဗမာပြည် ဥပမာနဲ့ပဲ ပြန်စဉ်းစားကြည့်ရအောင်။ အရင်းရှင် စီမံကိန်းကြီးတခုခု အကောင်အထည်ဖော်ဖို့ မြေကွက်တွေ သိမ်းယူလိုက်တယ်။ ဥပမာ၊ ကန့်ဘလူသကြားစက်ရုံ တည်ဆောက်ဖို့ ဒေသခံတွေရဲ့ မြေယာတွေကို စစ်တပ်က သိမ်းယူလိုက်တယ်။ ဒီအခါ မူလပိုင်ရှင် လယ်သမားက မြေမဲ့ယာမဲ့ ဖြစ်သွားတယ်။ သူ့ကိုယ်ပိုင်လုပ်ငန်းနဲ့ အသက်မွေးလို့ မရတော့ဘူး။ ဒီအခါ စက်ရုံ၊ အလုပ်ရုံ ပိုင်ရှင်ဆီသွားပြီး သူ့လုပ်အားကို ရောင်းချ အသက်မွေးမှပဲ ရတော့မယ်။

အဲဒီအခါ လုပ်ခစား အလုပ်သမား ဖြစ်သွားတယ်။ အဲဒီလို wage-labor က ဖန်တီးပေးလိုက်တဲ့ product တွေကို ဘယ်သူပိုင်သွားသလဲ။ အဲဒီအလုပ်သမား ပိုင်သွားလား။မပိုင်ဘူး ။လုပ်အားကို ဝယ်ယူခိုင်းစေတဲ့ အရင်းရှင်ပဲ ပိုင်သွားတယ် ။ဒါ့ကြောင့် wage-labor က အလုပ်သမား လူတန်းစားအတွက် ဘာပိုင်ဆိုင်မှုမှ ဖန်တီးမပေးဘူး။ အရင်းရှင် လူတန်းစားအတွက် “capital” ကိုပဲ ဖန်တီးပေးနေတာလို့ မာ့(က်စ်)တို့ ရေးခဲ့တာ။ အရင်းရှင်စနစ်အောက်မှာ အလုပ်သမားထုက သူတို့လုပ်အားရဲ့ အသီးအပွင့်ကို မပိုင်ဆိုင်ရဘူး၊ ခွဲထုတ်ခံနေရတယ်၊ အဲဒါ alienation ပဲ။

ဒါပေမယ့် ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖျက်သိမ်းရေးလို့ ပြောတဲ့အခါ ငါတို့လုပ်အားနဲ့ ရှာထားတာလေးတွေ ဖျက်သိမ်းဖို့ ပြောနေတာပဲလို့ အထင်မှားတတ်ကြတယ်။ သာမန်လူတွေပဲ အမြင်မှားကြတာ မဟုတ်ဘူး။ အရင်းကျမ်း အတွဲ ၁၊ အခန်း ၃၃ - The Modern Theory of Colonisation အဖွင့်မှာ မာ့(က်စ်)က အခုလို ရေးထားတယ် -

“Political economy confuses on principle two very different kinds of private property, of which one rests on the producers’ own labour, the other on the employment of the labour of others. It forgets that the latter not only is the direct antithesis of the former, but absolutely grows on its tomb only.”

ကိုင်းပြတ်ကရော။ ကိုယ့်လုပ်အားနဲ့ကိုယ် ဖန်တီးထုတ်လုပ်ပြီး ရရှိလာတဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှု၊ သူများလုပ်အားကို ခိုင်းစေအသုံးပြုရာက ရရှိလာတဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှု။ ဒီနှစ်ခု မတူပါဘူး။ ဒါပေမယ့် ရောပြီး ပြောနေကြတယ်။ ကွန်မြူနစ်တွေ ပြောနေတဲ့ ဖျက်သိမ်းရေးဆိုတာ ဒုတိယ အမျိုးအစားကိုပါ။ ဒုတိယအမျိုးအစား (bourgeois property) ဟာ ပထမ အမျိုးအစားနဲ့ တိုက်ရိုက်ဆန့်ကျင်ဖက် ဖြစ်နေတဲ့အပြင် ပထမ ပိုင်ဆိုင်မှုပုံစံကို ချေမွဖျက်စီးပြီး ကြီးထွားလာခြင်း ဖြစ်ပါတယ်။ အရင်း စတင်ဖြစ်ပေါ်လာပုံ (primitive accumulation) သမိုင်းကိုကြည့်ရင် ဒီအချက်ကို အထင်အရှား တွေ့ရလိမ့်မယ်။

အရင်းကျမ်း အတွဲ ၁၊ အခန်း ၃၂ “Historical tendency of Capitalist Accumulation” အဆုံးသတ်မှာလဲ မာ့(က်စ်)က အခုလို အနှစ်ချုပ်ပေးခဲ့တယ် -

“The capitalist mode of appropriation, the result of the capitalist mode of production, produces capitalist private property. This is the first negation of individual private property, as founded on the labour of the proprietor. But, capitalist production begets, with the inexorability of a law of Nature, its own negation. It is the negation of negation. This does not re-establish private property for the producer, but gives him individual property based on the acquisition of the capitalist era: i.e., on co-operation and the possession in common of the land and of the means of

production.”

အရင်းရှင် ပုဂ္ဂလိက ပိုင်ဆိုင်မှုက ကိုယ်တိုင် လုပ်အား စိုက်ထုတ်မှုရဲ့ အသီးအပွင့် “individual private property” ကို ချေဖျက်ပစ်ခဲ့တယ်။ အဲဒါက ပထမ negation ။ တခါ အရင်းရှင် ပုဂ္ဂလိက ပိုင်ဆိုင်မှု ဥခွံအတွင်း ကြီးထွားသထက် ကြီးထွားလာတဲ့ productive forces က အပြင်ဥခွံကို ဖောက်ခွဲပစ်လိုက်တယ်။ အဲဒါက ဒုတိယ negation ။ ဒါ့ကြောင့် the negation of negation လို့ ပြောတာ။

ဒါဆိုရင် အရင် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ပြန်သွားမှာလား။ မဟုတ်ဘူး။ productive forces တွေက အရမ်းကြီးထွားလာခဲ့ပြီ။ တဦးချင်း တယောက်ချင်း ခွဲဝေပိုင်ဆိုင်တာမျိုး လုပ်လို့ မရတော့ဘူး။ အလုပ်သမား တထောင်နဲ့ လည်ပတ်နေတဲ့ စက်ရုံကြီးတခုကို တစစီဖြုတ်ပြီး တယောက်ကို တထောင်ပုံ တပုံစီ ခွဲယူကြ လုပ်လို့မရဘူး။ ဒါက ကုန်ထုတ်ဖြစ်စဉ်၊ ကုန်လုပ်ပစ္စည်းတွေရဲ့ social character ကို ပြနေတာ။ ဒါ့ကြောင့် တဦးချင်း ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ပြန်အသက်သွင်းလို့ မရဘူး။

ဒါ့ကြောင့် မြေယာနဲ့ ကုန်လုပ်ပစ္စည်းတွေကို စုပေါင်းပိုင်ဆိုင်မှုနဲ့ စုပေါင်းထုတ်လုပ်ခြင်းပေါ် အခြေခံထားရမယ်။ ဒီအခြေခံပေါ်မှာ လူတဦးချင်းစီက သူတို့ဘဝ ရှင်သန်တည်မြဲရေး၊ သာယာပျော်ရွှင်ရေး လိုအပ်ချက် ပစ္စည်းတွေကို ပိုင်ဆိုင်ခွင့်ရမယ်။

ဘုံစနစ်ဆိုတော့ သူ့အိမ်၊ ကိုယ့်အိမ်မခွဲဘဲ ကြိုက်သလို တက်နေတာမျိုး ရှိမှာလားလို့ မစိုးရိမ်ပါနဲ့။ “but gives him individual property based on the acquisition of the capitalist era” လို့ ရှင်းအောင် ပြောပြီးသားပါ။

အန်းဂယ်(လ်စ်)ကလဲ “Anti-Duhring” စာအုပ်ထဲမှာ အခုလို ခွဲရှင်းထားပါသေးတယ် -

“Then the capitalist mode of appropriation, in which the product enslaves first the producer, and then the appropriator, is replaced by the mode of appropriation of the products that is based upon the nature of the modern means of production; upon the one hand, direct social appropriation, as means to the maintenance and extension of production—on the other, direct individual appropriation, as means of subsistence and of enjoyment.”

“ဒါ့အပြင် ထုတ်ကုန်က ကုန်ထုတ်သူတွေကို ပထမ ကျွန်ပြု၊ ဒီနောက် သိမ်းပိုက် ပိုင်ဆိုင်သူကို ဆက်ကျွန်ပြုတဲ့ အရင်းရှင် ပိုင်ဆိုင်မှု စနစ်ကို ခေတ်သစ် ကုန်ထုတ် ပစ္စည်းတွေရဲ့ သဘောသဘာဝပေါ် အခြေခံထားတဲ့ ပိုင်ဆိုင်မှု စနစ်နဲ့ အစားထိုးသွားမယ်။ ဒီပိုင်ဆိုင်မှု စနစ်အသစ်မှာ မျက်နှာစာနှစ်ဖက် ရှိမယ်၊ ကုန်ထုတ်လုပ်မှုကို ဆက်ထိန်းဖို့ နဲ့ တိုးချဲ့ဖို့ရာ ကုန်လုပ်ပစ္စည်းတွေကို လူ့အဖွဲ့အစည်းက တိုက်ရိုက် စုပေါင်း ပိုင်ဆိုင်မယ်၊ တခြားတဖက်မှာ - ဘဝရှင်သန် တည်မြဲရေးနဲ့ သုခခံစားရေး ပစ္စည်းတွေကို လူ့သမဂ္ဂဝင် တဦးချင်းစီက တိုက်ရိုက် ပိုင်ဆိုင်မှု ရှိမယ်။”

အခု အန်းဂယ်(လ်စ်) ပြောသွားတာ အင်မတန် ရှင်းပါတယ်။ အရင်းရှင် ပိုင်ဆိုင်မှု စနစ်နေရာမှာ ပိုင်ဆိုင်မှု စနစ်အသစ်နဲ့ အစားထိုးမယ်၊ အဲဒီ ပိုင်ဆိုင်မှု စနစ်အသစ်မှာ မျက်နှာစာနှစ်ခုရှိတယ်၊ means of production လို့ခေါ်တဲ့ ကုန်လုပ်ပစ္စည်းတွေကို direct social appropriation လုပ်ထားမယ် (လူ့အဖွဲ့အစည်းက တိုက်ရိုက် စုပေါင်းပိုင်ဆိုင်မယ်)။

ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖျက်သိမ်းရေးဆိုတာ အရင်းရှင်လူတန်းစားက ပုဂ္ဂလိက ပစ္စည်းအဖြစ် ပိုင်ဆိုင်ထားတဲ့ means of production ကို လူ့အဖွဲ့အစည်းပိုင် ပြောင်းရေးပဲ။ ထုတ်လုပ်ရေးနဲ့ဆိုင်တဲ့ စက်ရုံကြီးတွေ၊ ဘဏ်ကြီးတွေ၊ စက်ပစ္စည်းတွေ၊ ကုန်ကြမ်းတွေကို လူ့အဖွဲ့အစည်းက စုပေါင်းပိုင်ဆိုင်ရမယ်။

ဒါပေမယ့် လူတဦးချင်းစီ ဘဝရှင်သန် တည်မြဲရေးနဲ့ သုခခံစားရေးအတွက် လိုအပ်သော ပစ္စည်းတွေ (means of sub-

sistence and of enjoyment) ကို လူ့သမဂ္ဂဝင် တဦးချင်းစီက တိုက်ရိုက် ပိုင်ဆိုင်မှု ရှိမယ် (direct individual appropriation) လို့ ရှင်းရှင်းလင်းလင်း ဆိုထားတယ်။ ခင်ဗျားနေမယ့် အိမ်ကို ဘုံပိုင်ဆိုပြီး လူတကာ တက်နေခွင့် ရှိမှာ မဟုတ်ဘူး။ အဲသလိုပဲ၊ ခင်ဗျားကိုင်တဲ့ ဖုန်း၊ ကွန်ပြူတာ၊ ဂစ်တာ၊ စန္ဒယား၊ အစရှိတဲ့ means of enjoyment ကိုလဲ ခင်ဗျားကိုယ်တိုင်ပဲ ပိုင်ဆိုင်ခွင့် ရှိနေမှာဖြစ်တယ်။ ဘုံစနစ်ဆိုပြီး လူတကာက လုသုံးနေမှာ မဟုတ်ဘူး။ လုသုံးရတယ်ဆိုတာ အရင်းရှင် ပုဂ္ဂလိက ပိုင်ဆိုင်မှုအောက်မှာ ရှိနေတဲ့ scarcity ကြောင့်ပဲ။

အရင်းကျမ်း အတွဲ ၂၊ အခန်း ၂၀ Simple Reproduction အခန်းမှာလဲ မာ့(က်စ်)က အခုလို ခွဲပြောထားတယ်။

"The society's total product, and its total production process, breaks down into two great departments:

I. Means of production:

II. Means of consumption:"

လူ့အဖွဲ့အစည်းတခုလုံး သာယာဝပြောဖို့ social production ကို ဘယ်ခေတ်မဆို လုပ်နေရမှာပဲ။ ကုန်ထုတ်လုပ်ဖို့ လူ့လုပ်အား လိုတယ်။ လူ့လုပ်အားရှိရုံနဲ့ မရသေးဘူး။ ကုန်ကြမ်းလိုတယ်၊ ကုန်လုပ်ကိရိယာ စက်ယန္တယားတွေ လိုတယ်၊ စွမ်းအင်တွေ လိုတယ်။ ဒါတွေ အားလုံးကို ခြုံပြီး means of production ကုန်လုပ်ပစ္စည်းလို့ ခေါ်လိုက်တယ်။ အဲဒီအပိုင်းကို ဘယ်သူကမှ ပုဂ္ဂလိက ပစ္စည်းအဖြစ် ပိုင်ဆိုင်လို့ မရဘူး၊ လူ့အဖွဲ့အစည်းတခုလုံးအနေနဲ့ပဲ စုပေါင်းပိုင်ဆိုင်ရမယ်။

ဒါပေမယ့် ဒုတိယ department ကြီးထဲမှာရှိတဲ့ "means of consumption" ကို တဦးချင်းစီက individual property အနေနဲ့ ပိုင်ဆိုင်လိမ့်မယ်။ means of consumption ဆိုတာ စောစောက အန်းဂယ်(လ်စ်)ပြောတဲ့ means of subsistence and of enjoyment နဲ့ အတူတူပါပဲ။ အရင်းရှင်စနစ်အောက်မှာ အလုပ်သမားတွေ ကွန်ဒိုပိုင်ကြသလား၊ ကိုယ်ပိုင်လုံးချင်းတိုက် ပိုင်နိုင်သလား။ မပိုင်နိုင်ပါဘူး။ ချမ်းသာပါတယ်ဆိုတဲ့ ထိပ်သီးအရင်းရှင်နိုင်ငံကြီးတွေမှာတောင် ဘဏ်ကြွေးနဲ့ ကားဝယ်၊ တိုက်ဝယ်ပြီး တသက်လုံး ကုန်းရုန်းဆက်နေကြရတာ။ means of subsistence and of enjoyment ကို ကွန်မြူနစ်စနစ်မှာ လူတိုင်း ပိုင်ဆိုင်ခံစားခွင့်ရမှာ ဖြစ်တယ်။ ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖျက်သိမ်းရေးဆိုတာ အဲဒါတွေကို ပြောတာ မဟုတ်ဘူး။

ချုပ်လိုက်ရင် ကွန်မြူနစ်စနစ်မှာ

(1) social ownership of means of production

(2) individual ownership of means of consumption

ဒါ့ကြောင့် ရှိသမျှ အကုန် ဘုံပိုင်လုပ်ပစ်တယ်ဆိုတာ မှားပါတယ်။

ဒီတော့ ကွန်မြူနစ်စနစ်နဲ့ မိန်းမတွေကို ဘုံပိုင်လုပ်ပစ်ခြင်း ဘာမှမဆိုင်ဘူး ဆိုတာလဲ ရှင်းမယ်ထင်ပါတယ်။ တကယ်တော့ အရင်းရှင် လူ့အဖွဲ့အစည်းမှာသာ မိန်းမတွေကို ဘုံပိုင်လုပ်ထားတာ တွေ့ရလိမ့်မယ်။ အရင်းရှင်တွေဟာ သူတို့ရဲ့ မိန်းမကို သူတို့ရဲ့ ပုဂ္ဂလိက ပစ္စည်းလို့ပဲ သဘောထားကြတယ်။ သူတို့ရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုကို အမွေဆက်ခံဖို့ရာ သားသမီး မွေးထုတ်ပေးမယ့် instrument of labor လို့ပဲ သဘောထားကြသူတွေ။ ဒါ့ကြောင့်ပဲ "ကုန်လုပ်ပစ္စည်းတွေကို လူ့အဖွဲ့အစည်းပိုင် ပြောင်းပစ်"လို့ ဆိုတဲ့အခါ သူတို့နားထဲမှာ မိန်းမတွေကို ဘုံပိုင်လုပ်ပစ်လို့ ကြားနေကြတယ်။

အန်းဂယ်(လ်စ်)ရေးတဲ့ "ကွန်မြူနစ်ဝါဒ အခြေခံမူများ"မှာ အခုလို ဆိုထားတယ် -

"It (communist society) will transform the relations between the sexes into a purely private matter which concerns only the person's involved and into which society has no occasion to intervene."

ဘူဇွာ လူ့အဖွဲ့အစည်းမှာတော့ လူနှစ်ဦးကြားက ဆက်ဆံရေးကိစ္စကို နိုင်ငံတော်ကိုယ်တိုင်က ဖိနှိပ်ရေး ဥပဒေတွေ

အမျိုးမျိုးပြဌာန်းပြီး ကြားဝင်နှောင့်ယှက်နေတယ် မဟုတ်ပါလား။ သားသမီး ဘယ်နှယောက်ပဲ မွေးရမယ် ဆိုတဲ့ ကိစ္စကစလို့ ကိုယ်ဝန်ဖျက်ချခွင့်ကို ရာဇဝတ်မှုလုပ်ခြင်း အပါအဝင်။ ကွန်မြူနစ် လူ့အဖွဲ့အစည်းမှာတော့ ဒါဟာ သက်ဆိုင်သူတွေရဲ့ သီးသန့်ပုဂ္ဂလိက ကိစ္စသက်သက်ပဲ၊ လူ့အဖွဲ့အစည်းက ဝင်ပါခွင့် လုံးဝမရှိဘူး။

ဒီလို လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ အကြောင်း နှစ်ချက်ကိုလဲ အန်းဂယ်(လ်စ်)က ရှင်းပြခဲ့သေးတယ်။ (၁) ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်လိုက်လို့ (၂) ကလေးတွေကို ပြုစုပျိုးထောင်းရေး၊ ပညာသင်ကြားရေးကို လူ့အဖွဲ့အစည်းက တာဝန်ယူလိုက်လို့။

ပုဂ္ဂလိက ပိုင်ဆိုင်မှု ဖျက်သိမ်းရေးကိစ္စကို အထက်မှာ ဆွေးနွေးပြီးပြီ။ ဘူဇွာအိမ်ထောင်စုမှာ သားသမီးတွေ ပြုစုပျိုးထောင်ရေး၊ ပညာသင်ပေးရေးဟာ ပုဂ္ဂလိက ကိစ္စဖြစ်နေတယ်။ ဘူဇွာမိသားစုရဲ့ ပုဂ္ဂလိက ပိုင်ဆိုင်မှုတွေကို သူတို့သားသမီးတွေပဲ အမွေဆက်ခံခွင့်ရှိအောင် ဒီလို လုပ်ထားတာ။ ဘူဇွာပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဖျက်သိမ်းလိုက်ရင် inheritance right ဆိုတာလဲ မရှိတော့ဘူး။*

ဒါ့အပြင် အရင်းရှင်စနစ်မှာ သားသမီးတွေ ပညာသင်ကြားရေးကို မွေးထားတဲ့ မိဘကပဲ တာဝန်ယူရတယ်။ ဒီအခါ အလုပ်သမား၊ လယ်သမား မိသားစုက သားသမီးတွေဟာ ပညာရေးကို ဆုံးခန်းတိုင် မသင်ကြားနိုင်ကြဘူး။ မိဘတွေက ကြိတ်မှိတ်ထားကြရင်လဲ မနိုင်ဝန်ပိကုန်တယ်။ ယူအက်(စ်)လို ထိပ်သီးအရင်းရှင်နိုင်ငံမှာကို သာမန်အလုပ်သမား မိသားစုက သားသမီးတွေ တက္ကသိုလ်ပညာရေးကို မရကြဘူး။ student loan နဲ့ တက်ခဲ့ရင်လဲ တသက်လုံး ကုန်းဆပ်ပေတော့။

ပြန်ဆက်ရရင် အဲဒီအကြောင်းနှစ်ချက်ကြောင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုမှာ အခြေတည်နေတဲ့ မိန်းမက ယောကျ်ားအပေါ် မှီခိုနေရခြင်း၊ သားသမီးက မိဘအပေါ် မှီခိုနေရခြင်းဆိုတဲ့ အစဉ်အလာ အိမ်ထောင်ရေးရဲ့ အခြေခံနှစ်ရပ်ကို ဖယ်ရှားပစ်လိုက်တယ်။

ပိုက်ဆံရှိခြင်း၊ မရှိခြင်းကို ကြည့်ပြီး လက်ထပ်ပေါင်းသင်းတယ်ဆိုတာမျိုး မရှိတော့ဘဲ ကာယကံရှင်နှစ်ဦးကြား ချစ်ခင်စုံမက်မှုသက်သက်နဲ့ ပေါင်းဖက်ခြင်းလို့ အနှစ်သာရရှိရှိ ပြောနိုင်သွားမယ်။

မိန်းမတွေကို ဘုံပိုင်လုပ်တာ ကွန်မြူနစ်တွေ မဟုတ်ဘဲ၊ တကယ်တမ်း လက်တွေ့ကျင့်သုံးနေတာ ဘူဇွာ လူ့အဖွဲ့အစည်း ဖြစ်နေတယ်။ ပြည့်တန်ဆာ လုပ်ငန်းဆိုတာ မိန်းမတွေကို ပြောင်ကျကျ ဘုံပိုင်လုပ်ထားခြင်း မဟုတ်ပါလား။

ပြည့်တန်ဆာလုပ်ငန်းဆိုတာ private property မှာ အခြေခံထွက်ပေါ်လာခြင်း ဖြစ်တယ်။ ဒါ့ကြောင့် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်လိုက်တဲ့ ကွန်မြူနစ်စနစ်ဟာ မိန်းမတွေကို ဘုံပိုင်လုပ်ထားတဲ့ အခြေအနေကိုပါ ဖျက်သိမ်းပစ်တဲ့ စနစ်ပဲ။

ဒင်နူး

---

*[ဘာ့ကြောင့် ဘူဇွာကိုပဲ ပြောနေရသလဲလို့ ခပ်ကြောင်ကြောင် မေးလာရင် ပစ္စည်းမဲ့ အလုပ်သမား မိသားစုက သူ့သားသမီးကို အမွေပေးစရာ စည်းစိမ်ဥစ္စာ ဘာရှိသလဲ ပြန်မေးရလိမ့်မယ်။]

# THE STRUGGLE